ရောင်းမှ

The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

ဝမ်းမြောက်ခြင်းတရား

လူမိုက်တို့သည် စေးနဲ့ဝန်တို၍ သူတစ်ပါး၏အလှူ၌ ဝမ်းမြောက်ခြင်းမရှိကုန်။ ထို့ကြောင့် ဒုဂ္ဂတိဘဝသို့ ရောက်ရ၏။ ပညာရှိတို့ကား သူတစ်ပါး၏အလှူ၌ ဝမ်းမြောက်ခြင်းရှိကုန်၍ တမလွန်ဘဝ၌ ချမ်းသာရ၏။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစရိယ တရားလေးပါးတို့တွင် ဝမ်းမြောက်ခြင်းဟူသော တရားသည် ချမ်းသာခြင်းကို ဆောင်၏။ လောကဝဏ်(မွေပဒ-၁၇၇)

၁၃၇၈ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၇ ရက်၊ တနင်္ဂနွေနေ့။ Sunday, 23 October 2016 (စ၇၂၃)

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စီးပွားရေးပိတ်ဆို့မှုများ ပယ်ရှားလိုက်ပြီးဖြစ်၍ စီးပွားရေးလုပ်ငန်းရှင်ကြီးများအနေဖြင့် အခွင့်အရေးသစ်ကို အများအတွက်အသုံးပြုစေလိုဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စီးပွားရေးလုပ်ငန်းရှင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များအား မှာကြား

နေပြည်တော် အောက်တိုဘာ ၂၂

"ကျွန်မတို့ရဲ့ အောင်မြင်ခြင်းဟာ ကမ္ဘာ့ရဲ့အောင်မြင်ခြင်းပဲ၊ ပြည်သူ့ပြည်သားတွေရဲ့ အောင်မြင်ခြင်းဟာ ကမ္ဘာ့ပြည်သူ့ပြည်သားတွေရဲ့ အောင်မြင်ခြင်းပဲဆိုပြီးတော့ အဲဒီလို မိတ်ဆွေတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ၊ အဖွဲ့အစည်းတွေရှိနေလို့ ဒီအခွင့်အရေးကို မိမိရရဆုပ်ကိုင်ပြီးတော့ ဆက်ပြီးတော့ ချီတက်သွားရမှာဖြစ်ပါတယ်"ဟု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၂ ၌ ကျင်းပစဉ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ အဖွင့်အမှာစကားကို စာမျက်နှာ ၆၊ ၇ တွင် ဖော်ပြထားပါသည်။)

ထို့နောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်ဝင်းက ဆွေးနွေးပြောကြားသည်။ **(ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၏ ဆွေးနွေးပြောကြားချက်ကို စာမျက်နှာ ၁၀ တွင် ဖော်ပြထားပါသည်။)**

သံတမန်များအဖွဲ့နာယက မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး မစ္စတာ ရောဘတ်ချာက ယခုနှစ်ဧပြီလမှစတင်ပြီး အစိုးရသစ်သည် အဂတိ

- ❖ **နိုင်ငံရေးတိုးတက်မှုမရှိဘဲ၊ တည်ငြိမ်အေးချမ်းမှုမရှိဘဲနှင့် မည်သည့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမျိုးမှ ရေရှည်ခိုင်မြဲနိုင်မည်မဟုတ်**
- ❖ **ပြည်သူလူထု၏ ရပ်ပိုင်းဆိုင်ရာအခြေအနေ၊ စီးပွားရေးတိုးတက်မှု၊ လူမှုရေးဖွံ့ဖြိုးမှုနှင့်ဆိုင်သည့် အခြေအနေများ ခိုင်မာရန်လို**

လိုက်စားမှုတိုက်ဖျက်ရေးလုပ်ဆောင်ချက်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို လာရောက်ရန်အတွက် အားပေးရာရောက်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်ကို သုံးသပ်ခြင်းနှင့် ထုတ်ပြန်ခြင်းသည်လည်း မှန်ကန်သည့်လမ်းကြောင်းကို ရောက်ရှိရန်အတွက် အရေးပါသည့်အဆင့်တစ်ဆင့် ဖြစ်ပါကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က ဗဟိုဘဏ်၏ အဓိကအခန်းကဏ္ဍဖြစ်သည့် ငွေကြေးတည်ငြိမ်ရေး၊ ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေးနှင့် ထိရောက်သော ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှု စနစ်များ ခိုင်မာတိုးတက်ရေး အခြေအနေများကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

မြန်မာနိုင်ငံကုန်သည်ကြီးများနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်က မြန်မာနိုင်ငံတွင် တန်ဖိုးမြင့်ထုတ်ကုန်ထုတ်လုပ်မှု စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာစေရေးအတွက် ကုန်ထုတ်လုပ်မှုစရိတ်များ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် **စာမျက်နှာ ၃ ကော်လံ ၁ သို့**

ပြည်သူလူထုအားကို မြှင့်တင်

ယနေ့သည် မြန်မာနိုင်ငံအတွက် ထူးခြားသောနေ့တစ်နေ့ဖြစ်သည်။ ပြည်သူလူထုမျှော်လင့်ချက်များ၊ စောင့်မျှော်နေသည့်အချက်များအနက် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံစီးပွားရေးတို့နှင့်ပတ်သက်သည့် အချက်များကို ပွင့်ပွင့်လင်းလင်းကြားသိလိုက်ရသည်။

ပြည်သူလူထုယုံကြည်ကိုးစားသည့် လူထုအဓိုးရအား လူထု၏မျှော်လင့်ချက်မှာကြီးမားကြသည်။ ပြည်သူ့အစိုးရအနေဖြင့်လည်း ဒီမိုကရေစီနိုင်ငံသစ်ကို ပြုပြင်ပြောင်းလဲတည်ဆောက်ရာတွင် စိန်ခေါ်မှုများစွာရှိသည့်ကြားမှ တစ်ဆင့်ချင်းကျော်လွှားဆောင်ရွက်နေရသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ နိုင်ငံအတွက် ဦးစွာ အရေးတကြီးဆောင်ရွက်ရမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဖော်ဆောင်ခဲ့သည်ကိုမြင်တွေ့ရသည်။ သို့ဖြင့် စီးပွားရေးဘက်တွင် အားမလိုအားမရဖြစ်နေကြသူများလည်းရှိမည်မှာ မှန်သည်။

ယနေ့ နေပြည်တော်တွင် ကျင်းပပြုလုပ်သော စီးပွားရေးလုပ်ငန်းရှင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကပထမခြောက်လတွင် စီးပွားရေးဘက်၌ မြန်မြန်ဆန်ဆန်တိုးတက်မှု မရှိခဲ့ဘူးဆိုသည်ကို ခေါင်းဆောင်ဝီသစ္စာ ဝန်ခံထားပြီး မကြာသေးမီလပိုင်းက စီးပွားရေးနှင့်ပတ်သက်သည့် မူဝါဒ ၁၂ ချက် ချမှတ်ပေးခဲ့ရာတွင်လည်း ယေဘုယျဆန်လွန်းသည်ဟု ဝေဖန်သုံးသပ်မှုများအပေါ်တွင်လည်း ထုတ်ဖော်ရှင်းလင်းအသိပေးပြောကြားခဲ့သည်။

စင်စစ် နိုင်ငံရေးနှင့်စီးပွားရေးမှာ ဒွန်တွဲနေသဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရန်အတွက် ငြိမ်းချမ်းရေးကို ဦးစွာတည်ဆောက်ရသည်။ စီးပွားရေးအောင်မြင်ရန်အတွက် လုပ်ဆောင်ပေးနိုင်မည့် အဓိကအချက်မှာ တရားဥပဒေ စိုးမိုးရေးဖြစ်သည်။ တရားဥပဒေစိုးမိုးရေးရှိမှသာလျှင် နိုင်ငံအတွင်းရင်းနှီးမြှုပ်နှံမှုများ၌ အခက်အခဲရှိနိုင်မည် မဟုတ်ချေ။ တရားဥပဒေစိုးမိုးရေးကောင်းလျှင် ရင်းနှီးမြှုပ်နှံသူများ စိတ်ချလက်ချလုပ်ကိုင်နိုင်သည်။

ပြည်တွင်း၌ ငွေပင်ငွေရင်းနည်းသဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရသည်။ အရပ်သားအစိုးရလက်ထက်တွင် ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ရက်ပေါင်း ၆၀ ကျော်ကြာမှ ဖွဲ့စည်းခဲ့ရာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၀၀ ကျော် စောင့်ဆိုင်းရင်းဖြင့် အချိန်ကုန်ခဲ့သည်ဟုဆိုနိုင်သည်။ ယခုစီးပွားရေးပိတ်ဆို့မှုများကို ရပ်သိမ်းလိုက်ပြီဖြစ်သလို ရင်းနှီးမြှုပ်နှံမှုဥပဒေကိုလည်း အတည်ပြုပြဋ္ဌာန်းလိုက်ပြီဖြစ်သည်။

အရေးယူပိတ်ဆို့မှုများရုပ်သိမ်းခြင်း၊ ရင်းနှီးမြှုပ်နှံမှုဥပဒေများပေါ်ထွက်လာခြင်းသည် စီးပွားရေးအတွက် လမ်းစပွင့်လာခြင်းမျှသာဖြစ်သည်။ မြန်မာတို့၏ကုန်ထုတ်လုပ်မှုစွမ်းအားများ တိုးတက်လာမှသာ မြန်မာတို့၏ထုတ်ကုန်ပစ္စည်းများ ဈေးနှုန်းသာမက အရည်အသွေးပါ ပြည်ပကုန်ပစ္စည်းများနှင့် ယှဉ်နိုင်မည်ဖြစ်ပြီး လူတစ်ဦးချင်းဝင်ငွေလည်း တိုးတက်မြင့်မားလာမည်ဖြစ်သည်။

ယင်းနှင့်ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးအကြီးဆုံးအချက်မှာ ပြည်သူပြည်သားများ၏ အရည်အချင်းတန်ဖိုးကို မြှင့်တင်ရေးပင်ဟုဆိုထားသည်။ ယင်းကိုအခြေခံမှသာ ရေရှည်တည်တံ့ခိုင်မြဲမည့် ဖွံ့ဖြိုးတိုးတက်သော စီးပွားရေးစနစ်တစ်ခုကို ထူထောင်နိုင်မည်ဖြစ်သည်။ ပြည်သူပြည်သားများ၏ မြင့်မားသည့် စွမ်းဆောင်ရည်များသာလျှင် အဓိကအားကိုးရာဟုဆိုလိုခြင်းဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံအနေဖြင့် ကံကောင်းပြီဟုဆိုရမည်။ မြန်မာနိုင်ငံအား ကူညီလိုသော မိတ်ဆွေနိုင်ငံများ၊ အဖွဲ့အစည်းများပေါ်ပေါက်နေပြီဖြစ်သည်။ မိတ်ဆွေနိုင်ငံများက မြန်မာနိုင်ငံအား တိုးတက်စေချင်ကြသည်။ မြန်မာနိုင်ငံတိုးတက်မှုသည် ကမ္ဘာ့နိုင်ငံများအတွက် အောင်မြင်မှုပင်ဖြစ်သည်။ မြန်မာနိုင်ငံ၏အောင်မြင်မှုသည် ပြည်သူပြည်သားများ၏ အောင်မြင်မှုပင်ဖြစ်သည်။

ယခု ပေါ်ထွက်လာသော အခွင့်အလမ်း ကောင်းများကို အမိအရဆုပ်ကိုင်ပြီး မြန်မာနိုင်ငံသူ နိုင်ငံသားများ ကြိုးပမ်းအားထုတ်ကြရမည်ဖြစ် သည်။ ဤနေရာတွင် ပြည်သူပြည်သားများအား အရည်အသွေးမြင့်မားသူများဖြစ်လာရေးအတွက် ဦးဆောင်လမ်းပြ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ကြခြင်းဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားအောင် ပိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းပါသည်။ ။

MANDALAY CUSTOM BIKE

မော်တော်ဆိုင်ကယ်ပြပွဲ မန္တလေးမြို့၌ပြုလုပ်

မန္တလေး အောက်တိုဘာ ၂၂

MANDALAY CUSTOM BIKE မော်တော်ဆိုင်ကယ်ပြပွဲကို အောက်တိုဘာ ၂၁ရက် ညနေ၄နာရီမှ ည ၁၀နာရီအထိ မန္တလေးမြို့ချမ်းအေးသာစံမြို့နယ် (၂၆)လမ်း၊ (၅၇)လမ်းနှင့် (၅၈)လမ်းကြားရှိ BEST OF THE BEST (BOB) ကွင်းတွင် ပြုလုပ်ခဲ့သည်။

မော်တော်ဆိုင်ကယ် ပြပွဲတွင် ဆိုင်ကယ်ချစ်သူများက မော်တော်ဆိုင်ကယ်ခေတ်ဦး စက်ဘီးဆိုင်ကယ်များ၊ အင်္ဂလန်နိုင်ငံလုပ် BSA ဆိုင်ကယ်များ၊ ဂျာမနီနိုင်ငံထုတ် ဂျားဝါးဆိုင်ကယ်များ၊ MZဆိုင်ကယ်များ၊ ဟွန်ဒါခေတ်ဦး ဂျပန်ဆိုင်ကယ်များ၊ အမျိုးသားစီး လူငယ်ကြိုက် ကာဝါဆာကီ ဆိုင်ကယ်များ၊ အမေရိကန် ဆိုင်ကယ်များ၊ ဟာရီဆိုင်ကယ်များ၊ အိန္ဒိယ၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့မှ နောက်ဆုံးဝင်ရောက်လာသည့် အမျိုးသားစီးဆိုင်ကယ်များ၊

ဆိုင်ကယ်စီးဦးထုပ်၊ ဆိုင်ကယ်စီး စက်ချောဆီများ ပြသရောင်းချရာ ရောက် ကြည့်ရှုလေ့လာကြကြောင်း အက်ဗီများ၊ ဆိုင်ကယ်အပိုပစ္စည်းများ၊ မော်တော်ဆိုင်ကယ်ချစ်သူများလာ သိရသည်။ **သီဟကိုကို(မန္တလေး)**

ကလေးအလုပ်သမားခိုင်းစေမှု ပယောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ရေးဆွဲနိုင်ရေး အလုပ်ရုံဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၂၂

နေပြည်တော် ရွှေပြည်တော်ဟိုတယ်၌ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အိုင်အယ်(လ)အို(မြန်မာ)တို့ ပူးပေါင်း၍ ကလေးအလုပ်သမားခိုင်းစေမှု ပယောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် (National Action Plan)ရေးဆွဲနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉ နာရီတွင် ကျင်းပသည်။ ဆွေးနွေးပွဲသို့ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်၊ ညွှန်ကြားရေးမှူး ဦးတင်ကိုကိုနိုင်၊ ကလေးအလုပ်သမားဆိုင်ရာ နည်းပညာရပ်လုပ်ငန်းအဖွဲ့မှ အဖွဲ့ဝင်များ၊ သက်ဆိုင်ရာမိတ်ဖက်ဌာန အဖွဲ့အစည်းများ၊ အလုပ်ရှင်၊ အလုပ်သမား ကိုယ်စားလှယ်များ၊ အိုင်အယ်(လ)အို၊ ကလေးအလုပ်သမား ပယောက်ရေးစီမံကိန်း၊ နည်းပညာရပ် အကြံပေးအရာရှိချုပ် Mr.Selim Benaissa တို့ တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲတွင် အမျိုးသားအဆင့်လုပ်ငန်းစီမံချက် (National Action Plan) မူကြမ်းရေးဆွဲရေးကော်မတီဖွဲ့စည်း၍ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များနှင့် စပ်လျဉ်းပြီး အကြံပြုထောက်ခံဆွေးနွေးခဲ့ကြောင်း၊ ကလေးအလုပ်သမားခိုင်းစေမှု ပယောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် (National Action Plan) မူကြမ်းရေးဆွဲနိုင်ရန် အလုပ်ရုံဆွေးနွေးပွဲများကို အထက်မြန်မာပြည်အတွက် မန္တလေးမြို့တွင် လည်းကောင်း၊ အောက်မြန်မာပြည်တွင် ရန်ကုန်မြို့တွင်လည်းကောင်း ဆက်လက်ကျင်းပသွားရန်ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ဇီဝိတဒါနအခမဲ့ဆေးခန်းဖွင့်၍ ဆေးဝါးကုသပေး

ညောင်လေးပင် အောက်တိုဘာ ၂၂

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ညောင်လေးပင်မြို့နယ် မဒေါက်မြို့ မြို့မ(၂)ရပ်ကွက်ရှိ မဒေါက်ဒေသလူမှုကူညီရေးအသင်းရုံး၌ အောက်တိုဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီမှစတင်ကာ ဇီဝိတဒါနအခမဲ့ဆေးခန်းဖွင့်၍ ဒေသခံပြည်သူများအား လူမျိုးဘာသာအသက်အရွယ်မခွဲခြားဘဲ ဆေးဝါးကုသပေးလျက်ရှိရာ မဒေါက်မြို့ပေါ်နှင့် မဒေါက်ဒေသနေ ဒေသခံပြည်သူ ၈၁ ဦး လာရောက်ကုသမှုခံယူကြကြောင်း သိရသည်။

ထိုသို့ကုသပေးရာတွင် ဒေါက်တာခင်ယမင်းစု၊ မဒေါက်မြို့ တိုက်နယ်ကျန်းမာရေးဌာနမှ ဒေါက်တာခင်မာလွင်၊ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ချိုချိုင်း၊ ကျန်းမာရေးဝန်ထမ်းများ၊ သူနာပြုသင်တန်းပထမနှစ် ကျောင်းသူလေးများနှင့် လူမှုကူညီရေးအသင်းမှတာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အာဟာရဒါနအလျှုရှင်များအနေဖြင့် ကြိုတင်စာရင်းပေး၍ ဆေးကုသချိန်တွင် ကိုယ်တိုင်လျှုဒါန်းနိုင်ကာ ဇီဝိတဒါနအခမဲ့ဆေးခန်းအား နှစ်ပတ်လျှင် တစ်ကြိမ်ကြာသပတေးနေ့တိုင်း ဖွင့်လှစ်ကုသပေးလျက်ရှိကြောင်း သိရသည်။ **(မြို့နယ်မြန်/ဆက်)**

ဇီကာပိုင်းရပ်စ်အကြောင်း အသိပညာပေး

မချမ်းဘော အောက်တိုဘာ ၂၂

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့တွင် ဇီကာပိုင်းရပ်စ်ရောဂါကြိုတင်ကာကွယ်ရေးနှင့် ပိုင်းရပ်စ်ပိုးကူးစက်ပျံ့နှံ့မှု မရှိစေရေးအတွက် ဇီကာပိုင်းရပ်စ်ရောဂါအကြောင်း အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၁ရက် နံနက် ၁၀ နာရီက မချမ်းဘောမြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝေဖြိုးဇော်က ဇီကာပိုင်းရပ်စ်ရောဂါ ဆိုးကျိုးများအကြောင်း အကျယ်တဝင့် အသိပညာပေးဟောပြောသည်။ **(မြို့နယ်မြန်/ဆက်)**

ရောင်လုံး
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလဲ့

ပုံနှိပ်မြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

The Mirror Established at 1911
၁၉၁၁ခုနှစ်၊ ဝန် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၅၊ ၀၆၇-၃၆၁၃၀၀၊ ဖက်စ် ၀၆၇-၃၆၁၃၃၀
ရန်ကုန်မုံရိပ်ခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ ဈေးရောင်း ၀၁-၂၉၂၈၃၀၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၂၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၅

ပြည်တွင်းရေးရာ

✪ ရှေ့ဖုံးမှ

လျှပ်စစ်ဓာတ်အားလုံ့လောက်စွာရရှိရေး၊ ထုတ်လုပ်ဖြန့်ဖြူးရေးနှင့် သယ်ယူပို့ဆောင်ရေးစရိတ်များ၊ ထောက်ပံ့ပို့ဆောင်ရေးစရိတ်များ လျှော့ချရေးနှင့် မြန်မာနိုင်ငံအတွင်း ကုန်စည်သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုစရိတ်များ လျှော့ချရေးအတွက် ဆောလျင်စွာဆောင်ရွက်သွားရန် လိုအပ်လျက်ရှိပါကြောင်း။

ပြည်တွင်းတန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်သော စက်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် နိုင်ငံတွင်း ရင်းနှီးမြှုပ်နှံထုတ်လုပ်တင်ပို့သူများနှင့် သွင်းကုန်တင်သွင်းသူများ ဟန်ချက်ညီသော ရင်းနှီးလုပ်ကိုင်ဆောင်ရွက်ခွင့် နယ်ပယ်ရရှိရန်လိုအပ်ပြီး မလိုလားအပ်သော ဝန်ထုပ်ဝန်ပိုးဖြစ်စေသည့် လုပ်ထုံးလုပ်နည်းများ၊ မှတ်ပုံတင်ခြင်းဆိုင်ရာ ကုန်ကျစရိတ်များနှင့် လာဘ်ပေးလာဘ်ယူမှုများဖြစ်ပေါ်စေနိုင်သည့် အနေအထား အခင်းအကျင်းများကို လျှော့ချရမည်ဖြစ်ပါကြောင်း၊ အထောက်အကူလိုအပ်သည့် အပိုင်းများကိုလည်း နိုင်ငံတော်ဘက်မှ အားပေးအထောက်အကူပြုရေး အစီအစဉ်များကို ဆောလျင်စွာ ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါကြောင်း။

ပူးပေါင်းညှိနှိုင်းဖော်ဆောင်ရမည်

စိုက်ပျိုးသီးနှံနှင့်သားငါးထုတ်လုပ်မှုလုပ်ငန်းများအတွက် အကျိုးတူပူးပေါင်းထုတ်လုပ်မှုမနှစ် စနစ်တကျပေါ်ပေါက်လာရေး လိုအပ်သည့်ကိစ္စရပ်များကို ပြဋ္ဌာန်းရေးဆွဲ အကောင်အထည်ဖော်နိုင်ရေးအတွက် အထူးလုပ်ငန်းအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းဆောင်ရွက်သင့်ပါကြောင်း၊ စားသုံးသူဆန္ဒနှုန်းကိန်း (CPI) နှင့် ငွေကြေးဖောင်းပွမှုတို့ကြောင့် အရေးကြီးစားသုံးသီးနှံ၊ မဖြစ်မနေလိုအပ်သော အခြေခံလူသုံးပစ္စည်းများနှင့် ဆေးဝါးစျေးနှုန်းများမြင့်မားခြင်းနှင့် မတည်မငြိမ်ဖြစ်မှုများကို မှန်ကန်သောစနစ်များချမှတ်၍ ထိန်းညှိဆောင်ရွက်သွားရန် လိုအပ်လျက်ရှိပါကြောင်း။

နိုင်ငံတကာသုံးငွေကြေးများ လဲလှယ်ရာတွင် တန်ဖိုးကျဆင်းနေခြင်းနှင့် မတည်မငြိမ် ဖြစ်နေခြင်းများသည် ရင်းနှီးမြှုပ်နှံသူများ၊ ထုတ်လုပ်သူများ၊ ကုန်သွယ်မှုပြုသူများနှင့် စားသုံးသူများအတွက် မလိုလားအပ်သောကိစ္စတစ်ရပ်ဖြစ်ပါကြောင်း၊ စက်မှုစိုက်ပျိုးရေး၊ စက်မှုကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍနှစ်ရပ်စလုံးတွင် ကျွမ်းကျင်လုပ်သားနှင့် သာမန်လုပ်သားများ မလုံလောက်မှု၊ လုပ်ခလစာမြင့်တက်လာမှုတို့ကို ဖြေရှင်းရန်အတွက် အရေးတကြီးလိုအပ်နေသဖြင့် အစိုးရကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းညှိနှိုင်းဖော်ဆောင်ရမည်ဖြစ်ပါကြောင်း။

စိုက်ပျိုးရေး၊ စက်မှုထုတ်လုပ်ရေးနှင့် ဝန်ဆောင်မှုကဏ္ဍများအတွက် စွမ်းဆောင်နိုင်မှုနှင့် စီးပွားရေးမောင်းနှင်အားများဖြစ်သော အသေးစားနှင့် အလတ်စားလုပ်ငန်းရှင်များ ပေါ်ထွန်းလာရန် အလွန်အရေးကြီးသဖြင့် ဤကဏ္ဍတွင်ပါဝင်ကြသော (Micro Small & Medium Enterprise – MSME)များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစားနှင့် အလတ်စားဖွံ့ဖြိုးရေးဥပဒေပြဋ္ဌာန်းခဲ့ပြီးဖြစ်သော်လည်း လုပ်ထုံးလုပ်နည်းနှင့် နည်းဥပဒေများ ဆောလျင်စွာပြဋ္ဌာန်း၍ နိုင်ငံတော်အနေဖြင့် ဘက်စုံမှ ဖြည့်ဆည်းအားပေး ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

မူဝါဒဆိုင်ရာများ

စီးပွားရေးလုပ်ငန်းကဏ္ဍအလိုက် ဖြည့်ဆည်းပေးရန် လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်များ၊ ဥပဒေများနှင့်စပ်လျဉ်းသည့်ကိစ္စများကို ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ရန်အတွက် နိုင်ငံတော်နှင့် ပုဂ္ဂလိကကဏ္ဍတို့ စဉ်ဆက်မပြတ် ညှိနှိုင်းဆွေးနွေး၍ အဖြေရှာ ပူးပေါင်းဆောင်ရွက်ရန် အလွန်အရေးကြီးပါကြောင်း၊ နိုင်ငံတော်အနေဖြင့် လုပ်ငန်းနယ်ပယ်တွင် လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်မည့် မူဝါဒများချမှတ်နိုင်ရန်နှင့် အမှန်တကယ်ဖြစ်ပေါ်လျက်ရှိသော လုပ်ငန်းရှင်များ၏ အခက်အခဲများနှင့် ဖြည့်ဆည်းပေးရမည့်ကိစ္စရပ်များကို သေချာစွာသိရှိပြီး လက်ရှိအခြေအနေများနှင့် လိုက်လျောညီထွေဖြစ်သည့် စီးပွားရေးလုပ်ငန်းများ တိုးတက်ရေးအတွက် လက်တွေ့အကောင်အထည်ဖော်နိုင်မည့်မူဝါဒများ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့် လိုအပ်ပါက ဥပဒေများကိုပင် ပြန်လည်သုံးသပ်ပြင်ဆင်ပြဋ္ဌာန်း၍ အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဖြည့်ဆည်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌ ဦးခင်မောင်အေးက မြန်မာနိုင်ငံ စီးပွားရေး ဦးမော့လာစေရန်အတွက် ကုန်သွယ်ရေးဆိုင်ရာမူဝါဒ၊ ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာမူဝါဒ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးမူဝါဒဆိုင်ရာများကို အကျယ်တဝင့် ပြောကြားသည်။

ကမ္ဘောဇဘဏ်လီမိတက်အမှုဆောင် ဒါရိုက်တာ ဒေါ်နန်းလိုင်းခမ်းက ခေတ်သစ် နိုင်ငံတော်ထူထောင်သည့်နေရာတွင် အခွန်ထမ်းပြည်သူများအနေဖြင့် နိုင်ငံတော်အတွက် အခွန်ကို တိတိကျကျထမ်းဆောင်သွားကြရန် လိုအပ်သကဲ့သို့ တစ်နိုင်ငံလုံးတွင်ရှိသည့် အခွန်ဦးစီးဌာနလက်အောက်ရှိ ဝန်ထမ်းများ အနေဖြင့်လည်း အခွန်ကောက်ခံသည့်နေရာတွင် ပုံစံမတူနည်းမျိုးစုံကွဲလွဲစွာ ကောက်ခံနေခြင်းမျိုး မဖြစ်သင့်ပါကြောင်း၊ ဥပဒေနှင့်အညီ ဘက်လိုက်မှုမရှိဘဲ မျှမျှတတ၊ မှန်မှန်ကန်ကန် အဂတိကင်းရှင်းစွာ ဆောင်ရွက်သွားရန် အထူးလိုအပ်ပါကြောင်း၊ ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် ခေတ်သစ်နိုင်ငံတော်ကြီး ထူထောင်နိုင်ရန်အတွက် အခွန်ကောက်ခံသည့် ဝန်ထမ်းများနှင့် အခွန်ထမ်းပြည်သူများ အတူတကွ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ရည်မှန်းချက်များ

ဆက်လက်၍ ဩစတြေးလျှသံရုံးမှ CPG Facilitator Counsellor ဖြစ်သူ မစ္စတာ နစ်ကမ်ပ်စတွန် နိုင်ငံအသီးသီးနှင့် နိုင်ငံတကာအဖွဲ့အစည်းများပါဝင်သည့် ပူးပေါင်းဆောင်ရွက်မှုမိတ်ဖက်များ အဖွဲ့အစည်းသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များကို ရရှိရန်အတွက် တိုးတက်မှုများကို ကူညီထောက်ပံ့ရန်၊ လူ့အခွင့်အရေးကို ကာကွယ်ရန်၊ ဆင်းရဲနွမ်းပါးမှုနှင့် တရားမျှတမှုမရှိခြင်းတို့ကို ကိုင်တွယ်ရန်၊ လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံအား အကူအညီများ ပေးလျက်ရှိကြောင်း။

စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန် အစိုးရအနေဖြင့် ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုမိတ်ဖက်များ စသည့်ကဏ္ဍများတွင် အာရုံစိုက်ဆောင်ရွက်ရန်မှာ အရေးကြီးကြောင်း၊

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စီးပွားရေးလုပ်ငန်းရှင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကုမ္ပဏီများနှင့် အချိန်ယူ တိုင်ပင်ဆွေးနွေးပြီး တည်ဆဲဥပဒေများနှင့် ညီညွတ်ပြီး ရည်ရွယ်ချက်နှင့်ကိုက်ညီသော ဥပဒေအသစ်များကို ပြဋ္ဌာန်းရန်လိုအပ်ကြောင်း၊ one-stop-shops၊ အလိုအလျောက် စက်များစသည့် နည်းပညာအသုံးပြုမှုများ၊ လိုင်စင်များနှင့် ခွင့်ပြုစာရွက်စာတမ်းများနည်းပါးအောင် လျှော့ချခြင်း၊ နိုင်ငံတကာအဆင့်မီ အခွန်စနစ်၊ လွယ်ကူရှင်းလင်းသော သွင်းကုန်/ပို့ကုန်စည်းမျဉ်းများ၊ ပွင့်လင်းမြင်သာမှုရှိသော စီးပွားရေးလုပ်ငန်း(သို့) ရင်းနှီးမြှုပ်နှံမှုတစ်ခုကိုစတင်ရန် တွက်ခြေကိုက်သော နည်းလမ်းများ၊ အခွန်ကိစ္စရပ်များနှင့် အလုပ်အကိုင်များ စသည်တို့ကို အားပေးနိုင်သော မူဝါဒများလိုအပ်သည်ကို အထောက်အထားများက ပြသလျက်ရှိကြောင်း၊ ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်များအဖွဲ့အနေဖြင့် ယင်းမူဝါဒများကို တရားဥပဒေနှင့်အညီ ပံ့ပိုးရန် အသင့်ရှိနေကြောင်း၊ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နေသောအစိုးရနှင့် ခိုင်မာသော ညှိနှိုင်းဆောင်ရွက်မှုတစ်ခုကို ဖန်တီးခြင်းဖြင့် အလားအလာကောင်းသော အကျိုးကျေးဇူး များစွာရရှိမည်ဟု ခံယူထားကြောင်း။

အသေးစားဘဏ္ဍာရေး အဖွဲ့အစည်း

စီးပွားရေးလုပ်ငန်း၏ ကဏ္ဍတိုင်းတွင် လူ၊ ငွေကြေး၊ အခြေခံအဆောက်အအုံ စသည်တို့သည် အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ အရည်အသွေးပြည့်မီသော ပညာအရည်အချင်း၊ လုပ်ငန်းနှင့်သင့်တော်သော နည်းပညာ၊ အသက်မွေးမှုသင်တန်းစသည်တို့ ပါဝင်သော ကျွမ်းကျင်လုပ်အားများမှာ အဓိကကျကြောင်း၊ ကောင်းမွန်သော လုပ်အားကို ထုတ်လုပ်ပေးနိုင်ရန်အတွက် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပြည်တွင်းနှင့် နိုင်ငံခြားဘဏ်များအနေဖြင့်လည်း အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ချေးငွေများ ကူညီရန်လိုအပ်လျက်ရှိပြီး အသေးစားနှုန်းထားဖြင့် ချေးငှားသူများ၏အကျိုးကို ဆောင်ရွက်ပေးမည့် ထိရောက်မှုရှိသော အသေးစားဘဏ္ဍာရေး အဖွဲ့အစည်းလည်း လိုအပ်ကြောင်း။

တစ်ချိန်တည်းမှာပင် ချေးငှားသူများအနေဖြင့် ကြွေးမြီကင်းရှင်းပြီး တာဝန်သိသိ ပြန်လည်ပေးဆပ်နိုင်ရန် သေချာစွာစီစဉ်ကြီးကြပ်ရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပြီးခဲ့သောနှစ်အနည်းငယ်အတွင်း မက်ကရိုစီးပွားရေးစနစ်ကို တွေ့ကြုံခဲ့ပြီးဖြစ်ကြောင်း၊ ပထမဦးစွာအနေဖြင့် ဗဟိုဘဏ်၏ ခန့်မှန်းခြေရည်မှန်းငွေစာရင်း လိုငွေပြမှုကို ဖြည်းဖြည်းချင်း ဖယ်ရှားခြင်း၊ ဒုတိယအနေဖြင့် အထိခိုက်မခံသော ငွေကြေးလဲလှယ်မှုကို ပြည်ပယှဉ်ပြိုင်မှုဖြင့် ထိန်းသိမ်းခြင်း၊ တတိယအနေဖြင့် ဘဏ္ဍာရေးကဏ္ဍ တည်ငြိမ်မှုကို အကာအကွယ်ပေးရန် စည်းမျဉ်းများ အကောင်အထည်ဖော်ဆောင်ခြင်းနှင့် ငွေကြေးမူဝါဒခိုင်မာစေရန်နှင့် ၎င်းအတွက် သီးသန့်ကော်မတီတစ်ခုဖွဲ့စည်းရန် လိုအပ်ကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို လမ်းဖွင့်လိုက်သည့်အခါ ပိုမိုအကြမ်းခံနိုင်သော စီးပွားရေးဖြစ်လာရန် လိုအပ်ကြောင်း၊ နိုင်ငံတော်ဘဏ္ဍာငွေဆုံးရှုံးမှုမဖြစ်ပေါ်စေရန် နိုင်ငံစီးပွားရေးလုပ်ငန်းများအတွက် ဘဏ္ဍာရေးဆိုင်ရာ မူဘောင်ခိုင်မာစေရန်နှင့် အခွန်စုဆောင်းမှုများ တိုးမြှင့်ခြင်းဖြင့် အကြမ်းခံနိုင်သောစီးပွားရေး တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

ပြည်တွင်းစီးပွားရေးလုပ်ငန်းများကဲ့သို့ အကျိုးဖြစ်ထွန်းစေသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကိုလည်း စိတ်ဝင်တစားရှိရမည်ဖြစ်ပြီး နိုင်ငံခြားကုမ္ပဏီများ အနေဖြင့် ဒေသတွင်း ဆက်သွယ်မှုများကို ဖန်တီးရန် လိုအပ်ကြောင်း။

ကူညီဆောင်ရွက်ရန် လိုအပ်

အမျိုးသမီးထု၏ ၅၀ ရာခိုင်နှုန်းခန့်သာ စီးပွားရေးဘက်တွင် နိုးကြားတက်ကြွကြပြီး လူငယ်အလုပ်လက်မဲ့နှုန်းမှာ လူဦးရေ၏ သုံးဆခန့်ရှိပါကြောင်း၊ ထို့ကြောင့် အမျိုးသမီးများနှင့် လူငယ်များအနေဖြင့် စီးပွားရေးလုပ်ငန်းများ ထူထောင်ခြင်းနှင့် လုပ်ငန်းအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးတွင် တက်ကြွသောအခန်းကဏ္ဍမှ ကူညီဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်နေသော ကုမ္ပဏီများအနေဖြင့် နိုင်ငံသားများ၊ ၎င်းတို့၏ ပိုင်ရှင်များနှင့် အလုပ်သမားများ၊ သဘာဝပတ်ဝန်းကျင်နှင့် အစိုးရနှင့် သက်ဆိုင်သောကိစ္စများအတွက် တာဝန်ရှိပါကြောင်း။

အဓိပ္ပာယ်မှာ ပိုင်ရှင်များနှင့် ရှယ်ယာရှင်များအတွက်မှာမူ ယင်း၏ အဓိပ္ပာယ်မှာ ခိုင်မာစွာ ပေါင်းထားသော အုပ်ချုပ်ရေးစနစ်ကို ဆိုလိုပါကြောင်း၊ လုပ်သားများအတွက်မူ ယင်း၏ အဓိပ္ပာယ်မှာ သင့်တော်သောလုပ်ခလစာအားကျား/မတန်းတူ ပေးအပ်ခြင်း၊ သာယာပျော်ရွှင်သော လုပ်ငန်းခွင်အခြေအနေများ ဖန်တီးပေးခြင်းနှင့် စက်မှုလုပ်ငန်းများအတွက် ပိုမိုကောင်းမွန်သောဝေလေ့များ အားမြှင့်တင်ပေးခြင်းဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအတွက်မှာမူ ၎င်း၏အဓိပ္ပာယ်မှာ တိုင်းပြည်၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပျော့ကွက်များ အား အလေးထားပြီး ညစ်ညမ်းမှုဆိုင်ရာ စည်းမျဉ်းဥပဒေများအား အလေးထားလိုက်နာဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အစိုးရအတွက်မူ ယင်း၏အဓိပ္ပာယ်မှာ ဥပဒေအား လေးစားလိုက်နာပြီး ပေးဆောင်ရန်ရှိသည့် အခွန်ပမာဏအား မှန်မှန်ကန်ကန်ပေးဆောင်သည့် နိုင်ငံသားကောင်းများနှင့် ယင်း၏ အမှုအကျင့်များအား ပြင်ပစီးပွားရေးလုပ်ငန်းများ၊ ပွင့်လင်းမြင်သာသော လုပ်ဆောင်မှုများနှင့် ပွင့်လင်းမြင်သာသော မြန်မာနိုင်ငံစက်မှုလုပ်ငန်းများဆိုင်ရာ နှစ်ပတ်လည် မှတ်တမ်းတို့အား ကြိုဆိုကြောင်း၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးစနစ်တို့ အနေဖြင့် နိုင်ငံသားများအား ကာကွယ်ရန်လိုအပ်ပြီး ကုမ္ပဏီများနှင့်အခွန်ငွေများအား မြှင့်တင်ရန်လိုအပ်ကာ ၎င်းတို့အား ပွင့်လင်းမြင်သာပြီး တာဝန်ခံသော နည်းလမ်းဖြင့် အသုံးပြုရန် လိုအပ်ကြောင်း၊ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲရေးမြှင့်တင်မှုအား ပူးပေါင်းပါဝင်သော မိတ်ဆွေအဖွဲ့အစည်းများ၏ အကူအညီဖြင့် ဆက်လက်မြှင့်တင်သင့်ကြောင်း၊ ကျွန်ုပ်တို့အနေဖြင့် အဂတိလိုက်စားမှုဆိုင်ရာ အစိုးရ၏ရပ်တည်ချက်အား ခိုင်မာစွာထောက်ခံပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာဥပဒေအား ကုလသမဂ္ဂအထွေထွေညီလာခံ၏ ပြဋ္ဌာန်းချက်များ အတိုင်းဆောင်ရွက်နိုင်ခြင်းကို ကြိုဆိုပါကြောင်း ပြောကြားသည်။

နိုင်ငံခြားကုမ္ပဏီများကို ဆက်လက်ပံ့ပိုးပေး

ဆူမီတိုမို မစ်ဆူအီဘဏ်မှ အထွေထွေမန်နေဂျာနှင့် နိုင်ငံခြားဘဏ်များ ကိုယ်စားလှယ် မစ္စတာ နိုဘုယစု အချိုဂိက မြန်မာနိုင်ငံ၌ နိုင်ငံခြားကုမ္ပဏီများ၏စီးပွားရေးလုပ်ငန်းတိုးချဲ့မှုနှင့် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတို့မှသည် ဒေသတွင်းအလုပ်အကိုင်များ ဖန်တီးပေးနိုင်မည်ဖြစ်ပြီး ဒေသခံအလုပ်သမားများအတွက် အခွင့်အလမ်းများ ပိုမိုထောက်ပံ့ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေသစ်တစ်ရပ်စတင်မိတ်ဆက်ပေးမှု၊ သီလဝါအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်မှုနှင့် OFAC ၏ အရေးယူပိတ်ဆို့မှု ဖြေလျှော့ပေးမှုတို့ကြောင့် မြန်မာနိုင်ငံအတွင်းသို့ ပိုမိုကျယ်ပြန့်သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ရရှိလာမည်ဖြစ်ပါကြောင်း၊ နိုင်ငံခြားကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံရှိ နိုင်ငံခြားကုမ္ပဏီများကို ဆက်လက်ပံ့ပိုးပေးခြင်းဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးရေးအတွက် ကူညီပေးလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိုဂုံးချုပ်အမှာစကား ပြောကြားရာတွင် ယခုအချိန်၌ မိမိတို့နိုင်ငံအပေါ်တွင်ရှိခဲ့သည့် စီးပွားရေးပိတ်ဆို့မှုများကို ဖယ်ရှားလိုက်ပြီဖြစ်ပါကြောင်း၊ ယင်းအခွင့်ကောင်းကို အများအတွက် ရယူ အသုံးပြုစေလိုပါကြောင်း၊ ယခုကဲ့သို့ ပိတ်ဆို့မှုများကို ဖယ်ရှားလိုက်သည့် အခါ စီးပွားရေးလုပ်ငန်းရှင်ကြီးများအနေဖြင့် ရလာသည့်အခွင့်အရေးသစ်ကို နိုင်ငံ့အတွက် သုံးမည်၊ ကိုယ်ကျိုးအတွက် သုံးမည်ဆိုသည်ကို အားလုံးကပိုင်းဝန်းစောင့်ကြည့်နေပါကြောင်း၊ ရလာသည့်အခွင့်အရေးအားလုံးကို လူတိုင်း လူတိုင်းက နိုင်ငံ့အတွက်သုံးမည်ဆိုပါက မိမိတို့နိုင်ငံတွင်သာမကဘဲ မိမိတို့ ဒေသနှင့်တစ်ကမ္ဘာလုံး၏ ဖွံ့ဖြိုးမှုကိုပါ အထောက်အကူပြုသည်ဟု ပြောနိုင်မည်ဖြစ်ပါကြောင်း။

ခိုင်မာရန်လိုအပ်

ယခုကဲ့သို့ စီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အစိုးရအဖွဲ့ကို ဝိုင်းဝန်းကူညီနေကြသည့် အလျှုရှင်နိုင်ငံများ၊ အဖွဲ့အစည်းများနှင့် ဟန်ချက်ညီညီ ဆက်ပြီးကြိုးစားသွားမည်ဆိုပါက မိမိတို့မျှော်မှန်းသည့် စီးပွားရေးတိုးတက်မှုကို အမြန်ရရှိနိုင်မည်ဖြစ်ကြောင်း၊ စီးပွားရေးတိုးတက်မှုရရမှ နိုင်ငံရေးတိုးတက်မှု ခိုင်မာနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံရေးတိုးတက်မှုခိုင်မာမှလည်း စီးပွားရေးတိုးတက်မှု ရေရှည်တည်တံ့ခိုင်မြဲနိုင်မည်ဖြစ်ပါကြောင်း၊ ယင်းနှစ်ချက်ကို ခွဲခြား၍မရပါကြောင်း၊ နိုင်ငံရေးတိုးတက်မှုမရှိဘဲ၊ တည်ငြိမ်အေးချမ်းမှုမရှိဘဲနှင့် မည်သည့်စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုမျိုးမှ ရေရှည်ခိုင်မြဲနိုင်မည်မဟုတ်ပါကြောင်း၊ ထိုနည်းတူ ငြိမ်းချမ်းမှု၊ တည်ငြိမ်မှု၊ နိုင်ငံရေး၊ တိုးတက်မှုများ အမြစ်တွယ်ပြီး နောင်လာနောက်သားများကို ခေတ်အဆက်ဆက် ကမ္ဘာတည်သရွေ့ အကျိုးပြုနိုင်ရန် ပြည်သူလူထု၏ ရုပ်ပိုင်းဆိုင်ရာအခြေအနေ၊ စီးပွားရေးတိုးတက်မှု၊ လူမှုရေးဖွံ့ဖြိုးမှုနှင့်ဆိုင်သည့် အခြေအနေများ ခိုင်မာရန်လိုအပ်ပါကြောင်း။

အောင်မြင်မှုဆိုသည်မှာ တစ်ဦးချင်းတစ်ဦးချင်းက စတင်ပါကြောင်း၊ တစ်ဦးချင်း၊ တစ်ဦးချင်း၏ အောင်မြင်မှု စိတ်ထားမှန်ကန်မှုများမှ မိမိတို့နိုင်ငံ၏ အောင်မြင်မှုနှင့် မှန်ကန်သည့်လမ်းပေါ် သို့ ရောက်ရှိသွားမှုကို ဖြစ်စေနိုင်မည်ဖြစ်ပါကြောင်း၊ နောင်တွင်လည်း ယခုကဲ့သို့ ထပ်တလဲလဲ စုစည်းပြီး မိမိတို့နိုင်ငံ၏ ရှေ့ရေးအတွက်၊ မိမိတို့ကမ္ဘာကြီး၏ ရှေ့ရေးအတွက် ပညာရှိရှိ၊ စေတနာရှိရှိ၊ သတိရှိရှိဖြင့် ဆုံးဖြတ်ချက်များချနိုင်ကြပါစေကြောင်း ပြောကြားခဲ့သည်။

(သတင်းစဉ်)

ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မော်စကိုမြို့ရှိ Scientific Production Cooperation (REKOD) သို့ လေ့လာ

နေပြည်တော် အောက်တိုဘာ ၂၂

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့သည် ယမန်နေ့ ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် မော်စကိုမြို့ရှိ Scientific Production Cooperation (REKOD) သို့ သွားရောက်လေ့လာသည်။(ဝဲပုံ)

ထို့နောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် မော်စကိုမြို့ရှိ မြန်မာထေရဝါဒဗုဒ္ဓဝိဟာရ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ ဒေါက်တာ အရှင်အစ္ဆရိယအား ဖူးမြော်ကြည်ညိုကာ လျှုဖွယ်ပစ္စည်းများနှင့် နဝကမ္မ အလျှုငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ဒေသစံတော်ချိန် ည ၇နာရီခွဲတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ Sheremetievo လေဆိပ်မှ ပြန်လည်ထွက်ခွာလာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ပြန်လည်ရောက်ရှိကြသည်။

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးဇော်သိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်သံမှူး Col. Eduard N. Okladnikov၊ ဒုတိယစစ်သံမှူး Commander Vitaly V. Luchshev နှင့်တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ၏စီးပွားရေးပွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးဆုံးအချက်သည် ပြည်သူ့ပြည်သားများ၏ အရည်အချင်းတန်ဖိုးမြှင့်တင်ပေးရန်ဖြစ်

သတင်းနှင့်ဓာတ်ပုံ - ကိုပင်း၊ ဒင်စုစုလှိုင်

နေပြည်တော် အောက်တိုဘာ ၂၂

မြန်မာနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များတွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြန်မာအပြည်ပြည် ဆိုင်ရာကွန်ဗင်းရှင်းစင်တာ-၂ ၌ ကျင်းပခဲ့သည်။

ဦးခင်ရွှေ

ဦးကိုကိုထွေး

ဦးညီမြင့်

ဒေါ်ခိုင်ခိုင်နွယ်

မြန်မာနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးဆုံးအချက်သည် ပြည်သူ့ပြည်သားများ၏ အရည်အချင်းတန်ဖိုးမြှင့်တင်ပေးရန်ဖြစ်ကြောင်း၊ အစိုးရသစ်၏အခြေခံမူဝါဒများထဲတွင် တရားဥပဒေစိုးမိုးရေးကို ထိပ်တန်းကထားကြောင်း၊ တချို့က တရားဥပဒေစိုးမိုးရေးဆိုသည်မှာ တရားဥပဒေနှင့် ဘောင်ခတ်ထားသည်ဟု နားလည်ထားကြသော်လည်း စင်စစ် တရားဥပဒေစိုးမိုးရေးဆိုသည်မှာ ဘောင်ခတ်ခြင်းမဟုတ်ဘဲ အားလုံးအတွက် လုံလုံခြုံခြုံနှင့် တိုးတက်ရန်အတွက် အထောက်အကူပြုသောအရာဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးမှုရှိသောနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုအတွက် ဖိတ်ခေါ်ရန် အခက်အခဲရှိမည်မဟုတ်ကြောင်း၊ မြန်မာနိုင်ငံတွင် ၇၀ ရာခိုင်နှုန်းသော လူအများစုသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်နေသောကြောင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် စီးပွားရေးမူဝါဒထဲ၌ ထည့်သွင်းချမှတ်ထားကြောင်း၊ ထိုကဲ့သို့ ချမှတ်ရာတွင် နောင်ခန့်အတွက်၊ နောင်ငါးနှစ်အတွက်မဟုတ်ဘဲ နောက်ဆယ်စုနှစ်အတွက် စဉ်းစားပြီး ရည်ရွယ်ချမှတ်ရခြင်းဖြစ်ကြောင်း အဖွင့်မိန့်ခွန်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က ထည့်သွင်းပြောကြားခဲ့သည်။

ဦးခင်ရွှေ(ဥက္ကဋ္ဌ၊ ဇေကမ္ဘာကုမ္ပဏီလိမိတက်)

"အမေရိကန်နိုင်ငံက မြန်မာနိုင်ငံအပေါ် စီးပွားရေး အရေးယူပိတ်ဆို့မှုဖြေလျှော့တာနဲ့ ပတ်သက်ပြီးတော့ ဒေါ်အောင်ဆန်းစုကြည်ကို အထူးကျေးဇူးတင်ပါတယ်။ အရင်တုန်းကဆိုရင် ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ဒေါ်လာသန်းနဲ့ချီကုန်ပါတယ်။ ဒါမျိုးကလည်း ပွင့်ပွင့်လင်းလင်းပြောမယ်ဆိုရင် အင်မတန်မှရှားပါးတဲ့ အခွင့်အရေးပါပဲ။ စီးပွားရေးအရေးယူပိတ်ဆို့မှု ဆက်ရှိနေဦးမယ်ဆိုရင် တိုင်းပြည်ရေးစီးပွားရေးက ဒုံရင်းပါပဲ။ အခုလိုမျိုး စီးပွားရေးအရေးယူပိတ်ဆို့မှုမရှိတဲ့အတွက် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုရာခိုင်နှုန်းပိုများမယ်။ အရေးကြီးဆုံးကတော့ ရင်းနှီးမြှုပ်နှံမှုအပိုင်းပါပဲ။ အဲဒီထဲကမှ လူသားရင်းနှီးမြှုပ်နှံမှုကတိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်စေမှာဖြစ်ပါတယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ငြိမ်းချမ်းရေးလည်း အရေးကြီးပါတယ်။ ကျွန်တော်တို့နိုင်ငံက သယံဇာတတွေ အလွန်များတယ်။ ချမ်းသာတယ်။ လူတွေက ဆင်းရဲတယ်။ ဂျပန်နိုင်ငံက သယံဇာတမရှိဘူး။ နိုင်ငံကဆင်းရဲတယ်။ လူတွေက ချမ်းသာတယ်။ ဘာကြောင့်လဲဆိုရင် လူသားအရင်းအမြစ်တိုးတက်လာလို့ပဲဖြစ်တယ်။ သယံဇာတဆိုတာက ထုတ်ယူသုံးစွဲရင် ကုန်ကုန်သွားတယ်။ ဥပမာ သစ်တောတွေ၊ ကျောက်တွေ၊ သား၊ ငါးတွေ ကုန်သွားနိုင်ပေမယ့် လူသားအရင်းအမြစ်ဆိုတာက ထုတ်သုံးလေ ပိုများလေပဲ။ စင်ကာပူမှာဆိုရင် သယံဇာတမထွက်ဘူး။ လူသားအရင်းအမြစ်နဲ့ပဲ စီးပွားရေးလုပ်တယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ လူသားအရင်းအမြစ်မွေးရမယ်။ လူသားအရင်းအမြစ်မွေးဖို့အတွက် သင်တန်းကျောင်းတွေ၊ စက်မှုကျောင်းတွေ၊ အသက်မွေးဝမ်းကျောင်းတွေကို ဦးစားပေးရမှာဖြစ်ပါတယ်။ တက္ကသိုလ်တက်ပြီးတော့ အလုပ်မရတာနဲ့ စာရင်း စက်မှုအထက်တန်းကျောင်းတွေ၊ ပန်းရန်တို့၊ ဝပ်ရှော့တို့၊ လက်သမားတို့လို လူသားအရင်းအမြစ်တွေ ထွက်လာရင် တိုင်းပြည်မှာ သူ့ကဏ္ဍနဲ့သူ တာဝန်ထမ်းဆောင်နိုင်ပြီး နိုင်ငံက တစ်ရှိန်ထိုး တိုးတက်လာမှာပါ။

ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေဟာ လွန်ခဲ့တဲ့ အနှစ် ၃၀ က တရုတ်ပြည်နဲ့တူပါတယ်။ လွန်ခဲ့တဲ့အနှစ် ၃၀ က တရုတ်ပြည်ရဲ့ စီးပွားရေးအစဟာ လမ်းပေါ် ရောက်ခဲ့ပါတယ်။ အခု တရုတ်ပြည် ဖွံ့ဖြိုးတိုးတက်နေပြီ။ အဲဒီလိုပဲ မြန်မာနိုင်ငံရဲ့ စီးပွားရေးအခြေအနေဟာ လမ်းပေါ် ရောက်နေပါပြီ။ နောင် အနှစ် ၃၀ ရောက်ရင် တရုတ်ပြည်လိုပဲ မြန်မာနိုင်ငံရဲ့ စီးပွားရေးဟာ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်"ဟု သုံးသပ်သည်။

ဦးကိုကိုထွေး (ဥက္ကဋ္ဌ၊ တော်ဝင်မိသားစုဆောက်လုပ်ရေးကုမ္ပဏီ)

"လုပ်ငန်းတွေအားလုံးရဲ့ အရေးကြီးဆုံးက ငွေပင်ငွေရင်းပါ။ ဒုတိယက နည်းပညာပါ။ တတိယအရေးကြီးတာက ကျွမ်းကျင်တဲ့လူငယ်တွေပါ။ ဒါတွေ သာရှိရင် အလုပ်ဖြစ်ပါပြီ။ ပုဂ္ဂလိကလုပ်ငန်းရှင်တွေထဲမှာ ဖန်တီးပေးနိုင်တဲ့သူတွေရှိတယ်။ ဖန်တီးပေးချင်တဲ့သူတွေရှိတယ်။ လူတိုင်းကိုရောပြီးတော့ ခရိုနီတွေ ကိုယ်ကျိုးတွက်ပဲလုပ်သွားတယ်လို့ပေါ့ ပြောလို့မရပါဘူး။ ဥပမာ ကျွန်တော်ဆိုရင် ဘယ်သူမှမလုပ်တဲ့ တန်ဖိုးနည်းအိမ်ရာတွေဆောက်ပါတယ်။ တစ်ခန်းကို သိန်းနှစ်ရာတင်ရောင်းလို့ရပါတယ်။ ဒီထက်မကမြတ်သွားတဲ့သူတွေလည်းရှိပါတယ်။ တစ်ခန်းသိန်းနှစ်ရာသာ တင်ရောင်းမယ်ဆိုရင် အခန်း ၃၅၀၀ တွက် သိန်းပေါင်း ခုနစ်သိန်းကျော်မြတ်နေပါပြီ။ အဲလိုအမြတ်တွေမယူဘဲ ဘာလို့ရောင်းခဲ့တာလဲ။ အများပြောနေတဲ့ ခရိုနီတိုင်းက ကိုယ်ကျိုးတွက်ချည်းပဲလုပ်နေကြတာမဟုတ်ပါဘူး။ နောက် တောင်သူလယ်သမားတွေပေါ့။ ကိုယ်စိုက်တဲ့မြေပေါ်မှာ ဘယ်လိုမျိုးစေ့စိုက်မယ်၊ ဘယ်လိုရာသီဥတု အခြေနေမျိုး ဖြစ်ရမယ်၊ ဘာဓာတ်မြေဩဇာသုံးရမယ်၊ ဘယ်အသီးအနှံတွေစိုက်ရင် အကျိုးဖြစ်ထွန်းမယ်၊ ဘယ်လိုစျေးကွက်ရှိတယ်ဆိုတာ သူတို့ထဲထဲဝင်ဝင် နားမလည်ကြပါဘူး။ မတ်ပဲကောင်းတယ်ဆိုလို့ မတ်ပဲတွေ ဝိုင်းစိုက်လိုက်ကြတယ်။ နောက်နှစ်ကျ မတ်ပဲစျေးတွေကျသွားမယ်၊ အရှုံးတွေနဲ့ရင်ဆိုင်ရမယ်။ ဒါမျိုးတွေ မဖြစ်အောင် နိုင်ငံတော်က နည်းပညာတွေ၊ ပညာရှင်တွေ ပံ့ပိုးဖို့လိုပါမယ်။ ဒါမှ တောင်သူတွေအတွက် တကယ်အကျိုးရှိမှာပါ။

ပေါ်လစီတွေပြောသွားတာကောင်းပါတယ်။ အကောင်ထည်ဖော်တဲ့ ပိုင်းမှာ အားနည်းနေပါသေးတယ်။ပြောပြီးရင်လုပ်နိုင်ဖို့လိုပါမယ်။ လုပ်မယ့်သူတွေလည်းလိုပါတယ်။ ပြောသမျှလုပ်နိုင်ပါမှ ကျွန်တော်တို့နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှာပါ။ အဓိကစိတ်မကောင်းဖြစ်ရတာက ကျွန်တော်တို့နိုင်ငံသားတွေက တခြားနိုင်ငံတွေမှာ ဆင်းရဲပင်ပန်းကြီးစွာ အလုပ်လုပ်ကိုင်နေရတာကိုပါ။ ကျွန်တော်တို့နိုင်ငံမှာသာ သူတို့ကိုလစာကောင်းကောင်းပေးပြီး အလုပ်ပေးထားနိုင်မယ်ဆိုရင် မိတကွဲဖတကွဲ သွားစရာအကြောင်းမရှိဘူး။ ဖြစ်သလိုနေဖြစ်သလိုစားနေရတဲ့ တစ်ဖက်နိုင်ငံရောက် မြန်မာနိုင်ငံသားတွေကို ကယ်တင်ချင်တယ်ဆိုရင် စီးပွားရေးလုပ်ငန်းရှင်တွေကို အားပေးပါ။လုပ်ငန်းရှင်တွေကိုအားပေးရင် အလုပ်သမားဆိုတာရှိလာပါမယ်။ အလုပ်သမားရှိရင် နိုင်ငံမှာရှိတဲ့လူတွေ အလုပ်အကိုင်အခွင့်လမ်းတွေပွင့်လာမယ်။ ဒီလိုဆိုရင် ဟိုတစ်ချိန်ကလိုမျိုး တခြားနိုင်ငံကလူတွေတောင် ကိုယ့်နိုင်ငံမှာ အလုပ်လာလုပ်ရတဲ့ခေတ်ပြန်ရောက်လာမှာပါ"ဟုပြောသည်။

ဦးညီမြင့် (Senior Managing Director၊ ကမ္ဘောဇောက်)

"ဒီနေ့နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ ဝန်ကြီးတို့ပြောသွားတာတွေ အကုန်ကောင်းပါတယ်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းပါမှ စီးပွားရေးဖွံ့ဖြိုးတိုးတက်မယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှ ပြည်သူတွေရဲ့လူနေမှုအဆင့်တန်းမြင့်မား လာမှာပါ။ ပြည်သူရဲ့အရည်သွေးတွေတိုးတက်လာပါမှ နိုင်ငံတော်ကြီး အဖွဲ့နှ့ရှည်တည်တံ့ခိုင်မြဲမှာပါ။တစ်ခုနဲ့တစ်ခု ဆက်စပ်နေပါတယ်။ ရှေ့ဆက်ပြီး ကျွန်တော်တို့ စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ နိုင်ငံတော်အစိုးရနဲ့ ပူးပေါင်းပြီး အကောင်းဆုံးကြိုးစားသွားမှာပါ။ နိုင်ငံတော်အနေနဲ့ဥပဒေတွေပြင်ပေးမယ်၊ လုံခြုံမှုတွေပေးမယ်၊ လိုအပ်တဲ့အထောက်အပံ့တွေပေးမယ်ဆိုတော့ စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ အားတက်စရာပါပဲ။ စီးပွားရေး တိုးတက်ရာတိုးတက်ကြောင်းအတွက် ဒီအချိန်ဟာ အကောင်းဆုံးအချိန်ပဲလို့ဆိုနိုင်ပါတယ်။ ကိုယ့်တစ်ယောက်တည်း ကြီးပွားတိုးတက်ဖို့မဟုတ်ဘဲနဲ့ ကိုယ့်တိုင်းပြည် ကိုယ့်နိုင်ငံ လည်းတိုးတက်အောင်ပါ ကြိုးပမ်းဆောင်ရွက်သွားမှာပါ။ ကျွန်တော်တို့ ဘဏ်အနေနဲ့ တိုင်းပြည် ဖွံ့ဖြိုးမယ့်ကဏ္ဍတွေအတွက် ချေးငွေတွေ ထုတ်ချေးပါတယ်။အဓိကစီးပွားရေးဖြစ်တဲ့ စိုက်ပျိုးရေးကဏ္ဍအတွက်လဲ ဗဟိုဘဏ်က သတ်မှတ်ပေးထားတဲ့အချက်အလက်တွေနဲ့ပြည့်စုံမယ်ဆိုရင် ထုတ်ချေးပေးပါတယ်။ စိုက်ပျိုးရေးကဏ္ဍကို တိုက်ရိုက်မဟုတ်ပေမယ့် အဲဒီကဏ္ဍတွက် အကျိုးရှိစေမယ့် လုပ်ငန်းတွေအတွက်လည်း ထုတ်ချေးပေးပါတယ်။ အတိုးနှုန်းကလည်း ဗဟိုဘဏ်က သတ်မှတ်ပေးထားတဲ့အတိုင်းပါပဲ။ ဗဟိုဘဏ်ကနေ ပြုပြင်ပြောင်းလဲတဲ့မူဝါဒအတိုင်း အတိအကျ လိုက်နာဆောင်ရွက်သွားမှာပါ" ဟုပြောသည်။

ဒေါ်ခိုင်ခိုင်နွယ်(တွဲဖက်အထွေထွေအတွင်းရေးမှူး၊ UMFCCI)

"အခုနိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဥပဒေကထွက်လာပြီဆိုတော့ တော်တော်ဖြေလျှော့ပြီးဖိတ်ခေါ်ထားတာလို့ ရင်းနှီးမြှုပ်နှံမှုတွေအများကြီးထပ် လာမယ်လို့ ယုံကြည်ပါတယ်။ လုပ်လက်စလုပ်ငန်းတွေလဲ အားပိုရှိလာမယ်။ စျေးကွက် ကျယ်လာတဲ့သဘောပါ။လမ်းစတွေပွင့်လာပြီ။ ဒီနေ့ အတိုင်ပင်ခံပုဂ္ဂိုလ်ပြောသွားတဲ့အချက်တွေမှာ တိုင်းပြည်ရဲ့ လိုအပ်ချက်တွေ အများကြီးဆိုတာပြောသွားတယ်။ နေ့နေတာကို ဝန်ခံတယ်။ ဒါကြောင့် ပြည်တွင်း/ပြည်ပ လုပ်ငန်းရှင်တွေကော၊ အစိုးရကော အားလုံးပူးပေါင်းဆောင်ရွက်ပါ။ အားလုံးရဲ့အားနဲ့လုပ်မယ်ဆိုရင် အောင်မြင်မယ်ဆိုတာ ယုံကြည်တယ်ဆိုတာမျိုးပြောသွားတာတွေ့ရတယ်။

နောက်ပြီး လူ့စွမ်းအားအရင်းမြစ်ဖွံ့ဖြိုးတိုးတက်ဖို့က အရေးအကြီးဆုံးဖြစ်တယ်ဆိုတာညွှန်ပြသွားတယ်။ လူ့စွမ်းအားအရင်းအမြစ်မှာ ရင်းနှီးမြှုပ်နှံမှုကောင်းကောင်းလုပ်နိုင်ရင် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှာပါ။ ဥပမာ ဂျပန်ဘဏ်က ပြောသွားသလိုမျိုးပေါ့။ ဒီမှာဘဏ်လာဖွင့်တယ်၊ လူလေးထောင်ကျော်လောက်ကို သင်တန်းပေးနိုင်တယ်။ဒီလိုဆိုရင် သူလည်းလုပ်ငန်းရင်းနှီးမြှုပ်နှံမှုဖြစ်တယ်။ ကိုယ့်ရဲ့လူထုအတွက်လည်း အသက်မွေးဝမ်းကျောင်းပညာတွေ ရသွားမယ်။ နှစ်ဖက်အဆင်ပြေပြီး တိုင်းပြည်အတွက်ကောင်းသွားမယ်။

လမ်းစလေးတွေချပြသွားတာတွေ့ရပါတယ်။ လုပ်ငန်းရှင်တွေဘက်ကလည်း ပြည်တွင်းမှာရှိတဲ့သူတွေကို အလုပ်ပေးဖို့ကော ပြည်ပကိုထွက်လုပ်နေတဲ့သူတွေကို အလုပ်ပေးနိုင်ဖို့ကော နှစ်မျိုးတွေးကြပါတယ်။ ပြည်ပမှာ အလုပ်လုပ်ကြတဲ့သူတွေက အထိုက်အလျောက်တော့ အတွေ့အကြုံရှိပြီးသားလူတွေပါ။ သူတို့နဲ့သင့်တော်တဲ့နေရာတွေမှာ အလုပ်အကိုင် ဖန်တီးပေးဖို့တွေးပြီး ဆောင်ရွက်နေတာတွေ အများကြီးရှိပါတယ်" ဟု ပြောသည်။

ကြေးမုံ

မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၂

(၂၂) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရေဆင်းတက္ကသိုလ်များနယ်မြေရှိ သတ်မှတ်နေရာအသီးသီး၌ အနုပညာကို ချစ်မြတ်နိုးကြသူများ၏ အားပေးသံများနှင့် လက်ခုတ်သံပြေ သီဆိုတီးခတ်ဖျော်ဖြေမှုများကို စည်ကားသိုက်မြိုက်စွာဖြင့် ဆက်လက်ကျင်းပသည်။

ဆိုင်းတစ်ဦးချင်း ဝါသနာရှင် (ပထမတန်း) (အမျိုးသား) ရန်ကုန်တိုင်းဒေသကြီးမှ ဦးဟိန်းရာဇာ

နဲ့ဝါသနာရှင် (ဒုတိယတန်း) စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးသာအေး

အရေးတေးသီချင်းပြိုင်ပွဲ (၁၅-၂၀) (အမျိုးသား) ကယားပြည်နယ်မှ မောင်သူရအောင်

အဆို၀ါသနာရှင် (ဒုတိယတန်း) (အမျိုးသမီး)ကချင်ပြည်နယ်မှ ဒေါ်ကြည်ကြည်ဝါ

ဒုံမင်းအခြေခံပညာ (၁၀-၁၅)(အမျိုးသမီး) ရန်ကုန်တိုင်းဒေသကြီးမှ မမေရီထွန်း

ဂီတာ၀ါသနာရှင် (ပထမတန်း) (အမျိုးသမီး) ဧရာ၀တီတိုင်းဒေသကြီးမှ ဒေါ်ဥမ္မာ

ကရင်ပြည်နယ်မှ ကဗျာလွတ်အကအဖွဲ့ ယှဉ်ပြိုင်စဉ်။

ရှမ်းပြည်နယ်မှ ရခိုင်ယိမ်းအကအဖွဲ့ ယှဉ်ပြိုင်စဉ်။

အဆိုပြိုင်ပွဲ

အဆိုပြိုင်ပွဲ၏ အမျိုးဂုဏ်ဇာတိဂုဏ် ပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမဆောင် အမှတ်(၅)၌ ကျင်းပရာ **ဝါသနာရှင်အဆင့် (ဒုတိယတန်း)** အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ဒေါ်ကြည်ကြည်ဝါ၊ ကယားပြည်နယ်မှ ဒေါ်နန်းလဲ့လဲ့လွင်၊ မွန်ပြည်နယ်မှ မဇာခြည်ဖူး၊ ရခိုင်ပြည်နယ်မှ ဒေါ်အေးအေးစံ၊ ရှမ်းပြည်နယ်မှ ဒေါ်ခင်ငြိမ်းချမ်း၊ ရန်ကုန်တိုင်းဒေသကြီးမှ မခင်ဘုန်းပွင့်စံ၊ မန္တလေးတိုင်းဒေသကြီးမှ ဒေါ်စန်းသီတာအေး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မမေသီရိကျော်၊ မကွေးတိုင်းဒေသကြီးမှ ဒေါ်ဌေးဌေးမြင့်၊ ပဲခူးတိုင်းဒေသကြီးမှ ဒေါ်သီတာစိုးနှင့် တနင်္သာရီတိုင်းဒေသကြီးမှ ဒေါ်မာမာစိန်တို့က **ဝင်းဦး၏ မြန်မာ့ဂုဏ်ရည်** သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့်** အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မောင်အောင်ရှင်းသန့်အောင်၊ မွန်ပြည်နယ်မှ မောင်ကျော်ဇေလတ်၊ ရခိုင်ပြည်နယ်မှ မောင်ရဲမင်းဇော်၊ ရှမ်းပြည်နယ်မှ မောင်အောင်ရန်နောင်ဖြိုး၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဝဏ္ဏ၊ မန္တလေးတိုင်းဒေသကြီးမှ မောင်ကောင်းသိုက်စိုး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်မြတ်နိုးဦး၊ ပဲခူးတိုင်းဒေသကြီးမှ မောင်ထင်လင်းဦးနှင့် တနင်္သာရီတိုင်းဒေသကြီးမှ မောင်ဇော်ဇော်ထွန်းတို့က **ကိုထွန်းရွှေ၏ မဟာဗန္ဓုလ** သီချင်းဖြင့်လည်းကောင်း စိတ်အားတက်ကြွဖွယ် သီဆိုယှဉ်ပြိုင်ကြသည်။

အကပြိုင်ပွဲ

အကပြိုင်ပွဲ၏ ကဗျာလွတ် အကပြိုင်ပွဲကို မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ရွှေရတုခန်းမ၌ကျင်းပရာ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာ၀တီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ကဗျာလွတ် အကအဖွဲ့များက စည်းချက်နှင့်အညီ ကကြိုးကကွက်ပိုင်နိုင်စွာဖြင့် ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်၏ ရေမြေသဘာ၀အလှနှင့် အမျိုးဘာသာစောင့်ထိန်းမှုတို့ကို ဖော်ညွှန်းသည့် **သာလီစွရခိုင်ပြည်နယ်** သီချင်းဖြင့် ရခိုင်ရိုးရာ ယိမ်းအကပြိုင်ပွဲကို ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာ၀တီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ယိမ်းအဖွဲ့ဝင်များက တက်ကြွဖျော်ရွှင်စွာ ပြည်ထောင်စုသားတို့၏ ရင်းနှီးချစ်ကြည်မှုကို ဖော်ညွှန်းသရုပ်ဖော် ယှဉ်ပြိုင်ကြသည်။

အရေးပြိုင်ပွဲ

အရေးပြိုင်ပွဲ၏ အရေးတေးသီချင်းပြိုင်ပွဲကို စိုက်ပျိုးရေး သုတေသနဦးစီးဌာန သင်တန်းခန်းမ(၁)၌ ကျင်းပရာ **အဆင့်မြင့်ပညာအဆင့်**ပြိုင်ပွဲတွင် ကယားပြည်နယ်မှ မောင်လှိုင်ဝင်းထွန်း၊ ရှမ်းပြည်နယ်မှ မောင်ဖြိုးပြည့်၊ ရန်ကုန်တိုင်းဒေသကြီးမှ မလွင်လွင်ဘုန်း၊ မန္တလေးတိုင်းဒေသကြီးမှ မောင်စိုးမိုးသူနှင့် မကွေးတိုင်းဒေသကြီးမှ မောင်အောင်သူရဟိန်းတို့က လည်းကောင်း၊ **အခြေခံပညာအဆင့်** (အသက် ၁၅ နှစ်မှ ၂၀ နှစ်) ပြိုင်ပွဲတွင် ကယားပြည်နယ်မှ မောင်သူရအောင်၊ ရန်ကုန်တိုင်းဒေသကြီးမှ မပိုးသဲငယ်နှင့် တနင်္သာရီတိုင်းဒေသကြီးမှ မောင်ရာဇာတို့ကလည်းကောင်း ယှဉ်ပြိုင်ကြသည်။

အတီးပြိုင်ပွဲ

အတီးပြိုင်ပွဲ၏ ဆိုင်းတစ်ဦးချင်းပြိုင်ပွဲကို သစ်တောသုတေသနဌာန စုဝေးခန်းမ၌ ကျင်းပရာ **ဝါသနာရှင်အဆင့် (ပထမတန်း)** အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဦးဟိန်းရာဇာနှင့် ပဲခူးတိုင်းဒေသကြီးမှ ဦးကျော်စိုးဟန်တို့က **တောင်ယံတောလေး(မွန်)**ဖြင့် လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ပထမတန်း)** အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မခိုင်ဇာဝင်းက **စိန်ကြောင်နီလာ (ပတ်ပျိုး)**ဖြင့် လည်းကောင်း၊ **အခြေခံပညာအဆင့်** (အသက် ၁၅ နှစ်မှ ၂၀ နှစ်) အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်မှ မောင်ကောင်းနန္ဒစံ၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဟိန်းမေတ္တာ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ရဲနန္ဒနှင့် ဧရာ၀တီတိုင်းဒေသကြီးမှ မောင်ဆန်းမင်းအောင်တို့က **အောင်မြေမြမန်း (ပတ်ပျိုး)**ဖြင့် လည်းကောင်း၊ **အခြေခံပညာအဆင့်** (အသက် ၁၅ နှစ်မှ ၂၀ နှစ်) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မဝေဇင်ဖြိုးနှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ မဌေးယုအောင်(ခ) မရွှေရည်စန်းလွင်တို့က **လျှပ်ပန်းခွေနဲ့ (ယိုးဒယား)**ဖြင့်လည်းကောင်း မြူးကြွသည့် ဆိုင်းလက်သံများဖြင့် ယှဉ်ပြိုင်ကြသည်။

ပတ္တလားပြိုင်ပွဲ

ပတ္တလားပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် ပတ္တမြားခန်းမ၌ ကျင်းပရာ **ဝါသနာရှင်အဆင့် (ဒုတိယတန်း)** အမျိုးသားပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ ဦးစိန်ရည်၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးအောင်ကြည်ခိုင်၊ မန္တလေးတိုင်းဒေသကြီးမှ ဦးအောင်ကိုဟန်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးဝင်းဇော်၊ မကွေးတိုင်းဒေသကြီးမှ ဦးသိန်းဟန်၊ ပဲခူးတိုင်းဒေသကြီးမှ ဦးကျော်စိုးဟန်နှင့် တနင်္သာရီတိုင်းဒေသကြီးမှ ဦးဝင်းဗိုလ်တို့က **မြန်ချာမြေကို (ပတ်ပျိုး)** ဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ဒုတိယတန်း)** အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ပပပြည့်ဖြိုး၊ မန္တလေးတိုင်းဒေသကြီးမှ ဒေါ်ခိုင်စုဝေနှင့် ပဲခူးတိုင်းဒေသကြီးမှ မစန္ဒာလင်းတို့က **မြိုင်ဟေမာ (ယိုးဒယား)** ဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့်** (အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်မှ မအေးထက်အောင်၊ ရန်ကုန်တိုင်းဒေသကြီးမှ မယမင်းသူ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မစန္ဒာထွန်းနှင့် ဧရာ၀တီတိုင်းဒေသကြီးမှ မအေးဆုသန့်ဇင်တို့က **ဂန္ဓမာတောင်(ဘွဲ့)** ဖြင့်လည်းကောင်း နာ၀င်ပီယံရှိသည့် ပတ္တလားသံသာများဖြင့် ယှဉ်ပြိုင်ကြသည်။

နဲ့ပြိုင်ပွဲ

နဲ့ပြိုင်ပွဲကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပရာ **ဝါသနာရှင်အဆင့် (ပထမတန်း)** ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဦးစံအုန်းက **မန်းတောင်လက်ျာ (ယိုးဒယား)** ဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့်**ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဝေယံထက်မြတ်ဇော်နှင့် မန္တလေးတိုင်းဒေသကြီးမှ မောင်ဖြိုးကိုကိုတို့က **နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)** ဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ဒုတိယတန်း)** ပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ ဦးသန်းရွှေ၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးသန်းနိုင်၊ မန္တလေးတိုင်းဒေသကြီးမှ ဦးဇင်ဝိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးသာအေးနှင့် ပဲခူးတိုင်းဒေသကြီးမှ ဦးခင်ညွန့်တို့က **ဆဒ္ဒန်အိုင်သာ (သီချင်းခံ)** ဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့်** (အသက် ၁၀ နှစ်မှ ၁၅ နှစ်) ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မောင်အောင်ပြည့်စုံ၊ မန္တလေးတိုင်းဒေသကြီးမှ မောင်ဇွဲထက်အောင်နှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ငယ်သွေးတို့က **ဘုံဆောင်မြင့်(ကြိုး)**ဖြင့် လည်းကောင်း၊ **အခြေခံပညာအဆင့်** (အသက် ၁၅ နှစ်မှ ၂၀ နှစ်) ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ကျော်ဆွေအောင်က **မြန်ခန်းကျွန်းတွင်း(ကြိုး)** ဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

စာမျက်နှာ ၁၀ သို့ ❐

နိုင်ငံသူ နိုင်ငံသားအားလုံးက စီးပွားရေးတိုးတက်မှု ဖွံ့ဖြိုးမှုမှာပါဝင်ပြီး ဆောင်ရွက်စေလို ရင်းနှီးမြှုပ်နှံဖို့ စိတ်ပါဝင်စားတဲ့ မိတ်ဆွေများ၊ စီးပွားရေးလုပ်ငန်းရှင်များကိုလည်း ဖိတ်ခေါ်

နေပြည်တော် အောက်တိုဘာ ၂၂

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ တွေ့ဆုံပွဲအခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့သည့် အဖွင့်အမှာစကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ဒီလိုတွေ့ဆုံပွဲအခမ်းအနားလုပ်ရတဲ့အကြောင်းကတော့ ကျွန်မတို့ အစိုးရသစ်တက်ကတည်းက ဒီလိုအခမ်းအနားမျိုးကျင်းပမယ်လို့ ကျွန်မတို့ ပြောခဲ့ပါတယ်။ အဲဒါဘာကြောင့်လဲဆိုတော့ စနစ်တစ်ခုပြောင်းသွားတဲ့ အခါကျရင် စီးပွားရေးစနစ်လည်းပြောင်းရမယ်။ စီးပွားရေးစနစ်ပြောင်းတဲ့ အခါကျရင် အရင်တုန်းကလုပ်နေတဲ့ စီးပွားရေးသမားတွေအတွက် နေရာရှိပါ့မလားဆိုတဲ့ ပူပန်သောကတွေလည်းရှိပါတယ်။ ကျွန်မတို့ကတော့ အားလုံးကို ကြိုဆိုပါတယ်။

နိုင်ငံသူ နိုင်ငံသားအားလုံးက စီးပွားရေးတိုးတက်မှု ဖွံ့ဖြိုးမှုမှာ ပါဝင်ပြီး ဆောင်ရွက်စေလိုပါတယ်။ အတိတ်ကို ပြန်ပြီးကြည့်တာမဟုတ်ဘဲနဲ့ အနာဂတ်ကိုမျှော်တဲ့ မူဝါဒမျိုးနဲ့ ကျွန်မတို့က ဆက်ပြီးဆောင်ရွက်သွားချင်တာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ ပြည်တွင်းက လုပ်ငန်းရှင်တွေသာမက ပြည်ပမှာရှိတဲ့ ကျွန်မတို့ရဲ့ မိတ်ဆွေများ၊ ကျွန်မတို့ရဲ့နိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့ စိတ်ပါဝင်စားတဲ့ မိတ်ဆွေများ၊ စီးပွားရေးလုပ်ငန်းရှင်များကိုလည်း ကျွန်မတို့က ဖိတ်ခေါ်ချင်ပါတယ်။ ဒီနိုင်ငံတစ်နိုင်ငံ တိုးတက်ဖို့ဆိုတာဟာ အားလုံးဝိုင်းပြီးရုန်းမှ ဖြစ်ပါလိမ့်မယ်။

ရေရှည်တည်တံ့ခိုင်မြဲ

စီးပွားရေးမူဝါဒနဲ့ပတ်သက်ရင် အမျိုးမျိုးမေးမြန်းတာတွေ ရှိကြပါတယ်။ မကြာခင်က ကျွန်မပြောခဲ့ပါတယ်။ ဘာတွေကို ကျွန်မတို့ ဦးစားပေးမှာလဲ၊ ဘယ်မူဝါဒတွေကို ဦးစားပေးမှာလဲ၊ ဘယ်အချက်အလက်တွေကို အရေးကြီးအနေနဲ့ မြင်သလဲဆိုပြီးမေးတဲ့အခါမှာ ကျွန်မက ဒီမေးခွန်းတွေကို ဖြေဖို့ စဉ်းစားပါတယ်။ စဉ်းစားပြီးတော့လည်း ဖြေခဲ့ပါတယ်။

ဒါပေမယ့် အမှန်ပြောရရင် ကျွန်မပေးတဲ့အဖြေတွေကို ကျွန်မ မကျေနပ်ဘူး။ သေသေချာချာပြန်ပြီးတော့ စဉ်းစားတယ်။ ကျွန်မတို့နိုင်ငံ အတွက် တကယ့်အရေးကြီးကိစ္စက ဘာလဲ။ ကျွန်မတို့နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကထားရမယ့် အချက်တစ်ချက်တည်း ပြောပါဆိုရင် ဘယ်အချက်ကို ပြောမလဲဆိုတာ ကျွန်မသေသေချာချာ စဉ်းစားကြည့်တဲ့အခါ ကျွန်မခေါင်းထဲမှာ ပေါ်လာတာက တကယ်ကျွန်မတို့နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးအကြီးဆုံးအချက်က ကျွန်မတို့ ပြည်သူပြည်သားများရဲ့ အရည်အချင်းတန်ဖိုးကို မြှင့်တင်ရေးပဲ။ အဲဒါကိုအခြေခံပြီးမှသာ ကျွန်မတို့ဟာ ရေရှည်တည်တံ့ခိုင်မြဲနိုင်မယ့် ဖွံ့ဖြိုးတဲ့စီးပွားရေးစနစ်တစ်ခုကို ထူထောင်နိုင်မှာပါ။ ပြည်သူပြည်သားတွေရဲ့ အစွမ်းအစအရည်အချင်းကို အဓိကအားကိုးတဲ့စနစ်မျိုးသာလျှင် ရေရှည်တည်တံ့ခိုင်မြဲနိုင်မယ်လို့ ကျွန်မခေါင်းထဲမှာ ဒီလိုပဲရောက်လာပါတယ်။

အဲဒါကြောင့် နိုင်ငံအတွက် မျှော်မှန်းချက် အိမ်မက်စိတ်ကူးတချို့ကို ပြောချင်ပါတယ်။ ကျွန်မတို့ရဲ့နိုင်ငံဟာ တစ်ချိန်တစ်ခါတုန်းက အင်မတန်အလားအလာကောင်းတဲ့နိုင်ငံဆိုပြီး ထင်ရှားခဲ့ပေမယ့် နောက်ပိုင်းမှာ ဒီဂုဏ်သရေသတင်းဟာလည်း မှေးမှိန်သွားခဲ့ပါတယ်။ ဒါပေမယ့် အချိန်ကာလဆိုတာ အမြဲပဲပြောင်းနေပါတယ်။ ပြောင်းနေတာနဲ့အမျှ ကျွန်မတို့ အခွင့်အရေးသစ်တွေဆိုတာလည်း အမြဲပဲပေါ်ထွက်နေပါတယ်။ ကျွန်မတို့က ဒီအခွင့်အရေးသစ်တွေကို အသုံးချပြီးတော့ နိုင်ငံတိုးတက်ရေးအတွက် ဝိုင်းပြီးတော့ ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ မျှော်လင့်ရုံနဲ့ မရပါဘူး၊ ကြိုးစားမှ အလုပ်လုပ်မှ ဝါယမစိုက်ထုတ်မှ ကျွန်မတို့ လိုချင်တဲ့ပန်းတိုင်ကို ရောက်နိုင်မှာ ဖြစ်ပါတယ်။

တရားဥပဒေစိုးမိုးရေး

အစိုးရသစ်ရဲ့ အခြေခံမူဝါဒတွေထဲမှာ တရားဥပဒေစိုးမိုးရေးဆိုတာကို ကျွန်မတို့က ထိပ်တန်းမှာထားပါတယ်။ တချို့က ဒီဟာကို သိပ်ပြီးတော့ နားမလည်ပါဘူး။ တရားဥပဒေစိုးမိုးရေးဆိုတာ တရားဥပဒေနဲ့ဘောင်ခတ်ထားတယ်လို့ နားလည်ကြပါတယ်။ တကယ်တော့ တရားဥပဒေစိုးမိုးရေးဆိုတာ ဘောင်ခတ်တာမဟုတ်ပါဘူး။ အထောက်အကူပြုတာပါ။ ကျွန်မတို့ အားလုံးအတွက် လုံလုံခြုံခြုံနဲ့ တိုးတက်နေဖို့အတွက် အထောက်အကူပြုတဲ့ အရာဖြစ်ပါတယ်။ အဲဒါကို ပြည်သူပြည်သားများအားလုံး နားလည်စေချင်ပါတယ်။ အထူးသဖြင့် အခုဒီအစည်းအဝေးကို တက်ရောက်လာတဲ့ လုပ်ငန်းရှင်ကြီးများအားလုံးကိုလည်း နားလည်စေချင်ပါတယ်။ တရားဥပဒေစိုးမိုးရေးဆိုတာ လုပ်ငန်းရှင်များအတွက်လည်း အထောက်အကူအများကြီးဖြစ်နိုင်ပါတယ်။ လုပ်ငန်းရှင်များအနေနဲ့ လုံလုံခြုံခြုံ၊ ယုံယုံကြည်ကြည်နဲ့ ကိုယ့်ရဲ့စီးပွားရေးအောင်မြင်ဖို့အတွက် ကိုယ့်စီးပွားရေးကနေတစ်ဆင့် ကိုယ့်ရဲ့နိုင်ငံ တိုးတက်ဖို့အတွက် လုပ်ပေးနိုင်တဲ့အခွင့်အရေးတွေကိုပေးမယ့် မူဘောင်တစ်ခု ချခြင်းဆိုတာဟာ တရားဥပဒေစိုးမိုးရေးပဲ ဖြစ်ပါတယ်။ တကယ် တရားဥပဒေစိုးမိုးရေးရှိတဲ့နိုင်ငံမှာဆိုရင် ရင်းနှီးမြှုပ်နှံမှုတွေဖိတ်ခေါ်ဖို့ဟာ အခက်အခဲရှိမှာ မဟုတ်ပါဘူး။

ကျွန်မတို့ရဲ့နိုင်ငံဟာ စိန်ခေါ်မှုအမျိုးမျိုးနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ဒါပေမယ့် ဒီစိန်ခေါ်မှုတွေကို တစ်ဆင့်ချင်း ကျော်လွှားနိုင်လာပြီလို့ ကျွန်မ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

မြင်ပါတယ်။ ကျွန်မတို့ မျှော်မှန်းသလောက် ပထမ(၆)လဟာ စီးပွားရေးဘက်မှာ မြန်မြန်ဆန်ဆန် တိုးတက်မှုမရှိခဲ့ဘူးဆိုတာ ပွင့်ပွင့်လင်းလင်းပဲ ဝန်ခံချင်ပါတယ်။ ဒီလိုမရှိခဲ့ရတဲ့ အကြောင်းတွေက တော်တော်များများရှိပါတယ်။ ဒါတွေကိုလည်း ကျွန်မတို့ရဲ့ စီမံ၊ ဘဏ္ဍာဝန်ကြီးအနေနဲ့လည်း အတိုင်းအတာတစ်ခုအထိ ရှင်းပြသွားမယ်လို့ ကျွန်မ နားလည်ပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ ကျော်လွှားရမယ့် အခက်အခဲတွေကို အားလုံးဝိုင်းပြီးတော့ ကူညီပြီးတော့ ကျော်လွှားပေးစေချင်တဲ့ စိတ်စေတနာထားစေချင်ပါတယ်။

ဝိုင်းဝန်းပြီးတော့ ကူညီ

ကျွန်မတို့ စီးပွားရေးနဲ့ပတ်သက်လို့ မူဝါဒ ၁၂ ချက်ချပြီးဖြစ်ပါတယ်။ ဒီမူဝါဒတွေကို အများကလည်း သိပြီးဖြစ်ပါတယ်။ ဒါကို ဇူလိုင်လက ထုတ်ပြန်ခဲ့ရာမှာ တချို့တွေက သိပ်ပြီးတော့ ယေဘုယျဆန်လွန်းတယ်။ ပိုပြီးတော့ တိတိကျကျ ဘယ်လိုဆက်ပြီးတော့ လုပ်နိုင်မလဲဆိုတာကို သိချင်ပါတယ်ဆိုတာကြောင့်လည်း ဒီအစည်းအဝေးကို စီစဉ်ရခြင်းဖြစ်ပါတယ်။

ဒါပေမယ့် ပထမအကြောင်းအရင်းကတော့ စောစောက ပြောခဲ့တဲ့ အတိုင်းပဲ ဒီအစိုးရသစ်တက်လာကတည်းက စီးပွားရေးလုပ်ငန်းရှင်ကြီးတွေနဲ့တွေ့ဆုံပါမယ်။ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေအားလုံးဟာ နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုထဲမှာ ပါဝင်ပိုင်ခွင့် အပြည့်အဝရပါလိမ့်မယ်။ အဲဒီပါဝင်ပိုင်ခွင့်ကို မှန်မှန်ကန်ကန်နဲ့ သုံးပြီးတော့ ပြည်သူပြည်သားတွေရဲ့ တိုးတက်ရေးအတွက် ဝိုင်းဝန်းပြီးတော့ ကူညီကြပါဆိုတဲ့ ကျွန်မတို့ရဲ့ဆန္ဒကို ထုတ်ဖော်ပြောချင်လို့ စီစဉ်လိုက်ရတဲ့ ဆွေးနွေးပွဲဖြစ်ပါတယ်။

ပိုပြီးတော့ အရေးကြီး

အခုကျွန်မတို့နိုင်ငံမှာဆိုရင် လူများစုဟာ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အားကိုးပြီးတော့ နေကြတယ်ဆိုတာ အများသိပြီးသား ဖြစ်ပါတယ်။ ၇၀ ရာခိုင်နှုန်းလောက်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ရဲ့ စီးပွားရေးမူဝါဒထဲမှာဆိုရင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ခေတ်မီအောင်လုပ်ဖို့ကို ထည့်ထားတာ ဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ ခေတ်မီတယ်ဆိုတာ အခုခေတ်မဟုတ်ဘူး။ နောင်ခေတ်အတွက်ပါ စဉ်းစားစေချင်ပါတယ်။ ကမ္ဘာကြီးမှာ အစားအစာဖူလုံရေးဟာ အင်မတန်မှ အရေးကြီးတဲ့ကဏ္ဍတစ်ခုဖြစ်နေတယ်။ တစ်နှစ်ထက် တစ်နှစ်ပိုပြီးတော့ အရေးကြီးလာမှာ ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံရဲ့ စီးပွားရေးမူဝါဒကို ချမှတ်တဲ့အခါမှာ နောင်နှစ်အတွက် မဟုတ်ဘူး၊ နောက်ငါးနှစ်အတွက် မဟုတ်ဘူး။ နောင်ဆယ်စုနှစ်တွေအတွက် စဉ်းစားပြီးတော့ လုပ်ရမှာဖြစ်ပါတယ်။ အောင်မြင်တဲ့စီမံကိန်းဆိုတာ တစ်နှစ်အတွက်လည်းမဟုတ်ဘူး၊ ငါးနှစ်အတွက်လည်း မဟုတ်ဘူး၊ ဆယ်နှစ်အတွက်လည်း မဟုတ်ဘူး။ ဆယ်စုနှစ်တွေ ဆယ်စုနှစ်တွေအတွက် မျှော်မှန်းပြီးတော့ ချမှတ်မှ အောင်မြင်နိုင်မှာပါ။

အခုအချိန်မှာ ကျွန်မတို့နိုင်ငံက ဘယ်နေရာမှာ သိပ်ပြီးတော့ ကံကောင်းနေလဲဆိုတော့ နိုင်ငံကိုကူညီချင်တဲ့ မိတ်ဆွေနိုင်ငံများ၊ အဖွဲ့အစည်းများ အင်မတန်မှ များပြားနေပါတယ်။ ဒီနိုင်ငံတိုးတက်စေချင်တယ်။ ကျွန်မတို့ရဲ့တိုးတက်မှုဟာ ကမ္ဘာကြီးအတွက် အောင်မြင်မှုဆိုပြီးတော့ မြင်နေတဲ့ အဖွဲ့အစည်းများ၊ နိုင်ငံများ၊ မိတ်ဆွေများ ရှိပါတယ်။ ဒါဟာ ကျွန်မတို့အတွက် အင်မတန်မှ ထူးခြားတဲ့အခွင့်အရေးပါ။

မှန်မှန်ကန်ကန်ဆုံးဖြတ်

ကျွန်မတို့ရဲ့ အောင်မြင်ခြင်းဟာ ကမ္ဘာရဲ့အောင်မြင်ခြင်းပဲ။ ပြည်သူပြည်သားတွေရဲ့ အောင်မြင်ခြင်းဟာ ကမ္ဘာ့ပြည်သူပြည်သားတွေရဲ့ အောင်မြင်ခြင်းပဲဆိုပြီးတော့ အဲဒီလို မိတ်ဆွေတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ၊ အဖွဲ့အစည်းတွေရှိနေလို့ ဒီအခွင့်အရေးကို မိမိရရဆုပ်ကိုင်ပြီးတော့၊ ဆက်ပြီးတော့ ချီတက်သွားရမှာဖြစ်ပါတယ်။ ဒါကြောင့် အစောဆုံးလုပ်တဲ့ ကိစ္စတစ်ခုက ဘာလဲဆိုတာ ကျွန်မတို့ရဲ့ မိတ်ဖက်များ၊ ကျွန်မတို့ကို ကူညီမစချင်တဲ့ အဖွဲ့အစည်းများ၊ အလှူရှင်များ အားလုံးပူးပေါင်းဆောင်ရွက်နိုင်ဖို့အတွက် အစီအစဉ်တစ်ခု ချပါတယ်။ အဲဒါကတော့ ဖွံ့ဖြိုးတိုးတက်မှု မိတ်ဆွေများ၊ မိတ်ဖက်များ အားလုံးစုပေါင်းပြီးတော့ ဆွေးနွေးနိုင်တဲ့ အဖွဲ့အစည်းလေးတစ်ခု ဖွဲ့စည်းပြီးဖြစ်ပါတယ်။ ဒီအဖွဲ့အစည်းလေးကို ဖွဲ့လိုပြီးပါပြီ။ အသေးစိတ်ဘယ်လိုဆက်ပြီးတော့ လုပ်မလဲဆိုတာတော့ ဆက်ပြီးတော့ ပြောပါမယ်။

အဲဒီတော့ ဒီလို ဘာလို့ဖွဲ့စည်းရလဲဆိုတာ စောစောက ပြောခဲ့တဲ့ အတိုင်းပဲ ကျွန်မတို့ကို ကူညီချင်တဲ့အဖွဲ့အစည်းများ၊ နိုင်ငံများ၊ လုပ်ငန်းရှင်များ အများကြီးရှိပါတယ်။ ဒါပေမယ့်လည်း တစ်ယောက်တစ်ပေါက်လုပ်နေတဲ့ အခါကျတော့ အားလုံး တိုင်တိုင်ပင်ပင် ညှိညှိနှိုင်းနှိုင်းနဲ့ လုပ်တာလောက်ကို အရာမရောက်ပါဘူး။ ဒါကြောင့်မို့ ဒီလိုအဖွဲ့အစည်း ဖွဲ့စည်းခြင်းဟာ ဘာဖြစ်မလဲဆိုတော့ နိုင်ငံရဲ့ အဓိကလိုအပ်ချက်တွေဟာ ဘာလဲ၊ ဘယ်နေရာတွေမှာ တိုးတက်ဖို့လိုလဲ၊ ရင်းနှီးမြှုပ်နှံမှုတွေဟာ ဘယ်ဘက်ကို သွားဖို့လိုလဲ၊ အလှူရှင်တွေရဲ့ ပံ့ပိုးမှုတွေဟာ ဘယ်ကဏ္ဍတွေမှာ သုံးဖို့လိုလဲဆိုတာကို အားလုံး မှန်မှန်ကန်ကန်ဆုံးဖြတ်နိုင်ဖို့ အင်မတန်မှ အရေးကြီးပါတယ်။ ရသမျှအကူအညီများ အထိရောက်ဆုံးဖြစ်အောင် ဒီလိုအဖွဲ့အစည်းလေးကို ဖွဲ့လိုက်ခြင်း ဖြစ်ပါတယ်။

အမှားအယွင်းရှိရင် ခေါင်းခံ

ဒီအဖွဲ့အစည်းကို ကျွန်မအနေနဲ့ ဥက္ကဋ္ဌအဖြစ်နဲ့ ဦးဆောင်ပြီးတော့ စီမံ၊ ဘဏ္ဍာဝန်ကြီးက ဒု-ဥက္ကဋ္ဌအဖြစ်နဲ့ တာဝန်ထမ်းဆောင်သွားမှာ ဖြစ်ပါတယ်။ ပြီးတော့ အခုဘယ်ကဏ္ဍတွေမှာ အလိုအပ်ဆုံးလဲ၊ အကူအညီ အလိုအပ်ဆုံးလဲဆိုတာ အားလုံးဝိုင်းဝန်းပြီးတော့ ဆုံးဖြတ်ဖို့ဖြစ်ပါတယ်။ ဒီလိုလုပ်တဲ့အခါမှာ ပွင့်လင်းမြင်သာမှုရှိရမယ်။ တာဝန်ယူမှု ရှိရမယ်။ တာဝန်ယူမှုဆိုတာဟာ နိုင်ငံသူ နိုင်ငံသားတွေနဲ့ ပတ်သက်လို့သာ တာဝန်ယူမှု မဟုတ်ဘဲနဲ့ အလှူရှင်နိုင်ငံများကလည်း မိမိတို့ရဲ့ နိုင်ငံသူ နိုင်ငံသားတွေနဲ့ ပတ်သက်လို့ တာဝန်ယူမှုရှိရမယ်ဆိုတာ လက်ခံပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံတစ်နိုင်ငံရဲ့ ဘဏ္ဍာငွေကြေးဆိုတာ နောက်ဆုံးတော့ ပြည်သူ့ဆီကလာတာပါပဲ။ ပြည်သူ့ဆီကလာတဲ့ ဘဏ္ဍာငွေကြေးဖြစ်တဲ့အတွက် ဒီဘဏ္ဍာငွေကြေးကို ဘယ်လိုပုံစံနဲ့သုံးမယ်ဆိုတာ ပြည်သူ ပြည်သားများဟာ သိပိုင်ခွင့်ရှိပါတယ်။ ဆုံးဖြတ်ပိုင်ခွင့်လည်း အတိုင်းအတာတစ်ခုအထိ ရှိပါတယ်။ အတိုင်းအတာတစ်ခုချင်းကို ပြောချင်တာက ပြည်သူတွေရဲ့ လုပ်ပိုင်ခွင့်ကို မှေးမှိန်စေချင်လို့ မဟုတ်ပါဘူး။ ပြည်သူအားလုံးဟာ တစ်သဘောထားတည်း မဟုတ်ဘူးဆိုတော့ ပြည်သူအားလုံးရဲ့ သဘောထားနဲ့ကိုက်ညီတဲ့ မူဝါဒတွေ ချဖို့ဆိုတာကတော့ ခက်ခဲပါတယ်။ ဒါကြောင့်မို့ အုပ်ချုပ်တဲ့ အစိုးရများဟာ ဒီတာဝန်ကို ယူရပါတယ်။ ဒီတာဝန်ကိုယူတဲ့အခါမှာ တာဝန်ယူမှုဆိုတဲ့ အသိစိတ်ဓာတ်နဲ့ အမှားအယွင်းရှိရင်လည်း ခေါင်းခံရမယ်ဆိုတာကို အားလုံး နားလည်ဖို့က အရေးကြီးပါတယ်။ ဒီလိုဖွဲ့ဖြိုးတိုးတက်မှုနဲ့ ပတ်သက်ရင် ဘယ်နေရာတွေမှာ ပထမ ဘယ်လိုပုံစံနဲ့ ဖွဲ့ဖြိုးဖို့လိုလဲဆိုတာဟာ အလှူရှင်တွေရော၊ ဒီနိုင်ငံမှာရှိတဲ့ နိုင်ငံရဲ့စီးပွားရေးမူဝါဒကို ဆုံးဖြတ်နေတဲ့ အစိုးရပိုင်းကရော ဒီနိုင်ငံအတွင်းက စီးပွားရေးသမားတွေရဲ့အမြင်တွေကို လိုချင်ပါတယ်။

နောက်အလှူရှင်များလို့ဆိုတဲ့အခါမှာ ပြည်တွင်းအလှူရှင်များကိုလည်း ပါဝင်စေချင်ပါတယ်။ ကျွန်မတို့နိုင်ငံဟာ စီးပွားရေးသမားတွေထဲမှာဆိုရင် အင်မတန်မှ အောင်မြင်နေတဲ့စီးပွားရေးသမားတွေ ရှိပါတယ်။ အခု ဒီအစည်းအဝေးကို ဖိတ်တဲ့အခါမှာ တက်ချင်တဲ့ပုဂ္ဂိုလ်များလွန်းလို့ ဘယ်လိုပုံစံနဲ့ ဘယ်သူတွေကို ဖိတ်မလဲဆိုတာဆွေးနွေးတဲ့အခါ အခွန်အကောက်အများဆုံး ပေးတဲ့စီးပွားရေးလုပ်ငန်း ၁၀၀ ကို ဖိတ်မယ်ဆိုပြီးတော့ ပထမဦးဆုံး ဒီလိုပဲ ဆုံးဖြတ်ခဲ့ပါတယ်။ သို့သော်ငြားလည်း တက်ရောက်ချင်တဲ့ စီးပွားရေးလုပ်ငန်းရှင်များ၊ အဖွဲ့အစည်းများက များတဲ့အခါကျတော့ ဒါကို တိုးပြီးတော့ ၁၅၈ ဦး

စာမျက်နှာ ၇ သို့

လမ်းသစ်တစ်ခုကို လျှောက်တယ်ဆိုတာဟာ လမ်းဟောင်းလျှောက်တာထက် အများကြီးသတ္တိရှိဖို့လို

✪ စာမျက်နှာ ၆ မှ

အထိ တိုးလိုက်ရပါတယ်။ ၁၅၈ ဦးသော အကောက်အခွန်အများဆုံးပေးသော လုပ်ငန်းရှင်များကိုဖိတ်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

အကောက်အခွန်ပေးခြင်းဆိုတာဟာ ကိုယ့်ရဲ့နိုင်ငံကို ထောက်ပံ့ခြင်းပဲ ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့လည်ပတ်မှု၊ နိုင်ငံတစ်နိုင်ငံရဲ့ အောင်အောင်မြင်မြင်လည်ပတ်မှုဆိုတာဟာ နိုင်ငံရဲ့ဘဏ္ဍာတော်ငွေ အခြေအနေအပေါ်မှာ အများကြီးတည်ရှိပါတယ်။ အခွန်အကောက်ပေးခြင်းဆိုတာကို ပြည်သူပြည်သားများအားလုံးက ဂုဏ်ယူရမယ့်ကိစ္စပါ။ ဒါဟာ တာဝန်လည်းဖြစ်တယ်။ ဒါဟာ ကိုယ့်ရဲ့ဂုဏ်သရေလည်းဖြစ်ပါတယ်။ တချို့နိုင်ငံတွေက ပြည်သူပြည်သားတွေ ပြောတဲ့စကားကို ကျွန်မနားထဲမှာ ကြားယောင်နေပါတယ်။ ငါတို့က အကောက်အခွန်မှန်မှန်ပေးနေတဲ့ နိုင်ငံသူနိုင်ငံသားတွေ၊ ပြောချင်တာက ဒါကြောင့်မို့လို့ ငါတို့ဟာ နိုင်ငံသူနိုင်ငံသားများ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေအားလုံးကို ရပိုင်ခွင့်ရှိတဲ့လူတွေဆိုပြီးတော့ ဝင့်ကြွားစွာပြောတာကို ကြားဖူးပါတယ်။ ပြည်သူပြည်သားများ၊ စီးပွားရေး လုပ်ငန်းရှင်များကိုလည်း ဒီလိုမာနမျိုးထားစေချင်ပါတယ်။ ငါတို့ဟာ အပြည့်အဝ နိုင်ငံတော်ကို ဆောင်ရမယ့်အခွန်တွေကို ဆောင်နေတဲ့ ပြည်သူပြည်သားတွေဖြစ်လို့ ငါတို့ဟာ ပြည်သူပြည်သားတွေ ရသင့်ရထိုက်တဲ့ အခွင့်အရေးအားလုံး ရထိုက်တယ်ဆိုတဲ့ မာန်မာနမျိုးကိုတော့ ထားစေချင်ပါတယ်။

ဦးဆောင်လမ်းပြဖြစ်စေချင်

အခွန်အကောက်နဲ့ပတ်သက်လို့ဆွေးနွေးတဲ့အခါမှာ မကြာခဏ ပြောရပါတယ်။ အခွန်အကောက်ပေးခြင်းဆိုတာ ယဉ်ကျေးမှုတစ်ခုပါ။ ဒါဟာ ဥပဒေနဲ့လုပ်ရုံနဲ့ မပြီးပါဘူး။ ဥပဒေလည်းလိုတယ်၊ အခွန်အကောက်ဥပဒေတွေရှိတယ်။ သို့သော်ငြားလည်း အခွန်အကောက်ဘာဖြစ်လို့ ပေးဖို့လိုလဲဆိုတာဟာ ပြည်သူပြည်သားတွေက နားလည်ပြီးတော့ ရှောရှောရှူရှူ လိုလိုလားလားနဲ့ ဒီအခွန်တွေပေးမှသာလျှင် နိုင်ငံမှာ အခွန်အကောက်ယဉ်ကျေးမှုတစ်ခု တည်တံ့ခိုင်မြဲသွားပြီလို့ ပြောလို့ရမှာပါ။

အခွန်အကောက်ယဉ်ကျေးမှုထူထောင်ဖို့ဆိုတာဟာ ပထမဦးဆုံး အခွန်အကောက်ဥပဒေများဟာ မှန်ကန်ရမယ်၊ ပြည်သူပြည်သားများ နားလည်လွယ်ရမယ်။ နောက်ပြီးတော့ ဘာကြောင့် အခွန်အကောက်တွေပေးလဲဆိုတာကိုလည်း သဘောပေါက်ရမယ်။ အဲဒီမှာ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေက ရှေ့တန်းကနေပြီးတော့ ဦးဆောင်လမ်းပြဖြစ်စေချင်ပါတယ်။ စီးပွားရေးလုပ်ငန်းရှင်ကြီးများအနေနဲ့ နိုင်ငံရဲ့ဘဏ္ဍာကို ပံ့ပိုးပေးရတဲ့ ဂုဏ်သရေကို တန်ဖိုးထားစေချင်ပါတယ်။

လမ်းမှန်ပေါ်မှာ လျှောက်နိုင်မှာ

ဘယ်လိုပုံစံနဲ့ ပြည်သူပြည်သားတွေနဲ့နိုင်ငံကို ဘယ်လိုပံ့ပိုးနိုင်မလဲဆိုတဲ့စိတ်ဓာတ်နဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးများကိုဆက်ပြီးတော့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို ပံ့ပိုးပေးစေချင်ပါတယ်၊ ခေတ်သစ်တစ်ခု ထွန်းကားပြီဆိုတဲ့အချိန်မှာ အားလုံးအတွက် လိုအပ်တဲ့အရာ သုံးမျိုးရှိတယ်လို့ ထင်ပါတယ်။

ပညာ၊ စေတနာ၊ သတ္တိ။ ဘယ်လိုပုံစံပြောင်းလဲမလဲဆိုတဲ့ ပညာဟာ ကျွန်မတို့အားလုံးမှာရှိဖို့ အင်မတန်မှအရေးကြီးပါတယ်။ မှန်မှန်ကန်ကန် ဘယ်လမ်းကို သွားမယ်ဆိုတာကို ရွေးတတ်မှသာ လမ်းမှန်ပေါ်ရောက်သွားမှာပါ။ လမ်းမှန်ဟာ ဘယ်လမ်းလဲဆိုတာသိရဲ့သားနဲ့ ဒီလမ်းကို သွားချင်တဲ့ စေတနာလည်းရှိဖို့လိုပါတယ်။ ကိုယ့်အကျိုးအတွက်၊ ကိုယ့်အဖွဲ့အစည်း အကျိုးအတွက်၊ ကိုယ့်စီးပွားရေးလုပ်ငန်းအကျိုးအတွက်မဟုတ်ဘဲနဲ့ နိုင်ငံအကျိုးအတွက် လုပ်ပေးချင်တဲ့စေတနာရှိမှပဲ လမ်းမှန်ပေါ်မှာလျှောက်နိုင်မှာပါ။

ပညာအရ ကျွမ်းကျင်တဲ့ပညာရှင်များ၊ နိုင်ငံတကာမှ မိတ်ဖက်များ၊ ဘယ်လိုလမ်းကိုလျှောက်သင့်တယ်၊ ဘာလုပ်သင့်တယ်ဆိုတဲ့ မူဝါဒတွေ ချပေးလည်း ချပေးတဲ့ ဒီလမ်းကို သွားချင်တဲ့စေတနာမရှိရင်တော့ နိုင်ငံအတွက် ပြဿနာတွေရှိပါလိမ့်မယ်။ နိုင်ငံတိုးတက်ဖွံ့ဖြိုးဖို့အတွက်၊ စီးပွားရေးဖွံ့ဖြိုးဖို့အတွက် ပညာပြီးရင် စေတနာလိုပါတယ်။ ဒီစေတနာနဲ့ ဆက်သွားမှသာလျှင် အောင်မြင်နိုင်မှာပါ။ တတိယအရာကတော့ သတ္တိလိုပါတယ်။

သတ္တိရှိရှိနဲ့ မိမိရရဆုပ်ကိုင်

လမ်းသစ်တစ်ခုကိုလျှောက်တယ်ဆိုတာဟာ လမ်းဟောင်းလျှောက်တာထက် အများကြီးသတ္တိလိုပါတယ်။ ကိုယ်လျှောက်လာတဲ့လမ်းဟောင်းဟာ နှစ်ပေါင်းများစွာ လျှောက်လာတဲ့လမ်းဟောင်းဆိုတာ ကိုယ်ကသိနေပြီဆိုတော့ ပိုပြီးတော့ လွယ်ကူသလို၊ ပိုပြီးတော့ အဆင်ချောသလိုထင်နိုင်ပါတယ်။ သို့သော် လမ်းသစ်ကိုလျှောက်ဖို့ အခွန်ရောက်ပြီဆိုရင် ဒီလမ်းသစ်ကိုလျှောက်နိုင်တဲ့သတ္တိတော့ အားလုံးမှာလိုအပ်ပါတယ်။ အခု၏ကေ အရင်တုန်းကအတိုင်း ဆက်ပြီးသွားတာကို သတ္တိလို့ထင်ကြပါတယ်။ ငါတို့ကတော့ စိတ်ထားမပြောင်းဘူး၊ အရင်အတိုင်းဆိုတာ ဘာမှ ဂုဏ်ယူစရာမဟုတ်ပါဘူး၊ ခေတ်သစ်မှာ နိုင်ငံသူ နိုင်ငံသား၊ ပြည်သူပြည်သားအားလုံးကို အခွင့်အရေးသစ်တွေကို ပေးနေတာပါ။ ဒီအခွင့်အရေးတွေကို စေတနာရှိရှိ၊ သတ္တိရှိရှိနဲ့ မိမိရရဆုပ်ကိုင်ပြီးတော့ ဆက်ပြီးတော့ နိုင်ငံရဲ့တိုးတက်မှုအတွက် လုပ်ပေးစေချင်ပါတယ်။

နိုင်ငံရဲ့တိုးတက်မှုအတွက်ဆိုတာ အားလုံးပါဝင်ဖို့ ဖြစ်ပါတယ်။ အခုခေတ်မှာဆိုရင် အားလုံးပါဝင်ဖို့ကို သိပ်သုံးကြပါတယ်။ ပါဝင်သင့်၊ ပါဝင်ထိုက်သူများအားလုံး ပါဝင်သင့်တဲ့နေရာကပါဝင်ဖို့ ဆိုရိုးစကားအတိုင်းပြောရမယ်ဆိုရင် လူမှန်၊ နေရာမှန်လုပ်မှ အောင်မြင်နိုင်မှာပါ။ လူမှန်နေရာမှန်ဆိုတာ အဲဒီမှာ စီးပွားရေးလုပ်ငန်းရှင်များအတွက် နေရာမှန်ရှိပါတယ်။ နိုင်ငံတိုးတက်ဖို့အတွက်၊ ဖွံ့ဖြိုးဖို့အတွက် လုပ်ပေးနိုင်တဲ့နေရာမှန်ရှိပါတယ်။ ဒီလိုလုပ်တဲ့အခါမှာ ဖြောင့်ဖြောင့်မတ်မတ်နဲ့ အားလုံးလုပ်ဖို့လိုပါတယ်။ စီးပွားရေးအောင်မြင်ဖို့ဆိုတာ ယုံကြည်မှုဟာ အဓိကဖြစ်တယ်ဆိုတာ စီးပွားရေးလုပ်ငန်းရှင်ကြီးများသိပြီးသားဖြစ်ပါတယ်။ ယုံကြည်မှုရှိဖို့ဆိုရင် စီးပွားရေးလောကမှာ ဖြောင့်ဖြောင့်မတ်မတ်လုပ်တယ်ဆိုတာကို ကမ္ဘာကသိဖို့လိုပါတယ်။ တိုတို ပြောရမယ်ဆိုရင် အဂတိလိုက်စားမှု ကင်းရှင်းဖို့လိုပါတယ်။ အဂတိလိုက်စားမှု ကင်းရှင်းဖို့ဆိုတာ ပြည်သူပြည်သားတစ်ယောက်ချင်း၊ တစ်ဦးချင်း၊ လုပ်ငန်းရှင်ကြီးများ တစ်ဦးချင်း၊ တစ်ယောက်ချင်း၊ အဖွဲ့အစည်းများ တစ်ခုချင်းပေါ်မှာ အများကြီး မူတည်ပါတယ်။

နိုင်ငံတစ်နိုင်ငံလုံးအကျိုး

ဆန္ဒ၊ ဒေါသ၊ ဘယာ၊ မောဟ ဒီလိုအဂတိလိုက်စားမှုဖြစ်စေခြင်းကို ထိန်းထားနိုင်တာ ပထမဆုံးပြောသွားတဲ့ တရားဥပဒေစိုးမိုးရေးပါပဲ။ တရားဥပဒေစိုးမိုးရေးရဲ့ အဓိကရည်ရွယ်ချက်တစ်ခုက ဒါပါပဲ။ ဆန္ဒ၊ ဒေါသ၊ ဘယာ၊ မောဟ အဂတိလိုက်စားမှုဖြစ်စေတဲ့ စိတ်ဓာတ်များကို ထိန်းသိမ်းထားနိုင်ဖို့ပါပဲ။ ကိုယ့်ဆန္ဒအရ လုပ်ချင်တိုင်း လုပ်လို့မဖြစ်ဘူး၊ ဥပဒေကနေ ခွင့်ပြုသလောက်ပဲ လုပ်ရမယ်၊ မှန်မှန်ကန်ကန်လုပ်ရမယ်၊ မျှမျှတတလုပ်ရမယ်၊ ဒေါသကို အခြေခံပြီးတော့ တခြားသူကိုထိခိုက်စေချင်လို့ လုပ်လို့လည်းမဖြစ်ဘူး၊ မှန်မှန်ကန်ကန်လုပ်ရမယ်၊ နိုင်ငံတစ်နိုင်ငံလုံးအကျိုးအတွက် အောင်မြင်ဖို့အတွက် လုပ်ရပါမယ်။

ဘယာဆိုတဲ့ကြောက်ရွံ့မှု ကျွန်မတို့ဟာ ဒီမိုကရေစီစနစ်ကိုထူထောင်နေတဲ့ အချိန်ကာလဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်အောက်မှာဆိုရင် တရားဥပဒေဘောင်အတွင်းမှာ မှန်မှန်ကန်ကန်လုပ်တဲ့ပုဂ္ဂိုလ်တွေ ဘယ်သူမှကြောက်ရွံ့စရာမလိုပါဘူး။ အခုဆိုရင် ပထမဦးဆုံး ခြောက်လအတွင်းမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ နှေးကွေးတယ်ဆိုပြီးတော့ ဝေဖန်တာတွေရှိပါတယ်။ ဝေဖန်ချက်တွေကို နားထောင်ပါတယ်။ လက်ခံပါတယ်။ ပိုပြီးတော့ မြန်မြန်သွက်သွက်လက်လက်နဲ့ ဖွံ့ဖြိုးတိုးတက်ဖို့ ကြိုးစားပါတယ်။ အမှန်ဆုံးဖြစ်စေချင်တာ ကျွန်မတို့အစိုးရလောက်မြန်ချင်တာ ဘယ်သူမှမရှိဘူးလို့ ပြောချင်ပါတယ်။ စီးပွားရေးတိုးတက်မှုမြန်ဆန်အောင်လုပ်ပေးနိုင်မှသာလျှင် ထူထောင်ချင်တဲ့ စနစ်ကို မြန်မြန်ဆန်ဆန် အမြစ်တွယ်အောင် လုပ်နိုင်မှာဖြစ်ပါတယ်။

ပစ်စာကတော့ လက်ခံလို့မဖြစ်

ကြောက်ရွံ့မှုရှိဖို့မလိုဘူး၊ ဘယာကတိရှိဖို့မလိုဘူးလို့ ပြောခြင်းဟာ အခုဒီမိုကရေစီစနစ်ကို ထူထောင်လိုက်တဲ့အခါမှာ အဂတိလိုက်စားမှုရှိရင် ပြည်သူပြည်သားများဟာ ပွင့်ပွင့်လင်းလင်းသတ္တိရှိရှိနဲ့တိုင်လို့ရပါတယ်။ ဒီကိစ္စကို အစိုးရပိုင်း၊ ဌာနပိုင်းဆိုင်ရာကို အသိပေးလို့ရပါတယ်။ ဒီလိုအသိပေးလို့ ဘာမှကိုယ့်အတွက်အန္တရာယ်မရှိဘူးဆိုတာကို ကျွန်မအနေနဲ့အာမခံချက်ပေးပါတယ်။ သို့သော်ငြားလည်း ပစ်စာတွေကို အားပေးတာ မဟုတ်ပါဘူး။ တိုင်ရဲရင် တာဝန်ခံရဲရမယ်။ ကျွန်တော် ဘယ်သူပါ၊ ကျွန်မဘယ်သူပါ၊ ကျွန်မတို့အမျိုးသားမှတ်ပုံတင်က ဘယ်လောက်ပါ၊ ဘယ်လိုအဂတိလိုက်စားမှုနဲ့ ကြုံတွေ့ရပါတယ်ဆိုတဲ့ သက်ဆိုင်ရာဌာနများ၊ ကျွန်မတို့ဝန်ကြီးဌာနဖြစ်တဲ့ အတိုင်ပင်ခံဝန်ကြီးဌာနရုံးကို ရေးလို့ရပါတယ်။ ဒီလိုရေးလို့ တိုင်လို့ရအောင်လို့လည်း အားလုံးကို ဘယ်လိုဆက်သွယ်ရမလဲဆိုတာကို သတင်းဖြန့်ချိပေးမှာဖြစ်ပါတယ်။ အားလုံးမှာ တာဝန်ရှိပါတယ်။

အောက်ကလူတွေက ကျွန်မကို ပြောကြပါတယ်။ ဝန်ကြီးတွေကတော့ သန့်ရှင်းပါတယ်။ အောက်ကလူတွေကတော့ အရင်အတိုင်းပဲတဲ့။ အရင်အတိုင်းပဲဆိုရင် ဝန်ကြီးတွေကို သတိပေးရမယ်။ ဝန်ကြီးတွေက ဖြောင့်မတ်သန့်ရှင်းတယ်လို့ယုံကြည်ရင် ဝန်ကြီးတွေကို အသိပေးမယ်။ ဝန်ကြီးအောက်ကဖြင့် ဘယ်သူ၊ ဘယ်နေရာမှာဖြင့် ဘယ်လိုလုပ်နေပါတယ်လို့ သတ္တိရှိရှိနဲ့ အသိပေးပါ။ တိုင်တဲ့သူတွေရဲ့နာမည်ကို ဖော်ထုတ်ပြမှာမဟုတ်ပါဘူး။ သို့သော်ငြားလည်း ပစ်စာဆိုတာကို လက်မခံတာကြောင့် နာမည်တော့ခံရမယ်။ ကျွန်တော်၊ ကျွန်မဟာ ဘယ်သူ၊ ဘယ်ဝါပါ မှတ်ပုံတင်နံပါတ် ဘယ်လောက် ဘယ်လောက်ပါ။ ဒီလောက်ကတော့ ပြောရမယ်။ မပြောဘဲနဲ့ တိုင်တာဆိုတာ ပစ်စာမြောက်ပါတယ်၊ ပစ်စာကတော့ လက်ခံလို့မဖြစ်ပါဘူး။

အသက်မွေးဝမ်းကျောင်းပညာ

ပြည်သူ ပြည်သားများဟာ နိုင်ငံအတွင်းမှာ အဂတိလိုက်စားမှု ပျောက်ကင်းသွားဖို့အတွက် တစ်ဦးချင်းမှာ တာဝန်ရှိတယ်လို့ လက်ခံပြီးတော့ သိသင့်၊ သိထိုက်တဲ့ကိစ္စများကို အထက်အရာရှိများ၊ ဝန်ကြီးများ သိအောင်လို့ အကြောင်းကြားပေးပါလို့ မေတ္တာရပ်ခံချင်ပါတယ်။ အားလုံးမှာ တာဝန်ရှိပါတယ်။ နိုင်ငံသူ နိုင်ငံသားများရဲ့အရည်အချင်း တန်ဖိုးကသာလျှင် နိုင်ငံရဲ့ တိုးတက်ဖွံ့ဖြိုးမှုကိုဖြစ်စေမှာပါ။ ဒါဟာ တာဝန်ယူမှုပါပဲ။ မောဟဆိုတာကတော့ နောက်ဆုံးကတော့ မသိတတ်တဲ့ ကိစ္စပေါ့။ "ဆန္ဒ၊ ဒေါသ၊ ဘယာ၊ မောဟ" မသိတတ်ခြင်း ဆိုတာဟာ လောကီအရ ပြောနေတာပါ။ လောကီအရ ပညာအရ မစုံလင်ခြင်း၊ မသိတတ်ခြင်းဆိုတာကတော့ နိုင်ငံမှာ ဒီကိစ္စကို ကိုင်တွယ်ဖို့ အများကြီးတာဝန်ရှိပါတယ်။

ပညာရေးစနစ်ဟာ နှစ်ပေါင်းများစွာ၊ ဆယ်စုနှစ်ပေါင်းများစွာနောက်ကျကျန်ခဲ့ပါတယ်။ ပညာရေးစနစ်ကို မြှင့်တင်ဖို့၊ ပြည်သူပြည်သားတွေရဲ့ အရည်အချင်းကို မြှင့်တင်ဖို့ဟာ အစိုးရရဲ့တာဝန်ဖြစ်ပါတယ်။ ဒီလိုမြှင့်တင်တဲ့အခါမှာ အနာဂတ်ကိုကြည့်ပြီးတော့ ဆက်သွားချင်ပါတယ်။ အသက်မွေးဝမ်းကျောင်းပညာကို အထူးအလေးထားပြီး၊ တန်ဖိုးထားပြီး ပိုပြီးတော့ တိုးတက်အောင်လုပ်ဖို့ ဆန္ဒရှိပါတယ်။

ဘွဲ့တွေ အများကြီးရထားပြီး

ကမ္ဘာ့နိုင်ငံတွေထဲက အတိုးတက်ဆုံး၊ အဖွံ့ဖြိုးဆုံးနိုင်ငံတွေထဲမှာ ဘယ်လိုနိုင်ငံမျိုးပါလဲဆိုတော့ အသက်မွေးဝမ်းကျောင်းပညာကို တက္ကသိုလ်ပညာနဲ့ တန်းတူတန်ဖိုးထားပြီး တန်းတူတန်ဖိုးကို ပညာကိုလူထုက လက်ခံအောင်လို့ လုပ်နိုင်တဲ့နိုင်ငံတွေပါပါတယ်။ အသေးဆုံးဆိုပေမယ့် အချမ်းသာဆုံးနိုင်ငံများ၊ အသက်မွေးဝမ်းကျောင်းပညာကို အားပေးတဲ့နိုင်ငံများ ပါနေပါတယ်။ အခုအရှေ့တိုင်းနိုင်ငံတွေကတော့ တက္ကသိုလ်ပညာကို အသက်မွေးဝမ်းကျောင်းပညာထက် အများကြီးအလေးထားတာ၊ တန်ဖိုးထားတာကို တွေ့ရပါတယ်။ ဒီစိတ်တွေကို ပြောင်းလဲစေချင်ပါတယ်၊ ပညာဆိုတာဘာလဲ၊ အဲဒီအခြေခံကိုပြန်စဉ်းစားပါ။ ပညာဆိုတာဟာ အခြေအနေတစ်ခုကိုသုံးသပ်ပြီး မှန်မှန်ကန်ကန်ဆုံးဖြတ်နိုင်တဲ့ အရည်အချင်းပဲဖြစ်ပါတယ်။

တက္ကသိုလ်သွားတွေ ဘယ်လောက်ပဲ ရထား၊ ရထား အခြေအနေတစ်ခုကို မှန်မှန်ကန်ကန်ဆုံးဖြတ်ပြီး လုပ်သင့်လုပ်ထိုက်တာကို လုပ်နိုင်တဲ့အရည်အချင်းမရှိဘူးဆိုရင် ပညာမရှိဘူးလို့ဘဲ သတ်မှတ်ရမှာပါ။ အသက်မွေးဝမ်းကျောင်းပညာ ကောင်းကောင်းမွန်မွန်တတ်ထားတဲ့ပုဂ္ဂိုလ်တစ်ယောက်ဟာ သူ့ဘဝမှာ ရင်ဆိုင်ရမယ့် စိန်ခေါ်မှုတွေကို သေသေချာချာသုံးသပ်ပြီး ကျော်လွှားနိုင်တဲ့ အရည်အချင်းရှိပြီဆိုရင် သူဟာပညာတတ်ပဲ။ တက္ကသိုလ်က ဘွဲ့တွေ အများကြီးရထားပြီးတော့ အိမ်ကနံရံပေါ်မှာ ဘွဲ့နှင်းသဘင်တွေမှာ တက်ရောက်ထားတဲ့ ဓာတ်ပုံတွေ အများကြီးချိတ်ထားပြီးတော့ တကယ့်ပြဿနာရှိတဲ့အခါမှာ ရင်မဆိုင်နိုင်ဘူး၊ တကယ် ကိုယ့်အသက်မွေးဝမ်းကျောင်းအတွက် ထိထိရောက်ရောက်မလုပ်နိုင်ဘူးဆိုရင် ကျွန်မတို့ ပညာတတ်လို့ သတ်မှတ်နိုင်ပါ့မလား။

"ခရိုနီ"ဆိုတဲ့ အသုံးအနှုန်း

ဒါကိုစဉ်းစားစေချင်ပါတယ်။ ပညာတတ်လို့ သတ်မှတ်တဲ့အခါမှာ ကိုယ့်အတွက် ပညာတတ်တာနဲ့၊ အများအတွက်ပညာတတ်တာကို နှစ်ခွဲခွဲပြီး တော့မြင်စေချင်ပါတယ်။ တချို့တွေက ကိုယ့်အတွက်တော့ ပညာအများကြီးတတ်ပါတယ်။ ပညာတတ်တယ်ဆိုတာထက် ပညာပြတတ်တယ်လို့ ဆိုချင်ပါတယ်။ ကိုယ့်အတွက်ကို ပညာပြတာထက် အများအတွက် ပညာရှိတာဟာ ပိုပြီးတော့ တန်ဖိုးရှိပါတယ်ဆိုတာလည်း ပြည်သူပြည်သားများနဲ့ လုပ်ငန်းရှင်ကြီးများကို သတိထားစေချင်ပါတယ်။ စီးပွားရေးလုပ်ငန်းရှင်ကြီးများကို အများကြီးအားကိုးပါတယ်။

ဒီအစိုးရမတက်ခင်ကတည်းက အားလုံးသိနေတဲ့ အင်္ဂလိပ်ဘာသာစကားကို မကျွမ်းကျင်ဘူးဆိုပေမယ့် သိနေတဲ့ အသုံးအနှုန်းတစ်ခုရှိပါတယ်။ "ခရိုနီ"ဆိုတဲ့ အသုံးအနှုန်းဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံ တစ်နိုင်ငံလုံးမှာ ပြန့်ပွားနေတဲ့ ခရိုနီ၊ စီးပွားရေးအောင်မြင်ကျော်ကြားနေတဲ့သူတွေက ခရိုနီတွေ၊ ပြောရမယ်ဆိုရင် အစိုးရနဲ့ အာဏာရှိတဲ့ပုဂ္ဂိုလ်များနဲ့ ပင်းပြီးတော့ သူတို့ရဲ့အောင်မြင်မှုအတွက်လုပ်တာ၊ တရားဥပဒေဘောင်အတွင်းက လုပ်တာ မဟုတ်ဘူး၊ အများပြည်သူအတွက်လုပ်တာ မဟုတ်ဘူးဆိုပြီး ဝေဖန်ချက်တွေရှိပါတယ်။ ဒီလိုဝေဖန်ချက်တွေကြားရတဲ့အခါမှာ ကျွန်မ စိတ်မကောင်းပါဘူး။ စိတ်မကောင်းဘူးဆိုတာ ပြည်သူပြည်သားများအချင်းချင်း ဘာလို့ ဒီလောက်စိတ်ဝမ်းကွဲနေကြပါသလဲ။ ကိုယ့်အတွက်ပဲလုပ်မယ်ဆိုတဲ့ လုပ်ငန်းရှင်ကြီးများ နိုင်ငံမှာ များနေသလား၊ ကိုယ်ကျိုးအတွက်ပဲကြည့်မယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေ ကျွန်မတို့နိုင်ငံမှာ များနေသလား၊ ဒီလိုမျိုးတွေရှိနေတယ်ဆိုရင် နိုင်ငံ့အတွက် အင်မတန်မှဝမ်းနည်းစရာဖြစ်ပါတယ်။

အခွင့်အရေးတွေ ပေးပါ့မယ်

ဒါပေမယ့် ကျွန်မယုံကြည်ချက်တစ်ခုက အတိတ်ဆိုတာဟာ ကိုယ့်ကိုယ် ကိုယ် ချည်နှောင်ထားဖို့မဟုတ်ဘူး။ သင်ခန်းစာယူပြီးတော့ ရှေ့ကိုဆက်သွားနိုင်ရမယ်။ တစ်ချိန်တစ်ခါတုန်းက ကိုယ့်အတွက်ပဲလုပ်ခဲ့တဲ့ပုဂ္ဂိုလ်တွေက နောင်တစ်ချိန်တစ်ခါမှာ အများအတွက်မလုပ်နိုင်ဘူးလား။ အများအတွက် လုပ်နိုင်တဲ့အရည်အချင်းတွေ သူတို့မှာမရှိဘူးလား။ ကိုယ့်အစုအဖွဲ့၊ ကိုယ့်ရဲ့ လုပ်ငန်း၊ ကိုယ့်ရဲ့ပတ်ဝန်းကျင်၊ ကိုယ့်ရဲ့မိသားစုအတွက်ပဲ စဉ်းစားခဲ့တဲ့ ပုဂ္ဂိုလ်များဟာ အမြင်ကျယ်လာပြီးတော့ တစ်တိုင်းပြည်လုံးအတွက် စဉ်းစားနိုင်တဲ့အရည်အချင်းတွေ မမွေးမြူနိုင်ဘူးလားဆိုတာကို ကျွန်မစဉ်းစားခဲ့ပါတယ်။ ကျွန်မကတော့ ဖြစ်နိုင်တယ်လို့ ယုံကြည်ပါတယ်။ ဖြစ်နိုင်ဖို့အတွက်ကိုလည်း အခွင့်အရေးတွေပေးပါ့မယ်။

ရင်းနှီးမြှုပ်နှံမှုဥပဒေမှာဆိုရင် တချို့တွေ ကြိုက်တာလည်းပါမယ်၊ မကြိုက်တာလည်းပါမယ်။ ဘာပဲလုပ်လုပ် ၁၀၀ ရာခိုင်နှုန်း အားလုံးကြိုက်တယ်၊ အားလုံး လက်ခံတယ်ဆိုတာ မဖြစ်နိုင်ပါဘူး။ တတ်နိုင်သမျှ ကျွန်မတို့နိုင်ငံမှာ မှန်ကန်တဲ့ရင်းနှီးမြှုပ်နှံမှုတွေ ပြည်တွင်းကရော ပြည်ပကပါ ဝင်လာအောင်လို့ ဒီဥပဒေကို ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။ တချို့က စိတ်ပူတယ်။ ပြည်ပကရင်းနှီးမြှုပ်နှံမယ့်လုပ်ငန်းတွေအတွက် အခွင့်အရေးတွေသိပ်ပေးရင် ပြည်တွင်းက လုပ်ငန်းရှင်များက ပြိုင်နိုင်ပါ့မလား။ ဒီလိုစိတ်ပူပန်မှုတွေမရှိပါနဲ့၊ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိပါ။ အခက်အခဲရှိရင် အသိပေးပါ။ နိုင်ငံတစ်နိုင်ငံရဲ့အစိုးရတာဝန်တစ်ခုဟာ ပြည်သူပြည်သားများရဲ့ အခက်အခဲကို ဖြေရှင်းပေးဖို့ပါ။ ပြည်သူပြည်သားတွေထဲမှာ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေပါပါတယ်။ ပြည်သူပြည်သားတွေထဲက ချမ်းသာကြွယ်ဝလာတာကို သဘောကျပါတယ်။ ဒါပေမယ့် ချမ်းသာကြွယ်ဝလာတာ မှန်ဖို့တော့လိုပါတယ်။ အရင်တုန်းက မှန်တာ၊ မမှန်တာ အတိတ်ကိုတော့ ပြန်ပြင်လို့မရတော့ဘူး။ ပစ္စုပ္ပန်မှာတော့ မှန်မှန်ကန်ကန်လုပ်သွားပါလို့ မေတ္တာရပ်ခံချင်ပါတယ်။

ဒီကနေ့ ပြောမယ့်ပုဂ္ဂိုလ်တွေက တစ်ယောက်ချင်း၊ တစ်ယောက်ချင်း ကိုယ့်ကဏ္ဍအရ ပြောသွားကြမှာ ဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုနဲ့ပတ်သက်ပြီးတော့ ပူးပေါင်းဆောင်ရွက်မယ့်အကြောင်း ပိုပြီးတော့ပြောပြချင်တဲ့ စိတ်ဆန္ဒရှိပေမယ့် အချိန်အကန့်အသတ်ကြောင့် အခုအချိန်မှာတော့ ပြောလို့မရပါဘူး။ မကြာမီကာလအတွင်း ဒီအဖွဲ့က ဘယ်လိုလုပ်ငန်းတာဝန်တွေကို ထမ်းဆောင်သွားမယ်ဆိုတာကို ရှင်းလင်းပြမှာ ဖြစ်ပါတယ်။ အဲဒီအခါကျရင် စီးပွားရေးလုပ်ငန်းရှင်များ၊ နိုင်ငံကို တိုးတက်စေချင်တဲ့ အလျှုရှင်များ၊ မိတ်ဖက်နိုင်ငံများကလည်း အကြံဉာဏ်တွေပေးပါလို့ ကျွန်မတို့က တောင်းခံပါတယ်။ အကြံဉာဏ်သစ်တွေကို ရင်ဆိုင်ဖို့၊ စဉ်းစားဖို့ မကြောက်ပါဘူး။ ပြည်သူပြည်သားများ၊ လုပ်ငန်းရှင်များဟာလည်း အတွေးအခေါ်အသစ်တွေ၊ အကြံအသစ်တွေနဲ့ ဆက်ပြီးတော့လုပ်ဖို့ မကြောက်ကြပါနဲ့၊ နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်ရေးကိုသာ စိတ်ထဲမှာထားပြီးတော့ ပိုင်းဝန်းပြီးတော့ ကူညီကြပါလို့ မေတ္တာရပ်ခံရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ ။

လူကြီးများအကောင်းဆုံးလုပ်နိုင်သည်မှာ လူငယ်များအတွက် တကယ့်ကိုတန်ဖိုးရှိပြီး ခေတ်အဆက်ဆက် တည်တံ့ခိုင်မြဲမည့် အမွေအနှစ်များထားခဲ့ရန်ပင်ဖြစ်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပသည့် 1st Myanmar Entrepreneurship Summit 2016 သို့ တက်ရောက်လာကြသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၂၂

မိမိတို့အစိုးရနှင့် စီးပွားရေးလုပ်ငန်းရှင်များ အားလုံးပူးပေါင်းဆောင်ရွက်မှ ဤနိုင်ငံ၏စီးပွားရေးသည် တိုးတက်နိုင်မည်ဆိုသည်မှာ အလွန်မှန်ကန်သည့်စကားပင်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ လူငယ်လုပ်ငန်းရှင်များက ပြောလာသည့်အတွက်လည်း မိမိအနေဖြင့် အလွန်အားရကျေနပ်ပါကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်။

အုပ်ချုပ်သည့်အစိုးရများသာ တာဝန်ရှိသည်ဟုဆိုပါက ဒီမိုကရေစီ ကြောင်း၊ ထို့အတွက် စွန့်ပစ်ပစ္စည်း ပြန်လည်အသုံးချသည့် လုပ်ငန်းများလည်း ကမ္ဘာ့အလယ်တွင် တင့်တယ်လာပြီဖြစ်ပါကြောင်း၊ တင့်တယ်လာပြီဆိုသည် စိတ်ဓာတ်မဟုတ်တော့ပါကြောင်း၊ ကိုယ့်မှာ တာဝန်မရှိ၊ ပြည်သူတွင် တာဝန်မရှိ၊ အုပ်ချုပ်သည့် အစိုးရများတွင်သာ တာဝန်ရှိသည်။ အောင်မြင်သည်၊ မအောင်မြင်သည်ဆိုသည်မှာ အုပ်ချုပ်သည့် အစိုးရတွင်သာ မူတည်သည်ဟု ဆိုပါက ပြည်သူများ၏ကဏ္ဍသည် ဘယ်ရောက်သွားမလဲ၊ ထို့အတွက် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် အုပ်ချုပ်ရေးတာဝန်ကိုယူထားသည့် ပုဂ္ဂိုလ်များနှင့် ပုဂ္ဂလိကပိုင်းမှ စီးပွားရေးလုပ်ငန်းရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုသည် မိမိတို့နိုင်ငံ စီးပွားရေးတိုးတက်ရန်အတွက် အဓိကကျသည့် ကိစ္စဖြစ်ပါကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားသည်။

မှန်မှန်ကန်ကန်အသုံးချ

မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပသော 1st Myanmar Entrepreneurship Summit 2016 ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၂)၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က လူကြီးနှင့် လူငယ်အကြား အဓိကကျသည့်ကွာခြားချက်မှာ အခွင့်အရေးပင်ဖြစ်ပါကြောင်း၊ လူငယ်များသည် လူကြီးများထက် များစွာအခွင့်အရေးရှိပါကြောင်း၊ အချိန်ကာလအားဖြင့်လည်း အခွင့်အရေးများရှိပါကြောင်း၊ စိတ်ဓာတ်အားဖြင့်လည်း တည်ထောင်ပိုင်ခွင့်များရှိပါကြောင်း၊ လူငယ်ဖြစ်၍ လူကြီးများထက် စိတ်ဓာတ်အားဖြင့်သာသည်ဟု မိမိမဆိုလိုပါကြောင်း၊ သို့ရာတွင် စိတ်ဓာတ်ကို ထူထောင်နိုင်ရန်အတွက် အခွင့်အရေးဆိုင်ရာတွင် လူငယ်များ၌ အလွန်များပြားပါကြောင်း။

ယခုခေတ်လူငယ်များသည် ယခင်ဆယ်စုနှစ်ခုခန့်က လူငယ်များနှင့် နှိုင်းယှဉ်ပါက ပညာရှာသည့်အခွင့်အရေးများ ပိုမိုများပြားပါကြောင်း၊ စီးပွားရေးနှင့်ပတ်သက်၍လည်း ယခုကဲ့သို့ ပွင့်လင်းမြင်သာသည့်ခေတ်တွင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာ၌ များစွာအခွင့်အရေးသာပါကြောင်း၊ အရေးကြီးသည်မှာ ရရှိသည့်အခွင့်အရေးများကို မှန်မှန်ကန်ကန်အသုံးချတတ်ရမည်ဖြစ်ပါကြောင်း။

ပူးပေါင်းဆောင်ရွက်

ယခုခေတ် လူငယ်များနှင့်ပတ်သက်၍ လုပ်ငန်းရှင်များသာမက လူငယ်တိုင်းနှင့် ပတ်သက်၍ မိမိပြောလိုသည့် စကားရှိပါကြောင်း၊ နေရာတိုင်းတွင် ခေါင်းဆောင်မှု အတတ်ပညာသင်တန်းများ တက်ရောက်ထားကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ကဏ္ဍများတွင် ခေါင်းဆောင်မှုကို မည်သို့ပေးရမည်၊ ခေါင်းဆောင်မှုကို မည်သို့ရယူရမည် စသည်တို့ကို သင်ယူကြရမည်ဖြစ်ပါကြောင်း၊ နောက်လိုက်ကောင်းဖြစ်အောင် သင်ရန်လိုပါကြောင်း၊ လိုရင်းပြောရလျှင် ပူးပေါင်းဆောင်ရွက်မှုဖြစ်ကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးကြီးပါကြောင်း။

လူငယ်စီးပွားရေးလုပ်ငန်းရှင်များသည် ရှေ့အနာဂတ် ဘယ်ကိုသွားမည်ဆိုသည်ကို သစ်လွင်သည့်အတွေးများဖြင့် ဆုံးဖြတ်စေလိုပါကြောင်း၊ မိမိတို့နိုင်ငံတစ်ဝန်းတွင် မည်သည့်နေရာသွားသွား စွန့်ပစ်ထားသည့် ပလတ်စတစ်စများ၊ ပစ္စည်းများဖြင့် အရုပ်ဆိုးအကျည်းတန်လျက်ရှိသည်ကို တွေ့မြင်နေရပါ ဖွံ့ဖြိုးတိုးတက်လာရန် လိုအပ်ပါကြောင်း၊ ယင်းသည် အနာဂတ်အတွက်ဖြစ်ပါကြောင်း၊ ယင်းကိစ္စကိုဆောင်ရွက်ရန်အတွက် အချက်တစ်ချက်မှာ ပညာပေးရေးဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသားများသည် မိမိအတွက်နှင့် မိမိပတ်ဝန်းကျင်အတွက် တာဝန်ယူနိုင်သည့် စိတ်ဓာတ်ပိုင်းတွင် အများကြီး အင်အားဖြည့်တင်းပေးရန် လိုနေပါသေးကြောင်း၊ ယင်းကို လူငယ်များက ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ လူငယ်တိုင်း လူငယ်တိုင်းသည် ယခုမှစတင်၍ မိမိ၏ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် ကိုယ်တာဝန်ယူပါရဲ့လားဟူသည့်ကိစ္စမှ စတင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ။

မိမိပတ်ဝန်းကျင်သန့်ရှင်းရေးအတွက်ပင် တာဝန်ယူမှုမရှိဘဲနှင့် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအဆောက်အအုံကြီးကို ဆောက်ပါမည်ဟု ဆိုလာပါက တစ်ခုခုတော့ လိုနေပြီဟု မိမိအနေဖြင့် ထင်ပါကြောင်း ၊ လူတိုင်းလူတိုင်းသည် မိမိနှင့်သက်ဆိုင်သည့် ကိစ္စရပ်အားလုံးအတွက် တာဝန်ယူစိတ်ရှိရမည်မှာ လူငယ်များ၏ သင်ယူရမည့်၊ ကျင့်ကြံယူရမည့် ပညာရပ်များပင်ဖြစ်ပါကြောင်း ပြောကြားသည်။

လုပ်ရည်ကိုင်ရည်ကိုမြှင့်တင်

မိမိတို့နိုင်ငံအတွက် စွန့်ပစ်ပစ္စည်းများသည် ပတ်ဝန်းကျင်ကို ညစ်ညမ်းစေသည့် အရာများမဟုတ်ဘဲနှင့် မိမိတို့နိုင်ငံသားများအတွက် အသုံးကျသည့် အရာများ ဖြစ်လာစေရန်အတွက် မည်သို့ဆောင်ရွက်မလဲဆိုသည်ကို လူငယ်များက လေ့လာဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ နောက်တစ်ချက်မှာ ပူးပေါင်းဆောင်ရွက်မှုဖြစ်ပါကြောင်း၊ အားလုံးပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ပြီး ယင်းစိတ်ဓာတ်သည် အလွန်အရေးကြီးပါကြောင်း၊ စီးပွားရေးလောကတွင် အပြိုင်အဆိုင်ဆိုသည်မှာ ရှိပါကြောင်း၊ ပြိုင်ဆိုင်ရာတွင်လည်း ကောင်းသောပြိုင်ဆိုင်ခြင်းသည် အရေးကြီးပါကြောင်း၊ တစ်ယောက်နှင့်တစ်ယောက် အနိုင်ယူရန်မဟုတ်ဘဲ မိမိ၏အစွမ်းအစကို မြှင့်တင်ခြင်းအားဖြင့်သာ အနိုင်ယူသင့်ပြီး သူတစ်ပါး၏အစွမ်းအစကို ချိုးဖဲ့ခြင်းအားဖြင့် အနိုင်မယူသင့်ကြောင်း၊ ယင်းသည်ပင် ကောင်းမွန်သော၊ သန့်ရှင်းသော ပြိုင်ဆိုင်မှုပင်ဖြစ်ပါကြောင်း၊ မိမိအစွမ်းအစနှင့် လုပ်ရည်ကိုင်ရည်ကို မြှင့်တင်ပေးခြင်းအားဖြင့် မိမိပတ်ဝန်းကျင်၊ မိမိအသိုက်အဝန်းနှင့် နောက်ဆုံးအားဖြင့် မိမိနိုင်ငံကို အကျိုးပြုစေခြင်းဖြစ်ပါကြောင်း။

စိတ်ဓာတ်အပြည့်မွေး

လူငယ်လုပ်ငန်းရှင်များသည် ယင်းသို့ ကောင်းသောပြိုင်ဆိုင်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အနာဂတ်ကို ပိုမိုကောင်းမွန်သည့် အနာဂတ်ဖြစ်စေရန် တည်ဆောက်ပေးရန်၊ အတွေးအခေါ်သစ်များကိုရှာကြရန်နှင့် မိမိတို့၏ လူငယ်လုပ်ငန်းရှင်များသည် တီထွင်သည့်နေရာတွင် စိတ်ဓာတ်အပြည့်မွေးကာ တတ်နိုင်သမျှ တိုးတက်စေရန်၊ ကြိုးပမ်းရန် အရေးကြီးပါကြောင်း၊ ယင်းသို့ တီထွင်ရာတွင် ကိုယ့်တစ်ယောက်တည်းအတွက် မဟုတ်ဘဲ ကိုယ့်နိုင်ငံ၏ အနာဂတ်အတွက် ကြိုးစားစေချင်သည်ဟု သတိပေးလိုပါကြောင်း ၊ မိမိတို့နိုင်ငံသည် ကမ္ဘာ့အလယ်တွင် ဂုဏ်ဝင့်ကြွားစွာမနေနိုင်ခဲ့သည်မှာ အတော်ကြာပြီဖြစ်ပါကြောင်း၊ သို့သော်လည်း ထိုသို့သောအခြေအနေမျိုး နောက်ထပ်မပေါ်ပေါက်လာဘူးဟုပြော၍ မရပါကြောင်း၊ ယခုပစ္စုပ္ပန်တွင် မိမိတို့၏ ကြိုးပမ်းချက်အရ ကမ္ဘာ့အလယ်တွင် ဂုဏ်ဝင့်ကြွားစွာမနေနိုင်ခဲ့သည်မှာ အတော်ကြာပြီ ဖြစ်ပါကြောင်း၊ သို့သော်လည်း ထိုသို့သောအခြေအနေမျိုး နောက်ထပ်မပေါ်ပေါက်လာဘူးဟုပြော၍ မရပါကြောင်း၊ ယခုပစ္စုပ္ပန်တွင် မိမိတို့၏ ကြိုးပမ်းချက်အရ မှာလည်း သူတစ်ပါးကို ကျောချင်၍ မဟုတ်ပါကြောင်း၊ သူများနိုင်ငံအပေါ် အနိုင်ယူချင်၍ မဟုတ်ပါကြောင်း၊ မိမိနိုင်ငံသူ နိုင်ငံသားများသည် ဒီနိုင်ငံသူ နိုင်ငံသားဖြစ်ရ၍ ဂုဏ်ယူစေချင်၍ မိမိတို့ နိုင်ငံသားများအတွက် စိတ်အားထက်သန်စေလိုရ၍ဖြစ်ပါကြောင်း၊ ဥပမာအားဖြင့် မိမိကို အချို့ကမေးပါကြောင်း၊ မြန်မာ့ယဉ်ကျေးမှုကို မြန်မာလူငယ်များ လေးစားစေရန်၊ တန်ဖိုးထားစေရန် ပြောပေးပါ၊ တိုက်တွန်းဆော်သြပေးပါဟု ပြောကြကြောင်း၊ မိမိက တိုက်တွန်းဆော်သြ၍ မရကြောင်း၊ လုပ်ပြမှရမည်ဖြစ်ကြောင်း။

ဂုဏ်သရေရှိစွာနေထိုင်

ဒီနိုင်ငံက နိုင်ငံသူနိုင်ငံသားဖြစ်ရကျိုးနပ်သည်၊ ဒီနိုင်ငံသူနိုင်ငံသားဖြစ်ရတာ ငါတို့အတွက် ဂုဏ်ယူဖွယ်ရာဖြစ်သည်ဟု ခံစားရပါက လူငယ်များသည် ကိုယ့်ယဉ်ကျေးမှုကို တန်ဖိုးထားလာမည်ဖြစ်ပါကြောင်း၊ ကိုယ့်ထုံးတမ်းစဉ်လာများကို အလေးထားတန်ဖိုးထား နားလည်လာမည်ဖြစ်ပါကြောင်း၊ အတင်းလုပ်ခိုင်း၍ မရပါကြောင်း၊ မျိုးချစ်စိတ်ဟူသည်မှာ စာတန်းကြီးများထိုး၍ ကိုယ့်နိုင်ငံကိုချစ်ပါဟု ပြော၍လည်း မရပါကြောင်း၊ မျိုးချစ်စိတ်ဟူသည်မှာ ကိုယ့်အမျိုးကို၊ ကိုယ့်နိုင်ငံကို၊ ကိုယ့်ပြည်သူ ပြည်သားများကို ချစ်ခင်လေးစားသည့်စိတ်ဖြစ်ပါကြောင်း၊ ယင်းစိတ်ဖြစ်ပေါ်စေရန်အတွက် ချစ်ခင်လေးစားဖွယ်ရာ အသိုက်အဝန်းမှာသာဖြစ်နိုင်ပါကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားသည်။

ထို့ပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိတို့ လူငယ်လုပ်ငန်းရှင်များသည် မိမိတို့၏လုပ်ငန်းများ အောင်မြင်အောင်လုပ်ကိုင်နေရင်းမှပင် မိမိတို့ နိုင်ငံသည် ဂုဏ်ယူဝင့်ကြွားဖွယ်ရာ အသိုင်းအဝိုင်းတစ်ခု ဖြစ်လာရန် ကြိုးစားပေးစေလိုပါကြောင်း၊ စောစောကပြောခဲ့သကဲ့သို့ တခြားနိုင်ငံများကို ကျောရန်၊ အနိုင်ယူရန်မဟုတ်ကြောင်း၊ မိမိတို့နိုင်ငံသည် မည်သို့ပင်ပြောစကာမူ နိုင်ငံသူ နိုင်ငံသားအားလုံးအတွက် လုံခြုံရာ၊ အေးချမ်းရာ၊ တိုးတက်ရာပင် ဖြစ်စေလိုပါကြောင်း၊ ထိုသို့ဖြစ်မှပင် မျိုးဆက်များအားလုံးသည် ဒီနိုင်ငံတွင် အေးချမ်းစွာ၊ ဂုဏ်သရေရှိစွာ နေထိုင်သွားနိုင်မည်ဖြစ်ပါကြောင်း။

အကြံဉာဏ်များပေးနိုင်

အခွင့်အရေးနှင့်ပတ်သက်၍ မိမိပြောခဲ့ပါကြောင်း၊ လူကြီးနှင့် လူငယ်ကွာခြားချက်သည် အခွင့်အရေးပင်ဖြစ်ပါကြောင်း၊ လူငယ်များသည် မိမိတို့ နိုင်ငံကို တည်ဆောက်ရန် အခွင့်အလမ်းများ အပြည့်ရှိနေပါကြောင်း၊ ယင်းအခွင့်အလမ်းများကို သုံးပါ။ စောစောကပြောခဲ့သည့် အစိုးရပိုင်းနှင့် လုပ်ငန်းရှင်များအကြားတွင် ရံဖန်ရံခါသာမက လိုအပ်သလို တွေ့ဆုံဆွေးနွေးခြင်း၊ အတွေးအခေါ်များ ဖလှယ်ခြင်းတို့ ဆောင်ရွက်လိုသည်ဟူသည့်အချက်အပေါ် မိမိသဘောတူပါကြောင်း၊ အစည်းအဝေးတွင်လည်း မိန့်ခွန်းပြောခဲ့သည့် ပုဂ္ဂိုလ်တစ်ဦးက ယင်းကိစ္စကို ပြောသွားပါကြောင်း၊ မိမိအနေဖြင့် သဘောတူသကဲ့သို့ အစိုးရအဖွဲ့ဝင်များအနေဖြင့်လည်း ယင်းကိစ္စကို ဖြစ်မြောက်စေရန် ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ယင်းကြိုးစားမှုသည် ဟိုဘက်ဒီဘက် နှစ်ဖက်စလုံးရှိရန်လိုပါကြောင်း၊ မိမိတို့ကိုလည်း ပေးချင်သည့် အကြံဉာဏ်များ ပေးနိုင်ပါကြောင်း၊ အကြံတိုင်းကို လက်ခံနိုင်မည်ဟု မပြောနိုင်သော်လည်း ဆွေးနွေးခြင်းအားဖြင့် ဘယ်အကြံဉာဏ်များသည်

စာမျက်နှာ ၉ သို့ ❍

ပြည်တွင်းရေးရာ

○ စာမျက်နှာ ၈ မှ

ယခုအခြေအနေနှင့် အကိုက်ညီဆုံးလဲဆိုသည်ကို အဖြေပေါ်လာမည်ဖြစ်ပါကြောင်း၊ လူငယ်များသည် အနာဂတ်အတွက် အရင်းအနှီးဖြစ်ပါကြောင်း၊ အနာဂတ်ကို မျက်နှာမူပါ။ အတိတ်နှင့် ပစ္စုပ္ပန်မှ သင်ခန်းစာများအားလုံးကို ထိုက်ထိုက်တန်တန် အသုံးချပါ။ သို့မှသာ မိမိတို့ နိုင်ငံအတွက် စိတ်ချရမည်ဖြစ်ပါကြောင်း၊ လူကြီးများ အကောင်းဆုံးလုပ်နိုင်သည်မှာ လူငယ်များအတွက် တကယ့်ကို တန်ဖိုးရှိပြီး ခေတ်အဆက်ဆက် တည်တံ့ခိုင်မြဲမည့် အမွေအနှစ်များ ထားခဲ့ရန်ပင်ဖြစ်ပါကြောင်း၊ အမွေအနှစ်ဆိုရာတွင်လည်း ရှုပ်ပိုင်းဆိုင်ရာ သာမကဘဲ စိတ်ဓာတ်ပိုင်းဆိုင်ရာ အမွေအနှစ်များလည်း လိုအပ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ စိတ်ဓာတ်၊ ပြည်သူပြည်သားများ၏ စိတ်ဓာတ်ဆိုသည်မှာ မျိုးဆက်တစ်ခုတည်းမှ ထူထောင်နိုင်သည့် စိတ်ဓာတ်မဟုတ်ပါကြောင်း၊ မျိုးဆက်ပေါင်းမြောက်မြားစွာမှ တစ်ဆင့်ပြီးတစ်ဆင့် ထူထောင်လာနိုင်ခဲ့သည့် စိတ်ဓာတ်ဖြစ်ပါကြောင်း၊ နာမည်ကျော် စာရေးဆရာမကြီးတစ်ဦးက ပြောပါကြောင်း၊ နိုင်ငံတစ်နိုင်ငံတွင် ကိုယ့်သမိုင်းကိုပြန်ကြည့်၍ ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ၊ အားရဖွယ်ရာအဖြစ်အပျက်များရှိခဲ့မည်ဆိုပါက နိုင်ငံသူနိုင်ငံသားများသည် ဘယ်လိုအခက်အခဲကိုမဆို ရင်ဆိုင်ရဲသည့်သတ္တိနှင့် ကျော်လွှားနိုင်သည့် စိတ်ဓာတ်များရှိသည်ဟု ဆိုပါကြောင်း၊ ယင်းစိတ်ဓာတ်သည် မိဘများက အလုံးအရင်းနှင့်ပေးခဲ့သည့် စိတ်ဓာတ်လိုပင်ဖြစ်ပါကြောင်း၊ သုံး၍ မကုန်နိုင်ပါကြောင်း၊ စိတ်ဓာတ်အရ၊ ဂုဏ်ရှိမှုအရ၊ သိက္ခာအရပေးခဲ့သည့် အမွေအနှစ်များသည် သုံး၍မကုန်သည့် အမွေအနှစ်များ ဖြစ်သည့်အတွက် ယင်းကဲ့သို့သော အမွေအနှစ်များကို နိုင်ငံအတွက်ပေးခဲ့လိုသည်ကို ရေးခဲ့ဖူးပါကြောင်း၊ မိမိ လုံးဝ သဘောတူပါကြောင်း၊ ပစ္စုပ္ပန်တွင် လုပ်သမျှကိစ္စမှန်သမျှတွင်လည်း နောင်မျိုးဆက်သစ်များအတွက် သုံး၍မကုန်ဘဲ အလွန်တန်ဖိုးရှိသည့် အမွေဖြစ်ပါစေ၊ မိမိတို့၏ လူငယ်များသည်လည်း ဆောက်တည်လိုက်သည့် အဆောက်အအုံတိုင်းသည် နောင်မျိုးဆက်သစ်များ ခိုလှုံနိုင်သည့်၊ အားကိုးနိုင်သည့်၊ လုံခြုံမှုအတွက် စိတ်ချနိုင်သည့် အဆောက်အအုံများဖြစ်ပါစေ၊ မိမိတို့ လူကြီးများ၊ လူငယ်များသည် လက်တွဲ၍ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးများ ဆင်းရဲတွင်းမှ လွတ်မြောက်နိုင်ရန်အတွက် နောင်ခေတ်အဆက်ဆက်တွင် မိမိတို့နိုင်ငံနှင့် ပြည်သူ ပြည်သားများသည် ကမ္ဘာ့အလယ်တွင် တင့်တင့်တယ်တယ်နေနိုင်သွားရန်အတွက် အားလုံးပူးပေါင်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းပြောကြားသည်။

တိုးတက်ကောင်းမွန်လာစေရေး

မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဝေဖြိုးက နိုင်ငံတော်နှင့် ပူးပေါင်းလက်တွဲကာ နိုင်ငံ့စီးပွားရေး ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် အသင်းအနေဖြင့် တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်သွားမည့် ကိစ္စရပ်များအပေါ် ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့မာစီရယ်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းက ကြီးမျူးကျင်းပသည့် 1st Myanmar Entrepreneurship Summit 2016 သို့ တက်ရောက်လေ့လာစဉ်။ (သတင်းစဉ်)

ဒုတိယပိုင်းဆွေးနွေးပွဲ

ယနေ့တွင် " State of Myanmar Entrepreneurship White Paper" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲပထမပိုင်းကို ကျင်းပခဲ့ပြီး ဒုတိယပိုင်းဆွေးနွေးပွဲတွင် " Importance of Entrepreneurship in Nation Building" ခေါင်းစဉ်ဖြင့် တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြသည်။

အလားတူ Break Out Session (၃)ခုကို ခေါင်းစဉ်တစ်ခုချင်းစီဖြင့် ဆွေးနွေးရာတွင် Financing for a Vibrant Entrepreneur Ecosystem ခေါင်းစဉ်ဖြင့် ဦးဘိုဘိုဝေမောင်၊ ဦးသူရကိုကို၊ ဒေါ်ခင်သက်မော်နှင့် ဒေါ်စန္ဒာမင်းတို့က Speaker များအဖြစ် ဆောင်ရွက်ပြီး ဒေါ်သီရိသန့်မွန်က Moderator အဖြစ် လည်းကောင်း၊

Never Give Up: The Mind of and Entrepreneur ခေါင်းစဉ်ဖြင့် ဦးမိုးကျော်၊ ဒေါက်တာထက်ဇံလင်း၊ ဒေါ်လင်းလင်းတင်ထွန်းနှင့် ဦးထွန်းထွန်းနိုင်တို့က Speaker များအဖြစ် ဆောင်ရွက်ပြီး ဦးအောင်ချစ်ခင်က Moderator အဖြစ်လည်းကောင်း၊

The Digital Economy: Connectivity As and Enabler of Entrepreneurship ခေါင်းစဉ်ဖြင့် ဒေါက်တာထွန်းသူရသက်၊ ဦးဝေလင်းဦး၊ ဦးရဲမြတ်မင်းနှင့် ဦးကောင်းကြည်သူတို့က Speaker များအဖြစ် ဆောင်ရွက်ပြီး ဦးခိုင်ဝင်းက Moderator အဖြစ် လည်းကောင်း အသီးသီးဆောင်ရွက်၍ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်အတွင်း လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ဆန်အိတ်များနှင့် စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်း

နေပြည်တော် အောက်တိုဘာ ၂၂

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်တို့တွင် စစ်ဆင်ရေး၊ လုံခြုံရေး၊ နယ်မြေစိုးမိုးရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့မှ အလှူရှင် ၂၇ ဦးတို့ စုပေါင်းလှူဒါန်းသည့် ဆန်အိတ် ၁၂၀၊ ဝေဖြိုးပဲကြော် အထုပ် ၂၀၀၀ ထုတ်၊ ခေါက်ဆွဲခြောက် ဖာ ၉၀ တို့ အားမျိုးမြန်မာကုန်သည်ကြီးဖြင့် ပေးပို့လှူဒါန်းခဲ့ရာ အောက်တိုဘာ ၂၁ ရက်တွင် စစ်တွေမြို့သို့ ရောက်ရှိသည်။

ထို့နောက် ယင်းနေ့ ညနေ ၅ နာရီတွင် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် လှူဒါန်းသည့်ပစ္စည်းများကို အလှူရှင်များ ကိုယ်စားဦးဝေယံစိုးက ပေးအပ်လှူဒါန်းရာ စစ်တွေတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

လှူဒါန်းပစ္စည်းများအနက်မှ ဆန်အိတ် ၆၀၊ ဝေဖြိုးပဲကြော် အထုပ် ၂၀၀၀၊ ခေါက်ဆွဲခြောက် ဖာ ၉၀ တို့အား ယနေ့နံနက်တွင် ဘူးသီးတောင်မြို့နှင့် မောင်တောမြို့များသို့ သင်္ဘောဖြင့်ပို့ဆောင်ပေးခဲ့ကြောင်းနှင့် ကျန်ရှိသည့် ပစ္စည်းများအား ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(မြဝတီ)

ဘူးသီးတောင်မြို့၌ ရွှေ့ပြောင်းရောက်ရှိလာသော အိမ်ထောင်စုဝင်များအား နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်

ဘူးသီးတောင် အောက်တိုဘာ ၂၂

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ အောက်တိုဘာ ၉ ရက်တွင် ဖြစ်ပွားခဲ့သော ဖြစ်စဉ်များကြောင့် မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာများမှ နေရပ်ခေတ္တစွန့်ခွာလာသည့် ဒေသခံပြည်သူအချို့သည် ဘူးသီးတောင်မြို့နယ်သို့ ရောက်ရှိလာရာ ဘူးသီးတောင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ယာယီစခန်းဖွင့်လှစ်ပြီး နေရာချထားခဲ့သည်။

အဆိုပါ ယာယီစခန်းမှ အိမ်ထောင်စုမိသားစုဝင်အချို့သည် မိမိနေရပ်အသီးသီးသို့ ပြန်လည်သွားရောက်လိုသည့်အတွက် အောက်တိုဘာ ၂၂ ရက်မွန်းတည့် ၁၂ နာရီခန့်တွင် မောင်တောမြို့နယ် ကန်သာယာကျေးရွာ၊ ရွှေရင်အေးကျေးရွာ၊ သရေကုန်းဘောင်ကျေးရွာ၊ မကျည်းကုန်းကျေးရွာ၊ သာယာကုန်းကျေးရွာ၊ အောင်ဇေယျကျေးရွာ၊ အောင်သာယာကျေးရွာတို့မှ

အိမ်ထောင်စု ၃၁ စု၊ လူဦးရေ ၇၈ ဦးတို့ကို နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ယနေ့ ညနေပိုင်းတွင် မုန်တိုင်းငယ် မြန်မာနိုင်ငံကမ်းရိုးတန်းအနီး ရောက်ရှိနိုင်

နေပြည်တော် အောက်တိုဘာ ၂၂

ယနေ့ ည ၇ နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင်ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အရှေ့-အရှေ့မြောက်ဘက်သို့ ရွှေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်မြောက်ဘက် မိုင် ၁၀၀ ခန့်၊ ပုသိမ်မြို့၏ အနောက်တောင်ဘက် ၂၀၅ မိုင်ခန့်၊ ရန်ကုန်မြို့၏ အနောက်တောင်ဘက် မိုင် ၂၈၀ ခန့်နှင့် အိန္ဒိယနိုင်ငံ ပို့လ်ဘလဲယားမြို့၏ မြောက်-အနောက်မြောက်ဘက် ၁၉၅ မိုင် ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် အရှေ့-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွှေ့လျားပြီး နောက် ၃၆ နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်မည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်၏လက်ရှိအခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းဘက်သို့ ဦးတည်နေပါသဖြင့် လိမ္မော်ရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါမုန်တိုင်းငယ်သည် ည ၇ နာရီတွင် မြောက်လတ္တီကျူ ၁၄ ဒသမ ၈ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၉၁ ဒသမ ၈ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ဟက်ပိုပါစကယ် ၁၀၀၀ နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်နှုန်းခန့်ဖြစ်သည်။

မုန်တိုင်းငယ်သည် နောက် ၃၆ နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ အားကောင်းလာနိုင်ပြီး မြန်မာနိုင်ငံကမ်းရိုးတန်းအနီးသို့ အောက်တိုဘာ ၂၃ ရက် ညနေပိုင်းတွင် ရောက်ရှိနိုင်မည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်၏အရှိန်ကြောင့် အောက်တိုဘာ ၂၃ ရက်မှ ၂၅ ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြိုးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သဖြင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အကြံပြုထားသည်။

(ကြေးမုံ)

လုပ်ငန်းရှင်များအားလုံး လွတ်လွတ်လပ်လပ်နှင့် နိုင်ငံသားအားလုံး သာတူညီမျှစွာ လုပ်ခွင့်ရှိအောင် ဖန်တီးပေးသွားမည်

နေပြည်တော် အောက်တိုဘာ ၂၂

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ တွေ့ဆုံပွဲအခမ်းအနားတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း ဆွေးနွေးပြောကြားချက်များမှာ-ယနေ့အခမ်းအနားတွင် မိမိတို့နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကျင့်သုံးမည့် Strategy အကျဉ်းကို တင်ပြမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံက ပိုင်ဆိုင်ရရှိထားသည့် Access များကို အကျိုးရှိစွာဖြင့် အသုံးချရမည်ဖြစ်ပါကြောင်း၊ ဒုတိယ Strategy မှာ အချိန်ပင်ဖြစ်ပါကြောင်း၊ ယင်း Strategy နှစ်ခုကို ထိထိရောက်ရောက် ကျင့်သုံးပြီး နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို လုံ့လစိုက်ထုတ်ပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း

မကြာမီက နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးအတည်ပြုပြီးဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ပတ်သက်၍ အရေးပါသည့် အချက်များမှာ တာဝန်ယူမှုရှိပြီး အပြန်အလှန်အကျိုးရှိစေမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုဖိတ်ခေါ်ထားခြင်းဖြစ်ပါကြောင်း၊ ပွင့်လင်းမြင်သာမှုရှိသော၊ ရှင်းလင်းသော၊ မြန်ဆန်ထိရောက်မှုရှိသော လုပ်ထုံးလုပ်နည်းများကို ကျင့်သုံးပြီး အကောင်အထည်ဖော်မည်ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးမှု၊ အငြင်းပွားမှုဖြေရှင်းသည့် ယုံကြည်ကိုးစားနိုင်သော လုပ်ထုံးလုပ်နည်းများကိုလည်း ကျင့်သုံးမည်ဖြစ်ပါကြောင်း၊ ပြည်ပကုမ္ပဏီများနှင့် ပြည်တွင်းကုမ္ပဏီများအကြား ခွဲခြားမှုမရှိသော ကြိုတင်ခန့်မှန်းသိမြင်နိုင်သည့် ကြီးကြပ်ကွပ်ကဲမှုဆိုင်ရာ ပတ်ဝန်းကျင်တစ်ခုကို ထူထောင်သွားမည်ဖြစ်ပါကြောင်း။

လုပ်ငန်းကုမ္ပဏီများ၏ ပိုင်ဆိုင်မှုများကို မတရားသိမ်းယူခြင်းမျိုး ဆောင်ရွက်သွားမည်မဟုတ်ဟု ကတိပြုပါကြောင်း၊ ကုမ္ပဏီများမှ ပေးဆောင်ရမည့် အခွန်အခနှင့် အခြားသောပေးဆောင်စရာ ငွေကြေးများကို ပေးဆောင်ပြီးသည့်အခါ ပိုင်ဆိုင်သည့်ငွေကြေးများကို မိမိတို့၏ သဘောဆန္ဒအလျောက် လွတ်လပ်စွာဖြင့် သုံးစွဲနိုင်ခွင့် ရှိစေရမည်ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများအတွက် ပိုင်ဆိုင်သည့်မြေများ ငှားရမ်းလုပ်ကိုင်မည်ဆိုပါက သင့်တော်သည့် ကာလအပိုင်းအခြားအရ ပထမ နှစ် (၅၀)၊ ဒုတိယ (၁၀)နှစ် (၂)ကြိမ်နှင့် စုစုပေါင်း နှစ် (၇၀) ထိ ငှားရမ်းလုပ်ပိုင်ခွင့်ကိုလည်း ပြဋ္ဌာန်းပေးမည်ဖြစ်ပါကြောင်း၊ ထုတ်လုပ်မှုမြှင့်တင်နိုင်သော၊ ထပ်ဆင့်တာဝန်မြှင့်တင်နိုင်သော စိုက်ပျိုးရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကိုလည်း ခွင့်ပြုသွားမည် ဖြစ်ပါကြောင်း။

အင်အားစုများ၊ အရင်းအမြစ်များ

လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် အားနည်းနေသည့်အချက်မှာ မျိုးကောင်းမျိုးသန့်ရှားပါးခြင်း၊ Post Service Technology ပိုင်း အားနည်းခြင်းတို့ ရှိပါကြောင်း၊ ခေတ်မီအဆင့်မြင့်နည်းပညာ ဆင့်ကမ်းပြန့်ပွားစေနိုင်ရန် ရင်းနှီးမြှုပ်နှံမှုများကိုလည်း ကြိုဆိုရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ အင်အားစုများ၊ အရင်းအမြစ်များ၊ သဘာဝသယံဇာတများ၊ လူ့အရင်းအမြစ်များ၊ အတွေ့အကြုံများ၊ ကျွမ်းကျင်မှုများဖြင့် ကမ္ဘာနှင့် ရင်ပေါင်တန်း၍ မရနိုင်သေးပါကြောင်း၊ သို့ဖြစ်၍ အခြားသော တိုးတက်သည့်နိုင်ငံများက ကျင့်သုံးနေသည့် နည်းပညာများ စီးဆင်းရောက်ရှိလာရန် လိုအပ်ပါကြောင်း။

SME ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် အဆင့်မြှင့်တင်ပေးနိုင်သည့် ရင်းနှီးမြှုပ်နှံမှုများအပိုင်းတွင် အချို့အရာများသည် တကယ့်လုပ်ငန်းကြီးများကို လုပ်ကိုင်မှသာ လုပ်ငန်းဖြစ်သည်ဟု ယုံကြည်နေသည့်သူများရှိပါကြောင်း။

နိုင်ငံတစ်နံတစ်လျားပျံ့နှံ့နေသည့် လုပ်ငန်းငယ်မြောက်မြားစွာကို ထူထောင်ပေးနိုင်မည်ဆိုလျှင် ၎င်းတို့၏ Finance နည်းပညာနှင့်ပတ်သက်ပြီး လိုအပ်ချက်ရှိပါကြောင်း၊ လုပ်ကိုင်ခွင့် မူဘောင်များနှင့် ပတ်သက်လျှင်လည်း လိုအပ်ချက်ရှိပါကြောင်း။

အခွင့်အလမ်းများ

SME ဘဏ္ဍာရေးနှင့်ပတ်သက်ပြီး အပေါင်ပစ္စည်းပေးနိုင်မှ၊ မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများ အာမခံနိုင်မှ မဟုတ်ပါကြောင်း၊ နောက်ပိုင်းတွင် လုပ်ငန်းပေါ်မူတည်ပြီး ယုံကြည်ကိုးစားလောက်သည့်လုပ်ငန်းများ ဖြစ်ပါက အပေါင်ထားစရာမလိုဘဲ လိုအပ်သည့်ငွေကြေးကို ထောက်ပံ့နိုင်ရန် စဉ်းစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စီးပွားရေးအဆောက်အအုံ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်စေမည့် ရင်းနှီးမြှုပ်နှံမှုများ၊ World Bank ၊ ADB စသည့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး အထူးသဖြင့် လူငယ်ကဏ္ဍဖွံ့ဖြိုးမှုအပိုင်းတွင် ရှေ့လာမည့် တစ်နှစ်၊ နှစ်နှစ်အတောအတွင်းတွင် အာရုံစိုက်ပြီးထူထောင်ရန်လည်း မျှော်မှန်းထားပါကြောင်း၊ ယင်းလုပ်ငန်းများတွင်လည်း မိမိတို့လုပ်ငန်းရှင်များ အားလုံးက မိမိတို့ကျွမ်းကျင်ရာနယ်ပယ်တွင်ပါဝင်ပြီး ရင်းနှီးမြှုပ်နှံလုပ်ပိုင်နိုင်ခွင့် အခွင့်အလမ်းများ မြောက်မြားစွာ ရှိပါကြောင်း၊ လျှပ်စစ်စွမ်းအားနှင့်ပတ်သက်ပြီး ရင်းနှီးမြှုပ်နှံစရာကောင်းသည့် အခွင့်အလမ်းများ ဖြစ်ပါကြောင်း။

မတိုးတက်သေးသည့် ဒေသများတွင် ရင်းနှီးမြှုပ်နှံမည့် ပုဂ္ဂိုလ်များအတွက် ထူးကဲသည့်အခွင့်အရေးများကို ပံ့ပိုးပေးခြင်းအားဖြင့် ရင်းနှီးမြှုပ်နှံမှုများသည် နိုင်ငံတစ်နံတစ်လျားကို ရောက်ရှိသွားပြီး ဖွံ့ဖြိုးတိုးတက်မှုက Balance Code နှင့် လျင်လျင်မြန်မြန်တိုးတက်မည်ဟု ယုံကြည်ထားပါကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးများသာမက ပြည်နယ်များတွင် ပိုမိုပြီး ရင်းနှီးမြှုပ်နှံမှုများကို မျှော်လင့်ထားပါကြောင်း၊ ဘဏ်လုပ်ငန်းတိုးတက်ရေးအတွက် နိုင်ငံခြားဘဏ်များ ပိုမိုဖွင့်လှစ်ခွင့်ပြုနိုင်ရန် မျှော်မှန်းထားပါကြောင်း၊ ဘဏ်များမှ လက်ရှိထုတ်ပေးလျက်ရှိသည့် ငွေပေးကတ်များအပြင် ပြည်တွင်းပြည်ပ အသုံးပြု၍ရသည့် Visa Card ၊ Master Card အခြားနိုင်ငံတကာကတ်၊ Clean ကတ်များကို ပိုမိုပြီးထုတ်လုပ်ရန်နှင့် ပိုမိုပြီးသုံးစွဲရန်အတွက် ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

ညှိနှိုင်းပြီး ဆောင်ရွက်

ပြည်တွင်းငွေပေးချေမှုများကို MPU စနစ်ဖြင့်မဟုတ်ဘဲ နိုင်ငံတကာကတ်စနစ်ကို အသုံးပြုနိုင်ရန် အတွက် MPU နှင့်တွဲထားသည့် ဘတ်ဂျက်ကတ်များကိုလည်း ဘဏ်များကထုတ်ခွင့်ရအောင် ဆောင်ရွက်ရန် ဗဟိုဘဏ်နှင့်ညှိနှိုင်းပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

Informal Player များကို နိုင်ငံတကာငွေလွှဲလုပ်ငန်းဆောင်ရွက်ခြင်းဆိုင်ရာ စည်းမျဉ်းများရေးဆွဲပြီး ကုမ္ပဏီငွေလွှဲဆောင်ရွက်သူများနှင့် အခြားစိတ်ပါဝင်စားသည့် ကုမ္ပဏီများကို တရားဝင်လိုင်စင်များထုတ်ပေးပြီး နိုင်ငံတကာငွေလွှဲလုပ်ငန်းများကို ဆောင်ရွက်ခွင့်ပေးရန်

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း ။

ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံရှိ ၅၂ သန်းသော လူဦးရေအတွက် ကျန်းမာရေးစောင့်ရှောက်မှု မြောက်မြားစွာလိုအပ်ပါကြောင်း၊ သက်သာသော ထောက်ပံ့မှုများနှင့် ပြည်သူများကို ဆေးကုသခွင့် ခံစားခွင့်ရစေလိုပါကြောင်း၊ အစိုးရပိုင်းတစ်ခုတည်းဖြင့် ဆောင်ရွက်ရန် မရပါကြောင်း၊ ပြည်သူ့အားကိုယူပြီး ဆေးရုံဆေးခန်းများ ပိုမိုပြီးထွန်းကားလာအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လူမှုဖူလုံရေးရန်ပုံငွေကို အလုပ်သမားဆေးရုံကြီး နှစ်ရုံ၊ ရန်ကုန်တွင်ရှိသောဆေးရုံတစ်ရုံ၊ မန္တလေးတွင်ရှိသော ဆေးရုံတစ်ရုံကို ပိုမိုပြီး ရင်းနှီးမြှုပ်နှံပါက အလုပ်သမားထုတစ်ရပ်လုံး စိတ်အေးချမ်းသာစွာဖြင့် ဆေးကုသခွင့်ကို ရနိုင်မည်ဖြစ်ပါကြောင်း။

လုပ်ငန်းရှင်များအားလုံး လွတ်လွတ်လပ်လပ်နှင့် နိုင်ငံသားအားလုံး သာတူညီမျှစွာ မည်သူမဆို စိတ်ပါဝင်စားစွာဖြင့် လုပ်နိုင်သည့်နေရာတွင် လုပ်ငန်းအားလုံးကို လုပ်ခွင့်ရှိအောင် ဖန်တီးပေးသွားမည်ဖြစ်ပါကြောင်း။

စနစ်ကျသည့် ကုန်သွယ်မှုများ

တရားဝင်ကုန်သွယ်သည့် ပမာဏထက် တရားမဝင်ကုန်သွယ်သည့် ပမာဏမှာ တန်းတူမကပါကြောင်း၊ ယင်းကုန်သွယ်မှုရပ်တန့်အောင် သေသေချာချာနှင့် ထိထိရောက်ရောက် တာဝန်ယူဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ တရားမဝင်ကုန်သွယ်မှုကို အောက်ခြေကနေစ၍ ရပ်တန့်ပြီး ဝုဏ်သိက္ခာရှိရှိဖြင့် တိုင်းပြည်၏မျက်နှာ၊ ပြည်သူလူထု၏ မျက်နှာကို ကြည့်ပြီး စနစ်ကျသည့် ကုန်သွယ်မှုများ ဖြစ်လာအောင် ဆောင်ရွက်ရန်တိုက်တွန်းလိုပါကြောင်း။

စီးပွားရေး တိုးတက်မြင့်မားစေသော အခြေခံအဆောက်အအုံဆိုင်ရာ ပရောဂျက်များဖြစ်သည့် လမ်း၊ တံတား၊ အဆောက်အအုံ၊ ဆောက်လုပ်ရေးနှင့် ပတ်သက်ပါက လုပ်ငန်းအတွေ့အကြုံသည် အခြားသောနိုင်ငံများထက် အများကြီးနှောင့်နှေးနေပါသေးကြောင်း၊ မိမိတို့၏ စီးပွားရေးမူဝါဒ ၁၂ ချက်ကို အထောက်အကူပြုစေမည့် ရင်းနှီးမြှုပ်နှံမှုမူဝါဒကို ရေးဆွဲထားပါကြောင်း၊ ယင်းကို နိုင်ငံတော်နှင့် သက်ဆိုင်သူများသို့ တင်ပြပြီး ရက်ပိုင်းအတွင်း တရားဝင်ထုတ်ပြန် တင်ပြသွားမည်ဖြစ်ပါကြောင်း။

အောင်မြင်မှု မုချရရှိမည်

မိမိတို့ကျင့်သုံးနေသည့် ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ practice များ၊ Manual များ၊ Proceduer များကို ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ရမည့် ကိစ္စများကို အချိန်ပေးပြီး ပြင်ဆင်ခဲ့ရပါကြောင်း၊ အစိုးရအဖွဲ့အစည်းနှင့် လုပ်ငန်းရှင်ကြီးများသည် မိမိတို့ရှေ့အနာဂတ်ကို မိမိတို့ပြည်သူများအတွက် ရည်ရွယ်မျှော်မှန်းပြီး အတူလက်တွဲလုပ်ကိုင်မည်ဆိုပါက မိမိတို့ကြုံတွေ့နေရသည့် စီးပွားရေးတုံ့နှေးမှုသည် နောက်လာမည့် ခြောက်လအတွင်း အရှိန် နှစ်ဆ၊ သုံးဆ တက်သွားမည်ဟု ယုံကြည်ပါကြောင်း၊ အမြဲတမ်းတိုးတက်ထွန်းကားလာသည့် လူဦးရေ၊ လုပ်သားစုများ၊ လက်ရှိတွင် ရှိမြဲရှိနေဆဲဖြစ်သည့် သဘာဝသယံဇာတများကို မှန်ကန်သည့် နည်းစနစ်များနှင့် ပေါင်းစပ်လိုက်ပါက မိမိတို့နိုင်ငံမှာ အောင်မြင်မှု မုချရရှိမည်ဟု ယုံကြည်ပါကြောင်း။

မိမိတို့ တွေ့ကြုံခဲ့ရသည့် အခက်အခဲများ၊ အမှားအယွင်းများ၊ အားနည်းချက်များ၊ ချို့ယွင်းချက်များသည် အနာဂတ်အတွက် ဖြေရှင်းရန် နည်းလမ်းကောင်းများဟု ယုံကြည်ပါကြောင်း၊ ၁၉၉၂ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ မြေလွတ်၊ မြေလပ်၊ မြေရိုင်းနှင့် ပလပ်မြေများကို အကြောင်းအားလျော်စွာ လုပ်ပိုင်ခွင့်များချထားပေးခဲ့ပါကြောင်း၊ မြေဧက လေးသန်းရှစ်သိန်းကျော်ကို လူဦးရေ ၆၀၀၀ ကျော်ကို ပြန်လည်ခွဲဝေပေးခဲ့ပါကြောင်း၊ ပျမ်းမျှတွက်ကြည့်ပါ လူတစ်ယောက်လျှင် ဧက ၇၀၀ ခန့် လုပ်ပိုင်ခွင့်ပေးခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ မိမိတို့ပိုင်ဆိုင်သည့် မြေများမှ ဝင်ငွေရရှိအောင် ဆောင်ရွက်မည်ဆိုပါက တန်ဖိုးရှိမည်ဖြစ်ပါကြောင်း၊ လူဦးရေ ၆၀၀၀ ကျော်အား မြေဧက လေးသန်းရှစ်သိန်းကျော်ခွဲဝေပေးခဲ့သည့် မြေများသည့် ယနေ့ နိုင်ငံတော်အတွက် မည်မျှအကျိုးပြုနေသည်ကို ပြန်လည်စဉ်းစားပါက အားနည်းချက်များကို တွေ့နိုင်ပါကြောင်း။

လျင်လျင်မြန်မြန် တိုးတက်သွားမည်

ယင်းကိစ္စရပ်များကို သင်ခန်းစာယူပြီး လုပ်ငန်းရှင်များ၊ တိုင်းရင်းသားများကို တန်းတူညီမျှ လုပ်ပိုင်ခွင့်များ ပေးသည့်အခါ ယခုကဲ့သို့ အားနည်းချက်၊ ချို့ယွင်းချက်များကို ပယောက်အောင် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ သင်ခန်းစာများ များစွာရရှိနေပြီဖြစ်ပါကြောင်း၊ ရှေ့က ကြုံတွေ့ခဲ့ရသည့် ဖြတ်သန်းခဲ့ရသည့် ကာလတစ်လျှောက် ရခဲ့သည့်သင်ခန်းစာများသည် ရှေ့ဆက်ဆောင်ရွက်ရမည့် အနာဂတ်အတွက် ဖြေရှင်းနိုင်မည့် နည်းလမ်းကောင်းများဖြစ်ပါကြောင်း၊ ယင်းနည်းလမ်းကောင်းများကို အခြေခံပြီး စီးပွားရေးမူဝါဒများ၊ ရင်းနှီးမှုမူဝါဒများကို မှန်မှန်ကန်ကန်၊ သန့်သန့်ရှင်းရှင်း၊ တည်တည်တံ့တံ့၊ ဖြောင့်ဖြောင့်မတ်မတ်ဖြင့် ကျင့်သုံးသွားမည် ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏လုပ်ငန်းကို လွတ်လွတ်လပ်လပ် အေးအေးချမ်းချမ်းဖြင့် တရားဥပဒေဘောင်အတွင်းက မည်သည့်လုပ်ငန်းမဆို လုပ်ကိုင်နိုင်ခွင့်ရှိမည်ဆိုပါက မိမိတို့နိုင်ငံသည် ယခုလက်ရှိကြုံတွေ့နေရသည့် စီးပွားရေးတုံ့ဆိုင်းမှုသည် မကြာမီကာလအတွင်း၌ လျင်လျင်မြန်မြန် တိုးတက်သွားမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

❒ **စာမျက်နှာ ၅ မှ**

ဂီတာပြိုင်ပွဲ

ဂီတာပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမဆောင် အမှတ်(၄)၌ ကျင်းပရာ **ဝါသနာရှင်အဆင့် (ပထမတန်း)** အမျိုးသားပြိုင်ပွဲတွင် ချင်းပြည်နယ်မှ ဦးတင့်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးသိန်းနိုင်နှင့် ပဲခူးတိုင်းဒေသကြီးမှ ဦးစိန်ဝင်း တို့က **အောင်မဂ်လာ (ယိုးဒယား)** ဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ပထမတန်း)** အမျိုးသမီး ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ဝေလွင်သိန်းနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ဒေါ်ဥမ္မာတို့က **သာဆန်းရုံ့ပွေ (ပတ်ပျိုး)** ဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ထက်ကိုကိုလင်းက **နန်းဘုံသီဟာဘွေ (ယိုးဒယား)** ဖြင့် လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့်** အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မလွင်လွင်ဘုန်းက **နန်းဘုံသီဟာဘွေ (ယိုးဒယား)**ဖြင့် လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ဒုတိယတန်း)** အမျိုးသားပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ ဦးအောင်ကျော်သိန်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ပေါက်ခေါင်းမောင်မောင်လေး၊ မန္တလေးတိုင်းဒေသကြီးမှ ဦးရဲတင့်၊ ပဲခူးတိုင်းဒေသကြီးမှ ဦးသန်းရှိန်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ ဦးသက်အောင်စိုးတို့က **ခါန္ဒေဆန်း လန်းစီစီ (ယိုးဒယား)** ဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ဒုတိယတန်း)** အမျိုးသမီး ပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ မထက်လေးရွှေဘုံနှင့် ရန်ကုန်တိုင်းဒေသကြီးမှ မသိမ့်သိမ့်သူတို့က **ခါန္ဒေဆန်းလန်းစီစီ (ယိုးဒယား)** ဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့်** (အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မောင်ဝေယံထက်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ မောင်ရဲထက်ကျော်တို့က **ရှင်းရိပ်ကယ်တည့် (ကြိုး)** ဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့်** (အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန် တိုင်းဒေသကြီးမှ မအိမ့်သရဖူနှင့် ဧရာဝတီတိုင်းဒေသကြီးမှ မအေးသန္တာစိုး တို့က **စပယ်(ကာလပေါ်)** ဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့်** (အသက် ၁၅နှစ်မှ ၂၀နှစ်) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ရဲရင့်မြတ်သူ၊ မန္တလေးတိုင်းဒေသကြီးမှ မောင်စိုင်းလီထွန်းနှင့် ဧရာဝတီတိုင်းဒေသကြီးမှ မောင်ပိုမိုထက်အောင် တို့က **ရတုဘုရင် (ကာလပေါ်)** ဖြင့် လည်းကောင်း၊ **အခြေခံပညာအဆင့်** (အသက် ၁၅နှစ်မှ ၂၀နှစ်) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မသက်ထားဝေ၊ မန္တလေးတိုင်းဒေသကြီးမှ မရတီအောင်နှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ မမေကဗျာထွန်းတို့က **ရတုဘုရင် (ကာလပေါ်)**ဖြင့် လည်းကောင်း ဂီတာလက်သံဖြင့် ယှဉ်ပြိုင်ကြသည်။

ဒုံမင်းပြိုင်ပွဲ

ဒုံမင်းပြိုင်ပွဲကို သစ်တောတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ **ဝါသနာရှင်အဆင့် (ပထမတန်း)** အမျိုးသမီး ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ရည်ဖုန်းဆွေနှင့် ပဲခူးတိုင်းဒေသကြီးမှ မခိုင်သန္တာစိုး(ခ) ခိုင်ဇင်စိုးတို့က **ရဝိန်ဒေါင်းယာဉ်ပျံ (ပတ်ပျိုး)** ဖြင့် လည်းကောင်း၊ **အခြေခံပညာအဆင့်** (အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ မောင်နေရဲလင်းက **ဇေယျာမြို့ (ကြိုး)** ဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့်** (အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မမေရီထွန်းနှင့် ပဲခူးတိုင်းဒေသကြီးမှ မဖူးပွင့်တို့က **ဇမ္ဗူရောင်ကွန့် (ဘွဲ့)** ဖြင့် လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ဒုတိယတန်း)** အမျိုးသား ပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ ဦးလှကြိုင်၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးပက်စီ(ခ) ဦးဟန်ထူးအောင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးကျော်ဆွေ၊ မကွေးတိုင်းဒေသကြီးမှ ဦးမြမိုးနှင့် ပဲခူးတိုင်းဒေသကြီးမှ ဦးမြင့်သိန်းတို့က **တောမြိုင်စွန်း (ယိုးဒယား)** ဖြင့် လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ဒုတိယတန်း)** အမျိုးသမီး ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ပိုးအိစည်သူဆန်း၊ မကွေးတိုင်းဒေသကြီးမှ ဒေါ်ကြည်ကြည်မာနှင့် ပဲခူးတိုင်းဒေသကြီးမှ မဆုပြည့်ဖြိုးတို့က **နတ်ရှင်နောင် (ကာလပေါ်)** ဖြင့် လည်းကောင်း ဒုံမင်းသံသာဖြင့် ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းအုံနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အနုသုခုမပညာရပ်ကို စိတ်ဝင်စားကြသည့် ပြည်သူများက လာရောက်ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

■

ကင်မရွန်းနိုင်ငံတွင် ခရီးသည်တင်ရထားတစ်စင်း လမ်းချော်မှုဖြစ်ပွား လူ ၅၀ ကျော်သေဆုံး

ယောင်ဒေ အောက်တိုဘာ ၂၂

ကင်မရွန်းနိုင်ငံတွင် အောက်တိုဘာ ၂၁ ရက်က ခရီးသည်အများအပြား တင်ဆောင်လာသည့် ရထားတစ်စင်း လမ်းချော်မှုဖြစ်ပွားကာ တိမ်းမှောက်သွားခဲ့ပြီး ခရီးသည် ၅၀ကျော်သေဆုံးခဲ့ကြောင်း အင်နာ့အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

အခင်းဖြစ်ပွားမှုသည် ယောင်ဒေးမြို့တော်အနောက်ဘက် ကီလိုမီတာ ၁၂၀ အကွာအဝေးရှိ အီစ်ကာမြို့အနီးတွင် ဖြစ်ပွားခဲ့သည်။

အခင်းဖြစ်ပွားစဉ်တွင် တိမ်းမှောက်သွားသော ခရီးသည်တင်ရထားသည် ယောင်ဒေးမြို့မှ နိုင်ငံ၏စီးပွားရေးမြို့တော် ဒိုရာလာသို့ ဦးတည်မောင်းနှင်နေခဲ့သည်။

နိုင်ငံပိုင်မီဒီယာများက ရထားတိမ်းမှောက်သွားမှုကြောင့် လူ ၅၃ ဦးသေဆုံးခဲ့ပြီး ၃၀၀ ကျော် ထိခိုက်ဒဏ်ရာရခဲ့သည်ဟု အတည်ပြုရေးသားကြသည်။

နိုင်ငံအဝန်း မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုများဖြစ်ပွားခြင်းကြောင့် ကားလမ်းမများ ပိတ်ဆို့ထားသည့်အတွက် အဆိုပါရထားတွင် လိုက်ပါစီးနင်းသော ခရီးသည်ပိုမိုများပြားခဲ့ကြောင်း မီဒီယာများက ဆိုသည်။

အင်နာ့အိတ်ချ်ကေ။

အမေရိကန်ကာကွယ်ရေးဝန်ကြီး အက်ရ်တန်ကာတာ ကျိုတင်ကြေညာခြင်းမရှိဘဲ ဘဂ္ဂဒက်မြို့သို့ သွားရောက်

ဘဂ္ဂဒက် အောက်တိုဘာ ၂၂

အီရတ်နိုင်ငံတွင်းရှိ အစ္စလာမ္မစ်နိုင်ငံထူထောင်ရေး (အိုင်အက်စ်)အဖွဲ့၏ အခိုင်အမာ ခြေကုပ်စခန်းဖြစ်သည့် မိုဆူးမြို့အား ပြန်လည်သိမ်းပိုက်နိုင်ရေးအတွက် အီရတ်အစိုးရ တပ်ဖွဲ့များက အဓိကကျသော ထိုးစစ်ကြီး ဆင်နွှဲနေစဉ်တွင် အမေရိကန် ကာကွယ်ရေးဝန်ကြီး အက်ရ်တန်ကာတာသည် ကြိုတင်ကြေညာခြင်းမရှိဘဲ အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်သို့ ရောက်ရှိလာကြောင်း အီရတ်အယ်လ်အာရဗစ်ချ် ရုပ်မြင်သံကြားသတင်းတွင် ယနေ့ဖော်ပြသည်။

အမေရိကန် ကာကွယ်ရေးဝန်ကြီးသည် အီရတ်ဝန်ကြီးချုပ် ဟိုင်ဒါ အယ်လ် အဘာဒီအပါအဝင် အီရတ်အစိုးရ ထိပ်တန်းတာဝန်ရှိသူများ၊ စစ်ဘက်ဆိုင်ရာ တပ်မှူးများနှင့် တွေ့ဆုံကာ မိုဆူးမြို့ရှိ အစ္စန်းရောက် အိုင်အက်စ်အဖွဲ့အား ထိုးစစ်ဆင်နေမှုနှင့် ပတ်သက်၍ ဆွေးနွေးမည်ဟု မျှော်လင့်ရကြောင်း ယင်းရုပ်သံသတင်းတွင် ဖော်ပြသည်။

အီရတ်နိုင်ငံတွင် အမေရိကန်စစ်ဘက်မှ တပ်ဖွဲ့ဝင် ရာပေါင်းများစွာ ရှိနေပြီး ၎င်းတို့သည် အီရတ်တပ်ဖွဲ့များအား လေ့ကျင့်သင်တန်းပေးခြင်းနှင့် အကြံပေးလုပ်ငန်းများ လုပ်ဆောင်နေကြသည်။

အမေရိကန်ဦးဆောင်သော ညွှန့်ပေါင်းတပ်ဖွဲ့များသည် အီရတ်နှင့် ဆီးရီးယား နှစ်နိုင်ငံအတွင်းရှိ အိုင်အက်စ်တို့၏ ပစ်မှတ်များအား လေကြောင်းမှ စီးနင်းတိုက်ခိုက်မှုများ လုပ်ဆောင်လျက်ရှိသည်။

အီရတ်နိုင်ငံ မြောက်ပိုင်းရှိ အစ္စလာမ္မစ်နိုင်ငံ ထူထောင်ရေးအဖွဲ့(အိုင်အက်စ်)တို့အား ၎င်းတို့၏နောက်ဆုံးနှင့် အခိုင်မာဆုံးအခြေစိုက်စခန်းဖြစ်သည့် မိုဆူးမြို့မှ မောင်းနှင်ထုတ်နိုင်ရေးအတွက် အမေရိကန်နှင့် မဟာမိတ်နိုင်ငံများက ကျောထောက်နောက်ခံပြုမှုဖြင့် အီရတ်အစိုးရ တပ်များက အဓိကကျသော ထိုးစစ်ကြီး ဆင်နွှဲနေစဉ်တွင် အမေရိကန် ကာကွယ်ရေးဝန်ကြီး၏ ဘဂ္ဂဒက် ခရီးစဉ် ဖြစ်ပေါ်လာခြင်းဖြစ်သည်။

အီရတ်နိုင်ငံတွင် စစ်ဦးစီးချုပ်တာဝန်ကို ထမ်းဆောင်သည့် ဝန်ကြီးချုပ် ဟိုင်ဒီရာ အယ်လ်အဘာဒီက နိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် မိုဆူးမြို့အား ပြန်လည်သိမ်းယူရေးအတွက် ထိုးစစ်စတင်မည်ဟု အောက်တိုဘာ ၁၇ ရက်တွင် ကြေညာခဲ့သည်။

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်မြောက်ဘက် ကီလိုမီတာ ၄၀၀ အကွာ၌ တည်ရှိသော မိုဆူးမြို့သည် ၂၀၁၄ ခုနှစ် ဇွန်လကတည်းက အိုင်အက်စ်အဖွဲ့၏ ထိန်းချုပ်မှုအောက်ကျရောက်ခဲ့ရပြီး ထိုစဉ်က အီရတ်အစိုးရ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ၎င်းတို့၏ လက်နက်များကို စွန့်လွှတ်ပြီးမြို့မှ လက်လွတ်ဆုတ်ခွာခဲ့ကြသည်။

ဆင်ဟွာ။

နှစ်နိုင်ငံရေတပ်များအကြားပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး တရုတ်ရေတပ်မှ စစ်ရေယာဉ်စု ဗီယက်နမ်သို့ လာရောက်

ကန်ရမ် (ဗီယက်နမ်) အောက်တိုဘာ ၂၂

တရုတ်နှင့် ဗီယက်နမ် နှစ်နိုင်ငံအကြား စစ်ဘက်ဆိုင်ရာ ပူးပေါင်းလုပ်ဆောင်မှု တိုးမြှင့်ရေးအတွက် တရုတ်ရေတပ်မှ စစ်ရေယာဉ်စု တစ်စုသည် ငါးရက်ကြာ အလည်အပတ်ခရီးအဖြစ် ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း ကန်ရမ်ဆိပ်ကမ်းမြို့သို့ အောက်တိုဘာ ၂၂ ရက်တွင် ဆိုက်ရောက်လာကြောင်း ယနေ့ ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

တရုတ်ရေတပ်မှ စစ်ရေယာဉ် သုံးစင်းပါ ရေယာဉ်စုသည် ၎င်း ရေတပ်ဖွဲ့မှ ရေယာဉ်များ၏ ၂၃ ကြိမ်မြောက် ရေကြောင်းအစောင့်လိုက် တာဝန်ကို ထမ်းဆောင်အပြီးတွင် ဗီယက်နမ်သို့ ရောက်ရှိလာခြင်းဖြစ်သည်။

အဆိုပါရေယာဉ်စုသည် အေဒင်ပင်လယ်ကွေ့ရှိ ဆိုမာလီကမ်းလွန်ပင်လယ်ပြင်တွင် ရေကြောင်းအစောင့်လိုက် တာဝန်ထမ်းဆောင်အပြီး အပြန်တွင် မြန်မာ၊ မလေးရှားနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ သွားရောက်ခဲ့ပြီး နောက်ဆုံးခရီးထောက်အဖြစ် ဗီယက်နမ်သို့ လာရောက်ခြင်းဖြစ်ကြောင်း တရုတ်စစ်ရေယာဉ်စုမှူး ပိုလ်မှူးကြီး ဝမ်ဟွန်လီက ပြောကြားသည်။

တရုတ်ရေတပ်နှင့် ဗီယက်နမ် ရေတပ်တို့သည် မကြာသေးမီနှစ်များအတွင်းက ခိုင်မာသော ဆက်သွယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများလုပ်ဆောင်လာခဲ့သည်။ နှစ်နိုင်ငံရေတပ်စစ်ရေယာဉ်များသည် ယခုအချိန်ထိ ဘိုင်ဘုပင်လယ်ကွေ့တွင် ပူးတွဲကင်းလှည့်ခြင်းများကို အကြိမ် ၂၀ တိုင် ပြုလုပ်ခဲ့ပြီး ရေတပ်ဖွဲ့များပူးတွဲစစ်ရေးလေ့ကျင့်မှုနှင့် စစ်ရေယာဉ်များ နှစ်နိုင်ငံအပြန်အလှန်လည်ပတ်ခြင်းများ ပြုလုပ်ခဲ့ကြောင်း ဝမ်က ပြောကြားသည်။

၂၀၀၁ ခုနှစ်မှစ၍ တရုတ်ရေတပ် စစ်ရေယာဉ်များသည် ဗီယက်နမ်သို့ အကြိမ်များစွာ လာရောက်ခဲ့ပြီး ယခုနှစ် မတ်လအတွင်းက အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းအဖြစ်ဖွင့်လှစ်ခဲ့သော ဗီယက်နမ်နိုင်ငံ ကန်ရမ်ဆိပ်ကမ်းမြို့သို့ လာရောက်ခဲ့ခြင်းမှာမူ ပထမဆုံးအကြိမ်ဖြစ်သည်ဟု သတင်းတွင် ဖော်ပြသည်။

ဆင်ဟွာ။

အီဂျစ်တပ်မှူးတစ်ဦး ကိုင်ရိုမြို့တော်အနီးရှိ နေအိမ်အပြင်ဘက်၌ ပစ်သတ်ခံရ

ကိုင်ရို အောက်တိုဘာ ၂၂

မြောက်ပိုင်းဆိုင်းနိုင်းပြည်နယ်၌ တာဝန်ထမ်းဆောင်ခဲ့သူ အကြီးတန်းစစ်ဘက်ဆိုင်ရာတာဝန်ရှိသူ တစ်ဦးမှာ အောက်တိုဘာ ၂၂ ရက်က ကိုင်ရိုမြို့တော် အစွန်ရှိ ၎င်း၏နေအိမ်ရှေ့၌ ပစ်သတ်ခံခဲ့ရသည်ဟု အီဂျစ်နိုင်ငံပိုင် Ahram သတင်းစာက ရေးသားဖော်ပြသည်။

သေနတ်သမားများသည် အောက်တိုဘာ ၂၂ ရက်နံနက်ပိုင်းက အိုဘိုမြို့စွန်ရှိနေအိမ် အပြင်ဘက်၌ မငြိမ်မသက်ဖြစ်ပွားနေသည့် ဆိုင်းနိုင်း ပြည်နယ်မှ သံချပ်ကာတပ်မ၏တပ်မှူးဖြစ်သူ ပိုလ်မှူးချုပ် အဒယ်လ်ရာ ဂျေးအား သေနတ်ဖြင့်ပစ်ခတ်ခဲ့ကြောင်း အဆိုပါပိုလ်မှူးချုပ်၏ဇနီး၏ ပြောကြားချက်ကို ကိုးကား၍ Ahram သတင်းစာက ရေးသားဖော်ပြသည်။ ရာဂျေး၏ကားမောင်းသူမှာလည်း သတ်ဖြတ်ခံခဲ့ရပြီး သက်တော်စောင့်များအနက် တစ်ဦးမှာ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အကြမ်းဖက်သမားသုံးဦးက နေအိမ်အနီးရှိ ကားတစ်စီးအတွင်းမှ စောင့်ဆိုင်းနေပြီး ခင်ပွန်းဖြစ်သူအား မောင်းပြန်သေနတ်များဖြင့် ပစ်ခတ်ခဲ့ကြကြောင်း ရာဂျေး၏ဇနီးက ဆက်လက်ပြောကြားသည်။ ၂၀၁၃ ခုနှစ်တွင် တပ်မတော်ဦးဆောင်၍ အစ္စလာမ္မစ်ခေါင်းဆောင် မိုဟာမက်မော်စီအား ဖြုတ်ချခ်ိန်ကတည်းက အီဂျစ်နိုင်ငံသည် အကြမ်းဖက်တိုက်ခိုက်မှုများစွာ ကြုံတွေ့နေရပြီး တိုက်ခိုက်မှုအများစုမှာ အဓိကအားဖြင့် မြောက်ပိုင်းဆိုင်းနိုင်းပြည်နယ်တွင် ဖြစ်သည်။

ပြီးခဲ့သောသုံးနှစ်အတွင်း အစိုးရဆန့်ကျင်ရေးတိုက်ခိုက်မှုများအတွင်း ရာနှင့်ချီသော လုံခြုံရေးတပ်ဖွဲ့ဝင်များ သတ်ဖြတ်ခံခဲ့ရပြီး အိုင်အက်စ်အဖွဲ့ကို သစ္စာခံသော ဆိုင်းနိုင်းအခြေစိုက် စစ်သွေးကြွအုပ်စုတစ်ခုက တိုက်ခိုက်မှုအများစုမှာ ၎င်းတို့လက်ချက်ဖြစ်ကြောင်း ပြောကြားထားသည်။ **ဆင်ဟွာ။**

❒ ငလျင်ဒဏ်သင့်မှု

(Rapid Assessment) ကောက်ယူခဲ့ရာ ဂူဘုရား ၂၅၈ ဆူ၊ စေတီ၁၀၄ဆူ၊ အုတ်ကျောင်း ၁၃ ကျောင်းနှင့် အခြား ၁၄ဆူ စုစုပေါင်း ၃၈၉ ဆူ ထိခိုက်ပျက်စီးခဲ့သည်။ ငလျင်ဒဏ်ခံ ရှေးဟောင်းအဆောက်အအုံများ ထိခိုက်ပျက်စီးမှုနှင့်ပတ်သက်၍ ပညာရပ်ဆိုင်ရာ စစ်ဆေးအကဲဖြတ်ခြင်း၊ ရှင်းလင်းခြင်း၊ စစ်ဆေးခြင်း၊ ထိခိုက်ပျက်စီးမှုသုံးသပ်ခြင်း၊ အကြံပြုခြင်းတို့ ဆောင်ရွက်နိုင်ရန်အတွက် "အကြံပေးအဖွဲ့(Advisory Team)နှင့် ပညာရှင်အဖွဲ့(Technical Expert Team)" တို့ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါငလျင်ဒဏ်ခံ ရှေးဟောင်းအဆောက်အအုံများ အရေးပေါ်ထိန်းသိမ်းရာတွင် လည်းကောင်း၊ ပြန်လည်ပြုပြင်ထိန်းသိမ်းရာတွင် ရေရှည်ခံနိုင်မှု ရှိစေရန်အတွက်လည်းကောင်း၊ နည်းစနစ်မှန်ကန်မှုရှိစေရန်အတွက် ပြည်တွင်း/ပြည်ပမှ ရှေးဟောင်းသုတေသနပညာရှင်များ၊ ဗိသုကာပညာရှင်များ၊ အင်ဂျင်နီယာများပါဝင်သော အကြံပေးအဖွဲ့၊ ပညာရှင်အဖွဲ့များ စနစ်တကျဖွဲ့စည်း၍ အကြံဉာဏ်များ ရယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထို့အတူ မြန်မာနိုင်ငံက ပညာရှင်များသာမက ငလျင်ဒဏ်ခံပြီးသည့် နောက်ပိုင်းယူနက်စကိုမှ နိုင်ငံခြားသားပညာရှင်များ၏ တစ်ဦးချင်းအကြံပြုချက်များ၊ တရုတ်၊ ဂျပန်စသည့် နိုင်ငံတကာအဖွဲ့များမှ ပညာရှင်များ၏ အကြံပေးချက်များကိုလည်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ မှတ်တမ်းတင်ထားရှိပြီး လိုအပ်သည်များ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ယင်းနှင့်ပတ်သက်၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်က "ကျွန်တော်တို့ ပညာရှင်အဖွဲ့(Expert Team)ကို ပုဂံဒေသအတွက် ငလျင်ဒဏ်ခံဘုရားတွေကို စစ်ဆေးပေးဖို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကနေ ဖွဲ့စည်းပေးခဲ့ပါတယ်။ အဲဒီအဖွဲ့မှာ နှစ်ပိုင်းပါပါတယ်။ တစ်ပိုင်းက အကြံပေးအဖွဲ့ပေါ့။ အဲဒီမှာ အဖွဲ့ဝင်လေးဦး ပါပါတယ်။ နိုင်ငံခြားသားပညာရှင်တွေလည်းပါတယ်။ မြန်မာပညာရှင်တွေလည်းပါတယ်။ ပြည်တွင်း ပညာရှင်အနေနဲ့ ဒေါက်တာကျော်လတ်၊ အင်ဂျင်နီယာအသင်းက ဦးအောင်မြင့်နဲ့ ဒေါက်တာ အောင်ကျော်မြတ်တို့ပါပါတယ်။ ဆောက်လုပ်ရေးပညာရှင်တွေပါ။

နောက်တစ်ဖွဲ့ကတော့ ပညာရှင်အဖွဲ့ပေါ့၊ Technical Team လို့ခေါ်တဲ့ ပညာရှင်အဖွဲ့မှာအဖွဲ့ဝင် ၁၉ ဦးပါပါတယ်။ ကျွန်တော်တို့ ရှေးဟောင်းသုတေသနက အဖွဲ့ဝင်ပညာရှင်တွေအပြင် မြန်မာနိုင်ငံဗိသုကာပညာရှင်အသင်းက ပညာရှင်တွေပါပါတယ်။ နောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံ ငလျင်ပညာရှင်အသင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ သိပ္ပံနဲ့နည်းပညာ စတဲ့ ပညာရှင်တွေစုပေါင်းပြီးတော့ ဖွဲ့စည်းထားပါတယ်။ ဒီလိုဖွဲ့စည်းပြီးတဲ့နောက်မှာ စက်တင်ဘာလထဲမှာပဲ ပညာရှင်တွေအကုန်လုံးကို ဖိတ်ခေါ်ပြီးတော့ အစည်းအဝေးတစ်ရပ်ကျင်းပခဲ့ပါတယ်။ အဲဒီအစည်းအဝေးမှာ ငလျင်ဒဏ်ခံဘုရားတွေ ဘယ်လိုစတင်ဆောင်ရွက်မလဲ၊ ဘယ်လိုနည်းပညာတွေနဲ့ လုပ်မလဲဆိုတာ ပြုပြင်ဖို့အကြမ်းဖျင်းစီမံချက်ကိုသာ ဆုံးဖြတ်နိုင်ခဲ့ပါတယ်။ အောက်တိုဘာ ၅ ရက်မှာ ပညာရှင်အစည်းအဝေးကို ဒုတိယအကြိမ် သုံးရက်ကျင်းပခဲ့ပါတယ်။ အဲဒီမှာ ပုဂံဘုရား စုစုပေါင်းပျက်စီးတာကတော့ ၃၈၉ ဆူပါ။ ဒီဘုရား တွေထဲကမှ ၃၆ ဆူက ပထမဦးစားပေး၊ ၅၃ ဆူက ဒုတိယဦးစားပေး၊ ကျန်တဲ့သုံးဆူကတော့ တတိယဦးစားပေးအနေနဲ့ ပညာရှင်တွေက ဆောင်ရွက်မှာပါ။ တတိယဦးစားပေးဆိုတာကတော့ နည်းနည်းပါးပါးလေး ပျက်စီးတာကြောင့်ပါ။ အဲဒါကြောင့် ပထမဦးစားပေးနဲ့ ဒုတိယဦးစားပေးက အရေးကြီးတဲ့အတွက်ကြောင့် ပညာရှင်တွေကနေပြီး သုံးရက်အတွင်းမှာ ငလျင်ဖြစ်ပြီးပြီးချင်း ပထမဆုံးအနေနဲ့ ၈၉ ဆူကို တစ်ဆူချင်းစစ်ဆေးပါတယ်။ တချို့ကတော့ ငြမ်းတွေဘာတွေဆင်ပြီးပြီ။ တချို့မိုးကာတွေအုပ်ထားပြီးပြီ။ ကျန်နေသေးတဲ့ ဘုရားတွေလည်းရှိတယ်။ ဒါတွေကို တစ်ဆူချင်းစစ်ဆေးပြီး ဘယ်ဘုရားကတော့ ငြမ်းထပ်ဆင်ဖို့လိုတယ်။ ဘယ်ဘုရားကတော့ မိုးရေမဝင်အောင်လုပ်ထားဖို့ လိုတယ်ဆိုတာစစ်ဆေးပြီး နောက်ထပ်ဆက်ပြီးတော့ လုပ်မယ့်လုပ်ငန်းတွေကို ပညာရှင်အဖွဲ့က အရေးပေါ်လုပ်ဆောင်ရမယ့် လုပ်ငန်းတွေကို လုပ်ဆောင်ခဲ့ရပါတယ်"ဟု ပြောသည်။

"ဘုရားတွေကလည်းများတဲ့အတွက်ကြောင့် ချက်ချင်းလည်းမပြင်နိုင်သေးဘူး။ ပြင်ဆင်တဲ့အခါမှာ ခေတ်မီနည်းပညာတွေသုံးသင့်၊ မသုံးသင့်။ နောက်အုတ်သုံးမယ်ဆိုရင် ဘယ်လိုအရည်အသွေးမီတဲ့အုတ်တွေ သုံးစွဲမယ်ဆိုတာ တချို့သိပ္ပံနည်းနဲ့လုပ်ထားတဲ့ အုတ်တွေတင်ပြတယ်။ ဒါတွေလည်း သုံးသင့်၊ မသင့်၊ အသုံးပြုမယ့်ပစ္စည်းတွေကို ဘယ်လိုပစ္စည်းတွေ သုံးသင့်တယ်ဆိုတာ အသေးစိတ်ဆွေးနွေးခဲ့ကြပါတယ်။ ခုဆိုရင် ဒါနဲ့ပတ်သက်တဲ့ အစီရင်ခံစာကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနကို တင်ပြပြီးဖြစ်ပါတယ်။ ဒီအစီရင်ခံစာက မှတ်ချက်တွေကိုကိုင်ပြီးတော့ ရှေးဟောင်းသုတေသနဌာနက အင်ဂျင်နီယာတွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက အင်ဂျင်နီယာတွေက ဘုရားတစ်ဆူချင်းအလိုက် လုပ်ဆောင်နေကြတာ ဖြစ်ပါတယ်။ တော်တော်လည်း အကျိုးရှိပါတယ်"ဟု ပြောသည်။

အရေးပေါ်ထိန်းသိမ်းလုပ်ငန်းနှင့် ရေရှည်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် Site တာဝန်ခံများက တာဝန်ကျရာ မဆောင်ရွက်မီ၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ပြီး မှတ်တမ်းဓာတ်ပုံများရယူပြီး ရှင်းလင်းချက်များ ရေးသား၍ Report ဖြင့်ပြန်လည်တင်ပြခြင်း၊ အရေးပေါ်ထိန်းသိမ်းရေးလုပ်ငန်း၊ ရေရှည်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်စဉ်ကာလအတွင်း အရည်အသွေးစိစစ်ရေးအဖွဲ့ (Quality Control, Quality Assurence) အား ဖွဲ့စည်း၍ စနစ်တကျစစ်ဆေးခြင်း၊ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရမည့်ပစ္စည်းများ၏ အရည်အသွေး၊ အချိုးအစားနှင့် အမျိုးအစားတို့ကို စနစ်တကျစစ်ဆေးပြီးမှသာ သုံးစွဲခြင်းနှင့် ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းကြီးကြပ်ရေးအဖွဲ့များ စနစ်တကျ ဖွဲ့စည်းဆောင်ရွက်ခြင်းတို့ ပြုလုပ်သင့်ကြောင်းကိုလည်း ပညာရှင်အဖွဲ့က အကြံပြုထားသည်ဟု ဆိုသည်။

ဘုရားများ အပြီးသတ်ပြုပြင်နိုင်ရေးနှင့် ပြုပြင်ဆောင်ရွက်မည့် အခြေ

✪ ကျောဖုံးမှ

"ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှူးဦးစီးဌာနအနေနဲ့ ပြီးခဲ့တဲ့နှစ်ကစပြီး ရေကြောင်းရဲတွေကို သင်တန်းပေးပြီး ရန်ကုန်နဲ့ မန္တလေးတို့မှာ ခန့်ထားတာဝန်ထမ်းဆောင်နေပါပြီ။ တဖြည်းဖြည်းနဲ့ ကျယ်ပြန့်လာရင်တော့ မြစ်တွင်းရေယာဉ်တွေ အန္တရာယ်ကင်းရှင်းရေးနဲ့ မြစ်တွင်း တရားမဝင်နည်းလမ်းနဲ့ လုပ်ဆောင်နေတာကို ဖော်ထုတ်အရေးယူမှု အခုထက်ပိုမိုလာမှာဖြစ်သလို စည်းကမ်းမဲ့ရေယာဉ် အရေးယူမှုတွေကို အခုထက်ပိုမိုလုပ်ဆောင်နိုင်မှာဖြစ်တဲ့အတွက် အခုလိုအဖြစ်ဆိုးမျိုးနဲ့ ကြုံမှာမဟုတ်တော့ပါဘူး"ဟု ဦးသောင်းကြိုင်က ရှင်းပြသည်။

ချင်းတွင်းမြစ်တွင်း အောင်စိုးမိုးကျော်-၂ ရေယာဉ်နစ်မြုပ်မှုနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ်။

သတင်းစာရှင်းလင်းပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ရေယာဉ်နစ်မြုပ်ဖြစ်စဉ်နှင့် ဆက်လက်ဆောင်ရွက်အရေးယူမှုများကို ရှင်းလင်းပြောပြရာတွင် "ဖြစ်စဉ်ဖြစ်ပွားတဲ့ မိချောင်းကွင်းကျေးရွာဘေးကနေ ချင်းတွင်းမြစ်ကြောင်းအခြေအနေနဲ့ ရွာသူရွာသားတွေရဲ့ကယ်ဆယ်ရေးဆောင်ရွက်ပေးတဲ့အပေါ် ပြန်လည်ပြောကြားခဲ့တာကို လိုက်လံနားထောင်ပြီး ရှေ့ဆက်လုပ်မယ့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေအတွက် လိုအပ်တာတွေကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ ရေယာဉ်နစ်မြုပ်လို့ လူအများအပြားသေဆုံးခဲ့ရတဲ့ အခုဖြစ်စဉ်နဲ့စပ်လျဉ်းပြီး ဖြစ်စဉ်အမှန် သိရှိနိုင်ဖို့နဲ့ တာဝန်ရှိသူကို ဖော်ထုတ်အရေးယူနိုင်ဖို့ အတွက် စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မျူး ရဲမှူးကြီး လူလူသန်းခေါင်းဆောင်တဲ့ စုံစမ်းစစ်ဆေးရေးအဖွဲ့ဟာ စစ်ဆေးဖို့ ဖွဲ့စည်းတာဝန်ပေးအပ်ထားပါတယ်" ဟု ပြောကြားသည်။

သတင်းစာရှင်းလင်းပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ရေယာဉ်နစ်မြုပ်မှုဖြစ်စဉ်နှင့် ပတ်သက်သည်များကို ရှင်းလင်းပြောပြပြီး ရေယာဉ်နစ်မြုပ်မှု ပြန်လည်ကယ်ဆယ်ရေး အဖွဲ့ခေါင်းဆောင် တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးသန်းညွှန့်ဝင်းက ဦးဆောင်၍ တိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီး ဦးမြင့်ကြည်၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးခင်မောင်လှ၊ တိုင်းဒေသကြီး နယ်စပ်နှင့် လုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီး ကျော်သန့်နိုင်၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မျူး ရဲမှူးကြီး လူလူသန်းနှင့် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှူးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းကြိုင်တို့က သတင်းမီဒီယာများ၊ ရေယာဉ်နှင့် ပတ်သက်သူများ၊ တက်ရောက်လာသူ မုံရွာဒေသခံများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားပေးသည်။ ဖြေကြားရှင်းလင်းမှုမစမီ ရေယာဉ်နစ်၍ သေဆုံးသူများအား ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ် ငြိမ်သက်ဆုတောင်းခဲ့သည်။

အောင်စိုးမိုးကျော် - ၂ ရေယာဉ်နစ်မြုပ်မှုတွင် ခရီးသည် ၁၅၅ ဦးနှင့် ရေယာဉ်လုပ်သားလေးဦး ၁၅၉ ဦး အသက်ရှင်ခဲ့ပြီး သေဆုံးရုပ်အလောင်း ၇၃ လောင်း ပြန်လည်တွေ့ရှိ၍ ကောင်းမွန်စွာသင်္ဂြိုဟ်ခြင်းနှင့် သေဆုံးသူ၏ မိသားစုထံ ပြန်လည်အပ်နှံခဲ့သလို မျှောပါခရီးသည် ခုနှစ်ဦးရှိရာ အမြန်ရေယာဉ်ပေါ်တွင် အနည်းဆုံး ခရီးသည် ၂၃၉ ဦးပါဝင်ပြီး အများဆုံး လူဦးရေမည်မျှပါသည်ကို မခန့်မှန်းနိုင်ကြောင်း သတင်းစာရှင်းလင်းပွဲတွင်ကယ်ဆယ်ရေး အဖွဲ့ခေါင်းဆောင် ဦးသန်းညွှန့်ဝင်းထံမှ သိရသည်။

ရေယာဉ်နစ်မြုပ်ရာတွင် ဆရာမ ၇၅ ဦး ပါဝင်ရာတွင် ၃၅ ဦး သေဆုံးခဲ့ပြီး သေဆုံးခရီးသည် ၇၃ ဦးကို ပြည်ထောင်စုအစိုးရက ကျပ်ငါးသိန်း တိုင်းဒေသကြီးအစိုးရက ကျပ်သုံးသိန်းနှင့် အေးငြိမ်းချမ်းသာရေယာဉ် အသင်းက ကျပ် လေးသိန်း စုစုပေါင်း ကျပ် ၁၂ သိန်းစီကို အောက်တိုဘာ ၂၃ ရက်တွင် တိုင်းဒေသကြီးအစိုးရ ရုံး၌ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်သလို အာမခံကျပ် ၁၀ သိန်းကို အမြန်ဆုံးထောက်ပံ့ပေးအပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ရေယာဉ်နစ်မြုပ်ရာတွင် ပါဝင်ပြီးအသက်ရှင်သူများ၏ နိုင်ငံသား စိစစ်ရေးကတ်ပြားများကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နေထိုင်သူများ မှန်လျှင် ချက်ချင်းဆောင်ရွက်ပေးမည်ဖြစ်သလို အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်မှဖြစ်လျှင် အမြန်ဆုံးရရှိရန် ဆက်စပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး နယ်စပ်နှင့် လုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီး ကျော်သန့်နိုင်ထံမှ သိရသည်။

ရေယာဉ်နစ်မြုပ်မှုကြောင့် သေဆုံးပျောက်ဆုံးသူများအတွက် ရည်စူး၍ ဆွမ်းတရားနာခြင်းနှင့် လျှုဒါန်းအမျှ အတမ်းပေးဝေခြင်း အခမ်းအနားကို အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက မုံရွာမြို့ဆိပ်ကမ်း ကျောက်ဆောင်ဆိပ်တွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မုံရွာမြို့မှ မြို့မိမြို့ဖများ စုပေါင်းပြုလုပ်ခဲ့သလို ချင်းတွင်းမြစ်ဘေးရှိ ချောင်းဦးနှင့် ဘုတလင်မြို့နယ်များတွင်လည်း တစ်ချိန်တည်းပြုလုပ်ခဲ့ကြောင်း သိရသည်။

မိုးဝင်းထွန်း(မုံရွာ)

■ ရောဝတီတိုင်းဒေသကြီးမှ

အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းတိုင်းတာချက်အရ အောက်တိုဘာ ၂၄ ရက်တွင် မုန်တိုင်းငယ်သည် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းသို့ ချဉ်းကပ်ရောက်ရှိနိုင်ပြီး အများဆုံးလေတိုက်နှုန်းတစ်နာရီလျှင်မိုင် ၅၀ မှ ၅၅ မိုင်အထိ ရှိနိုင်ကြောင်း၊ မုန်တိုင်း၏အရှိန်ကို ဧရာဝတီဒေသနှင့် ရခိုင်ပြည်နယ် တောင်ပိုင်းတို့တွင် ခံစားရနိုင်ကြောင်း ဒေါက်တာထွန်းလွင်က သတိပေးထုတ်ပြန်ထားပြီး မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှူးဦးစီးဌာနကလည်း မုန်တိုင်းသတင်းနှင့် သတိပေးချက်များ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိသည်။

မုန်တိုင်းအရှိန်ကြောင့် မိုးရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ ပင်လယ်ရေလှိုင်းမြင့်တက်ခြင်းတို့ဖြစ်ပေါ်နိုင်ပြီး မိုးရွာသွန်းရာတွင် ဧရာဝတီ၊ ရန်ကုန်၊ ပဲခူး၊ မကွေးတိုင်းဒေသကြီး၊ မွန်၊ ရခိုင်ပြည်နယ်တို့တွင် နေရာစပ်စပ်မှ နေရာအနှံ့အပြား မိုးရွာသွန်းနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲမိုးထစ်ချုန်းရွာနိုင်သည်။ မုန်တိုင်းစက်ကွင်းအတွင်းကျရောက်သော ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တောင်ပိုင်းတို့တွင် လေတိုက်နှုန်းတစ်နာရီမိုင် ၃၀ မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်ပြီး မြစ်ဝကျွန်းပေါ် ကမ်းရိုးတန်းတစ်လျှောက်တွင် လှိုင်းကြီးနိုင်ကာ လှိုင်းအမြင့် ၁၀-၁၅ ပေခန့်အထိရှိနိုင်ကြောင်း၊ မြစ်ဝကျွန်းပေါ်ဒေသကမ်းရိုးတန်းတစ်လျှောက်တွင် ခန့်မှန်းထားသည့် လေတိုက်နှုန်းတစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၆၀ အတွင်း တိုက်ခတ်ပါက မုန်တိုင်းဒီရေအမြင့်မှာ အနည်းဆုံး တစ်ပေမှ အများဆုံး သုံးပေအထိသာ တက်နိုင်မည်ဖြစ်ကြောင်း ဒေါက်တာထွန်းလွင်က ခန့်မှန်းသုံးသပ်ထားပြီး အဆိုပါအချက်အလက်များကို ဆက်လက်စောင့်ကြည့်လျက်ရှိကာ အချိန်နှင့်လိုက်၍ ပြောင်းလဲနိုင်ကြောင်း သတိပေးထုတ်ပြန်ထားသည်။

(၀၀၁)

သတင်းအချက်အလက်များ သိရှိလိုပါက မေးမြန်းနိုင်ပါသည်

နေပြည်တော် အောက်တိုဘာ ၂၂

ပြန်ကြားရေးဝန်ကြီးဌာနက အများပြည်သူသို့ မှန်ကန်သော သတင်းအချက်အလက်များရရှိနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ လတ်တလောဖြစ်စဉ်များ၊ သတင်းများနှင့်စပ်လျဉ်း၍ မေးမြန်းအတည်ပြုလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များနှင့် e.mail လိပ်စာတို့သို့ ဆက်သွယ်နိုင်ကြောင်း အသိပေးအပ်ပါသည်-

တယ်လီဖုန်း- ၀၆၇-၄၁၂၀၀၂၊ ၀၆၇-၄၁၂၁၁၉
၀၉၅၀၃၄၅၅၀၈၊ ၀၉၈၃၀၆၃၅၈

Email- myintkyaw103@gmail.com

ပြန်ကြားရေးဝန်ကြီးဌာန

သတင်း - နိုင်လင်းကြည်၊ ဇင်ဦး(မြန်မာ့အလင်း)
ဓာတ်ပုံ - သီဟစည်သူ

ကြေးမုံ

၂၀၁၈ ရုရှား ကမ္ဘာ့ဖလား လာဘ်ကောင်ရုပ်ထုတ်ပြန်ကြေညာ

ဇာဘီဗာကာဟု အမည်ရသည့် မြေခွေးရုပ်ကို ၂၀၁၈ ကမ္ဘာ့ဖလား လာဘ်ခေါ်ရုပ်အဖြစ် ရွေးချယ်လိုက်ကြောင်း ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်။ မြေခွေးရုပ်၊ ကြောင်ရုပ်နှင့် ကျားရုပ်သုံးခုတို့ကို ပဏာမလာဘ်ကောင်ရုပ်များ အဖြစ် ဖန်တီးပြီး အများပြည်သူကို ချပြရွေးချယ်စေခဲ့ရာ မြေခွေးရုပ်က ၅၃ရာခိုင်နှုန်း၊ ကျားရုပ် ၂၇ရာခိုင်နှုန်းနှင့် ကြောင်ရုပ် ၂၀ရာခိုင်နှုန်း အသီးသီးရရှိခဲ့သဖြင့် မြေခွေးရုပ်ကို ၂၀၁၈ ကမ္ဘာ့ဖလား လာဘ်ခေါ်ရုပ်ဖြစ်လာခဲ့ခြင်းဖြစ်သည်။ မဲပေးရွေးချယ်မှု လုပ်ငန်းစဉ်မှာ တစ်လခန့်ကြာမြင့်ကြောင်း သိရသည်။

အဆိုပါ "ဇာဘီဗာကာ" ရုပ်ကို ၂၀၁၈ကမ္ဘာ့ဖလားတွင် သာမက ၂၀၁၇ကွန်ဖက်ဒရေးရှင်းဖလား (တိုက်ကြီးများဖလား) လာဘ်ခေါ်ရုပ်အဖြစ်ပါ သုံးစွဲသွားမည်ဖြစ်ကြောင်း ရုရှားအားကစားဝန်ကြီး မက်ကိုက အတည်ပြုခဲ့သည်။ ဘရာဇီးတိုက်စစ်မျူးဟောင်း ရိုနယ်လ်ဒိုက လာဘ်ခေါ်ရုပ်များမှာ သံတမန်များဖြစ်သလို ကွင်းအတွင်းပရိသတ်များ၏ ပျော်ရွှင်မှုကိုလည်း ဆောင်ကြဉ်းပေးနိုင်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုပြခဲ့သည်။

အောက်တိုဘာ ၂၂ ရက် အနိုင်/အရှုံးရလဒ်များ

ပရီမီယာလီဂ် ပွဲစဉ် - ၉

ဘုန်းမောက်	၀	-	၀	စပါး
အာဆင်နယ်	၀	-	၀	မစ်ဒယ်ဘရော့
ဘန်လေ	၂	-	၁	အဲဗာတန်
ဟားလ်စီးတီး	၀	-	၂	စတုတ်
လက်စတာ	၃	-	၁	ခရစ္စတယ်ပဲလေ့စ်
ဆွမ်ဆီး	၀	-	၀	ဝက်ဖို့ဒ်
ဝက်စ်ဟမ်း	၁	-	၀	ဆန်းဒါးလန်း

လာလီဂါ ပွဲစဉ် - ၉

အက်စ်ပန်ညို	၃	-	၃	အီဘား
ဗလင်စီယာ	၂	-	၃	ဘာစီလိုနာ

ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၈

လေဗာကူဆင်	၀	-	၃	ဟော့ဖန်ဟိမ်း
ဟာသာဘာလင်	၂	-	၁	ကိုလုံး
အင်ဂေ့ါစတက်	၃	-	၃	ဒေ့ါမွန်
ဒမ်စတက်	၃	-	၁	ဝုဖ်ဘတ်
ဖရိုင်းဘတ်	၂	-	၁	အော့စ်ဘတ်

မောင်မောင်ဇော်

အဂူရိုနှင့် ကွန်ပနီ အနာဂတ် မန်စီးတီးတွင်ရှိဆဲဟု ဂွါဒီယိုလာပြောကြား

မန်စီးတီးတိုက်စစ်မျူး အဂူရိုမှာ နှစ်ပွဲဆက်တိုက် ပွဲထွက်လူစာရင်းမှပျောက်ဆုံးခဲ့သလို နောက်ခံလူ ကွန်ပနီမှာလည်း အရန်ခုံတွင် ဆက်လက်ထိုင်နေရသော်လည်း အဆိုပါ ကစားသမားနှစ်ဦးစလုံး မန်စီးတီးနှင့် အနာဂတ်ဆက်ရှိနေမည်ဖြစ်ကြောင်း ဂွါဒီယိုလာက ဖွင့်ဟပြောကြားလိုက်သည်။ ၎င်းတို့နှစ်ဦးသည် ဘာစီလိုနာအား လေးဂိုးပြတ်ဖြင့် အရေးနိမ့်ခဲ့သော ပွဲစဉ်တွင် ပွဲထွက်လူစာရင်းမှ ချန်လှပ်ခံရပြီးနောက် အဂူရို မန်စီးတီးမှ ထွက်ခွာနိုင်မည်လားဆိုသည့်မေးခွန်းအတွက် ဂွါဒီယိုလာက အဂူရို မန်စီးတီးမှ ထွက်ခွာလျှင်လည်း သူ၏ကိုယ်ပိုင် ဆုံးဖြတ်ချက်သာဖြစ်ကြောင်း ဖြေကြားခဲ့သည်။

ဂွါဒီယိုလာက " ကွန်ပနီအနေနဲ့ ကြံ့ခိုင်မှုပြည့်ရင် ကျွန်တော်သူ့ကို ပွဲထွက်ကစားစေမှာပါ။ အဂူရိုကတော့ နည်းပဗျူဟာပိုင်းအရ ချန်လှပ်ရတာဖြစ်ပါတယ်။ ဘာစီလိုနာမှာ မက်ဆီ၊ ဆွာရက်ဇ်နဲ့ နေမာတို့ ရှိတော့ ကွင်းလယ်ကစားသမားပိုထည့်ပြီး ဘောလုံးပိုင်ဆိုင်မှု ဦးစားပေးဖို့ ဆုံးဖြတ်ရတာကြောင့် တိုက်စစ်ကစားသမားကို မထည့်ခဲ့တာဖြစ်ပါတယ်" ဟု ဖြေကြားခဲ့သည်။

ထို့ပြင် ၎င်းက ဘာစီလိုနာအား လေးဂိုးပြတ်ဖြင့် အရေးနိမ့်ခဲ့သော်လည်း မိမိ၏ နည်းဗျူဟာပိုင်းဆိုင်ရာ တွေးခေါ်မှုပုံစံကို ပြင်ဆင်မည်မဟုတ်ကြောင်းလည်း ထည့်သွင်းပြောကြားခဲ့သည်။ မန်စီးတီးအသင်းသည် ဘာစီလိုနာနှင့် ပွဲစဉ်တွင် ဂိုးသမား ဘရာဗို တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံရပြီးနောက် သုံးဂိုး ခွင့်ပြုခဲ့ရကာ ဂိုးပြတ်အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ဂွါဒီယိုလာ၏ နည်းစနစ်အရ ဂိုးသမားမှ ဘောလုံးလမ်းကြောင်း စတင်ဖြန့်ဝေမှု ပြုလုပ်လေ့ရှိရာ ဘရာဗိုမှာ ဘောလုံးကိုင်ကစားလွန်းသဖြင့် ဂိုးသမားတစ်ဦး၏ ကစားပုံထက် ဘောလုံးဖြန့်ဝေသည့် ကွင်းလယ်ကစားသမားပုံစံမျိုး ကစားလေ့ရှိသဖြင့် ဘရာဗိုအမှား ကျူးလွန်သည့်အခါ ဂွါဒီယိုလာအပေါ် ဝေဖန်မှုများ ပိုမိုကျရောက်ခြင်းဖြစ်သည်။ သို့သော် ဂွါဒီယိုလာက ဝေဖန်မှုများကြောင့် သူ၏ နည်းစနစ်ပိုင်း အတွေးအခေါ်ကို ပြောင်းလဲရန်အကြောင်းမရှိကြောင်း တုံ့ပြန်လိုက်သည်။

ဂွါဒီယိုလာက မည်သည့်ကစားမဆို ဘောလုံးရရှိသည့်အခါ အမှားကျူးလွန်တတ်သော်လည်း ယင်းမှာ ပြဿနာတစ်ရပ်မဟုတ်ကြောင်း၊ အများအားဖြင့် ဂိုးသမားမှ ဘောလုံးလမ်းကြောင်းစတင်မှုသည် ကောင်းမွန်သည့် နည်းစနစ်ဖြစ်သလို အသင်း၏ ကစားပုံ ဟန်ချက်ညီရေးကို အကျိုးပြုတတ်သည်ကို သိရှိထားသဖြင့် နည်းပဗျူဟာ ပြင်ဆင်မည်မဟုတ်ကြောင်း ဆိုလိုက်သည်။ ဂွါဒီယိုလာက ပွဲအစ ၁၁ ယောက်ချင်း ယှဉ်ပြိုင်ရချိန်တွင် ဘာစီလိုနာ အဖွင့်ဂိုးရထားသော်လည်း မန်စီးတီးကလည်း အသင်းကို ဟန်ချက်ညီစွာ ထိန်းညှိပြီး ချေပဂိုးရနိုင်မည့် အခွင့်အရေး နှစ်ကြိမ်ခန့် ဖန်တီးနိုင်ခဲ့ကြောင်း ထောက်ပြခဲ့သည်။

မေလဲ့သင်း-ရေးသားသည်

ချယ်လ်ဆီးနဲ့ မန်ယူတို့ ယှဉ်ပြိုင်မယ့် ပရီမီယာလီဂ်ပွဲစဉ်(၉)က မယှဉ်ပြိုင်ရသေးဒီကာလမှာပဲ မီဒီယာတွေရဲ့ ပုံဖော်မှုကြောင့် အတော်လေး အသက်ဝင်နေခဲ့ပါပြီ။ မော်ရင်ဟိုရဲ့ အပြော၊ ကွန်တီရဲ့ ရှုမြင်မှုတွေကြား ရလဒ်ပိုင်းအပေါ် အကြိုအဖြေထုတ်နေကြသူတွေကလည်း ထုတ်နေကြပါတယ်။ ဒီကြားထဲ မန်ယူရဲ့ ဖာဂူဆန်နှောင်းပိုင်း ကျဆုံးခန်းနဲ့ ယမန်နှစ် ချယ်လ်ဆီးရဲ့ ကမောက်ကမအဖြစ်တွေရဲ့ တရားခံဟာ မော်ရင်ဟို ဖြစ်ခဲ့တယ်ဆိုတာ ပြန်ပြောနေသူတွေလည်း မနည်းပါဘူး။ ဒီတော့ ချယ်လ်ဆီးနဲ့ မန်ယူတွေ့ဆုံမှုဟာ ပရီမီယာလီဂ်ပွဲဆိုတာထက် မော်ရင်ဟိုရဲ့ စတန်းဖို့ဒ်ဘရစ်ချ် အပြန်လမ်း၊ ကွန်တီက ချယ်လ်ဆီး ကစားသမားတွေ မနှစ်က အရှုံးအတွက် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုတွေ အခုထိ ခံစားရတုန်းပဲရှိသေးတယ်ဆိုတဲ့ စွပ်စွဲချက်တွေကြား ရွပ်လုံးကြွလာတဲ့ ထိပ်တိုက်တွေ့ဆုံမှု တစ်ခုဖြစ်နေပါတယ်။

ချယ်လ်ဆီးကို ချစ်ခင်နှစ်သက်ဆဲပဲဆိုတဲ့ မော်ရင်ဟို

မော်ရင်ဟိုကတော့ ချယ်လ်ဆီးဘက်ကို မန်ယူအသင်းဂိုးသွင်းနိုင်ရင် သူ့အနေနဲ့ ကလေးတစ်ဦးလို အော်ဟစ်အောင်ပွဲခံမှာ မဟုတ်ဘူးလို့ပြောကြားလိုက်ပြီး သူ့ရဲ့ ရာဇဝင်မှာ ချယ်လ်ဆီးပါသလို ချယ်လ်ဆီးရဲ့ သမိုင်းမှာလည်း ပရီမီယာလီဂ်ဖလား သုံးလုံးယူပေးတဲ့ မော်ရင်ဟိုဆိုတာ မပါမဖြစ်ပါလို့ ဆိုလိုက်ပါတယ်။

မော်ရင်ဟိုက " ကျွန်တော်ဟာ ခံစားချက် ထိန်းချုပ်နိုင်ဖို့ လုံလောက်တဲ့ ရင့်ကျက်မှုရှိပါတယ်။ နည်းပြတစ်ယောက်က အသင်းကနေ ထွက်သွားရတာဟာ သူတို့ရဲ့ ညစ်ပေနေတဲ့ အဝတ်အစားတွေကို လျော်ဖွပ်လိုက်ရတဲ့ ဖြစ်စဉ်နဲ့ တူပါတယ်။ ဒါကြောင့် သွားပြန်ရင်ဆိုင်ရတော့လည်း ဘာတွေဖြစ်မလဲဆိုတာကိုပဲ ခဏခဏပြောနေတော့လည်း ဘာမှ ထူးလာမဟုတ်ပါဘူး။ ချယ်လ်ဆီးနဲ့ ပတ်သက်ရင် ကျွန်တော့်အတွက် အမြဲကောင်းတဲ့ ခံစားချက်ပဲ ခံစားရပါတယ်။ ကျန်တာတွေ ကျွန်တော့်မှတ်ဉာဏ်ထဲရှိမနေပါဘူး" လို့ ဖြေကြားခဲ့ပါတယ်။

၂၀၁၀ ခုနှစ် အင်တာမီလန်နည်းပြအဖြစ်ဆောင်ရွက်နေတဲ့ မော်ရင်ဟိုဟာ ချယ်လ်ဆီးကို ချန်ပီယံလီဂ်မှာ ပြိုင်ဘက်အဖြစ် ရင်ဆိုင်ခဲ့စဉ်က စတန်းဖို့ဒ်ဘရစ်ချ်မှာ တစ်ဂိုး-ဂိုးမရှိ၊ ဆန်စီရှိမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ နှစ်ကျော့စလုံး အနိုင်ရရှိခဲ့ပေမယ့် ခုအချိန်မှာတော့ စတန်းဖို့ဒ်ဘရစ်ချ်ကွင်းမှာ သူ့ရဲ့ ကံကောင်းချိန်တွေ ကုန်ဆုံးသွားပြီလို့တော့ ဝန်ခံခဲ့ပါတယ်။

မော်ရင်ဟိုက ချယ်လ်ဆီးကို နည်းပြအဖြစ် ဒုတိယအကြိမ်ပြန်လာစဉ်မှာ သူ့ရဲ့ နည်းပြဘဝမှာ ပိုပြီး ချစ်ခင်နှစ်သက်ရတဲ့အသင်းနှစ်သင်းကတော့ ချယ်လ်ဆီးနဲ့ အင်တာမီလန်ဖြစ်ပြီး ချယ်လ်ဆီးက ပိုပြီးတော့ အရေးပါတဲ့ အခန်းကဏ္ဍမှာ ရှိခဲ့တယ်လို့ နည်းပြ မိတ်ဆက်အခမ်းအနားမှာ ထည့်သွင်းပြောကြားခဲ့သူပါ။ ဒါကြောင့် ချယ်လ်ဆီးကိုပြိုင်ဘက်အဖြစ် ပြန်လည်ရင်ဆိုင်မယ့် မော်ရင်ဟို စိတ်ခံစားချက် ဘယ်လိုရှိနေမလဲဆိုတာ မေးစရာမလိုတဲ့ သိပြီးသား မေးခွန်းဖြစ်ပါတယ်။ ဒါပေမယ့် ဒီပွဲစဉ်အပေါ် နှစ်ဖက်အသင်းနည်းပြတွေ ဘယ်လိုသဘောထားသလဲဆိုတာ အားကစား မီဒီယာတွေက အပြိုင်အဆိုင်မေးမြန်းဖော်ပြနေကြလို့ ယခုတစ်ပတ်အတွင်း မီဒီယာစာမျက်နှာထက် နေရာ အယူဆုံးသတင်းဖြစ်နေသလို ပရိသတ်ဖတ်ရှုမှု အများဆုံး သတင်းလည်း ဖြစ်လာခဲ့ပါတယ်။ဒီတော့ လက်ရှိ ချယ်လ်ဆီးနည်းပြ ကွန်တီကရော ဘယ်လိုပြောကြားသလဲ ပြန်ကြည့်ရအောင်ပါ။

မော်ရင်ဟိုက ခုချိန်မှာ ချယ်လ်ဆီးရဲ့ ရန်သူလို့ အမည်တပ်ခဲ့တဲ့ ကွန်တီ

ကွန်တီကတော့ ချယ်လ်ဆီးကစားသမားတွေအနေနဲ့ မော်ရင်ဟိုအပေါ် အာရုံစိုက်မနေဘဲ ကစားပွဲတစ်ပွဲအဖြစ်သာ ချဉ်းကပ်ဖို့ တိုက်တွန်းထားပါတယ်။ ဒဲ့အပြင် ချယ်လ်ဆီးကစားသမားတွေဟာ လက်ရှိ ချန်ပီယံဘွဲ့ကို မကာကွယ်နိုင်ဘဲ ရှုံးပွဲတွေအများကြီး ကြုံခဲ့ရတဲ့ ပြီးခဲ့တဲ့နှစ်က ကြုံခဲ့တဲ့ ရလဒ်ဆိုးတွေကြောင့် အခုထိ ထိတ်လန့်မှုခံစားနေရဆဲပဲလို့ မော်ရင်ဟိုကို ပြောင်ကျကျပဲ စိန်ခေါ်လိုက်ပါတယ်။

ကွန်တီက မော်ရင်ဟိုဟာ တစ်ချိန်က ချယ်လ်ဆီးရဲ့ သူရဲကောင်းဖြစ်ခဲ့ပေမယ့် ခုချိန်မှာတော့ ချယ်လ်ဆီးရဲ့ ရန်သူတစ်ဦး ဖြစ်လာခဲ့ပြီလို့ ပြောခဲ့ပေမယ့် ချယ်လ်ဆီးမှာ အောင်မြင်မှု မျှားစွာရယူနိုင်ခဲ့တဲ့ မော်ရင်ဟိုကို စတန်းဖို့ဒ်ဘရစ်ချ်က အကောင်းဆုံးကြိုဆိုမှု ပြုမှာဖြစ်တယ်လို့လည်း ဆိုပါတယ်။ဒဲ့အပြင်လာမယ့် တနလင်္ဘာနေ့မှာ ကျရောက်မယ့် ချယ်လ်ဆီး အသင်းပိုင်ရှင် အေဗရာမိုဗစ်ချ်ရဲ့ မွေးနေ့အတွက် မန်ယူကို အနိုင်ယူပြီး မွေးနေ့လက်ဆောင်အဖြစ် ပေးသွားမှာလို့လည်း ကွန်တီက ကြွေးကြော်လိုက်ပါတယ်။

ဘယ်အသင်း နိုင်မလဲ

လက်ရှိ ချယ်လ်ဆီးနဲ့ မန်ယူတို့ရဲ့ အခြေအနေကို သုံးသပ်ကြည့်ရင်လည်း တစ်သင်းနဲ့ တစ်သင်း စွမ်းဆောင်ရည် ကွာဟနေတာမျိုးမတွေ့ရပေမယ့် ဥရောပ ဝင်ခွင့် ဆုံးရှုံးထားတဲ့ ချယ်လ်ဆီးအနေနဲ့ ယူရိုပါလီဂ်ကစားခဲ့ရတဲ့ မန်ယူလောက် ပွဲပန်းမှု ခံစားရမှာ မဟုတ်တာတော့ သေချာပါတယ်။ ဒီအခြေအနေက ချယ်လ်ဆီးကို အလေးသာစေသလို အိမ်ကွင်းမှာလည်း ယှဉ်ပြိုင်ရမှာဖြစ်လို့ အနိုင်ဆိုရင်တော့ ချယ်လ်ဆီးပဲလို့ အများစုက ခန့်မှန်းကြပါတယ်။ ဒါပေမယ့် မော်ရင်ဟိုရော ကွန်တီရောဟာ ဒီရာသီမှ အသင်းသစ်တွေကို ပြောင်းလဲကိုင်တွယ်ရတာဖြစ်လို့ အကောင်းဆုံး ပွဲထွက်ကစားသမား စာရင်းအတွက် အဖြေရှာနေကြဆဲဆိုတဲ့ အချက်ကတူကြပေမယ့် မန်ယူရဲ့ အားသာချက်က မော်ရင်ဟိုဟာ ချယ်လ်ဆီး ကစားသမားတွေအကြောင်းကောင်းကောင်းသိသူဖြစ်သလို လက်ရှိ ချယ်လ်ဆီးဟာ မော်ရင်ဟိုတည်ဆောက်ပြီးသား ချယ်လ်ဆီးကိုပဲ မွမ်းမံထားတဲ့ အနေအထားဖြစ်ပါတယ်။ ဒီနှစ်သင်းဟာ ကွင်းလယ်အင်အား တောင့်တင်းတာချင်းတူပေမယ့် ချယ်လ်ဆီးရဲ့ တိုက်စစ်ပိုင်းမှာ ကော်စတာရှိသလို မန်ယူရဲ့ တိုက်စစ်ပိုင်းမှာ အေဗရာဟီမိုဗစ်ချ်ရှိပါတယ်။ နောက်တန်းခံစစ်ချင်း ယှဉ်ရင်တော့ ချယ်လ်ဆီးက ပိုပြီး အားပျော့သလို မန်ယူဂိုးသမား ဒီဂီယာက ချယ်လ်ဆီးရဲ့ ကော်တို့ကျစ်စ်ထက် လက်စွမ်းတည်ငြိမ်သူပါ။ ဒဲ့အပြင် မော်ရင်ဟိုဟာ ချယ်လ်ဆီးနဲ့ သူနဲ့ကြားထဲ ဘာမျှ ဆိုးဆိုးရွားရွား မဖြစ်ခဲ့ဘူးလို့ ပြောခဲ့ပေမယ့် သူ့ကို ထုတ်ပယ်ခဲ့တဲ့ ချယ်လ်ဆီးကိုတော့ အရှုံးခံမှာမဟုတ်တာကြောင့် သရေရလဒ်က နှစ်သင်းစလုံးအတွက်မျှတတဲ့ အဖြေဖြစ်ပြီး အနိုင်ဆိုရင်တော့ မန်ယူလို့ပဲ ပြောချင်ပါတယ်။

စတန်းဖို့ဒ်ဘရစ်ချ်ကို ပြိုင်ဘက်အဖြစ် ဒုတိယအကြိမ် သွားရောက်ရင်ဆိုင်မယ့် မော်ရင်ဟိုနဲ့

စကားစစ်ထိုးမှုများကြားက ချယ်လ်ဆီး-မန်ယူပွဲ

စစ်ကိုင်းမြို့၌ မိုးသည်းထန်စွာရွာသွန်း၍ မြို့ပေါ်အနိမ့်ပိုင်း ရပ်ကွက်အချို့မှ လူနေအိမ်များသို့ ရေများဝင်

စစ်ကိုင်း အောက်တိုဘာ ၂၂

စစ်ကိုင်းမြို့၌ အောက်တိုဘာ ၂၂ ရက် နံနက် ၈ နာရီခန့်က မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် မြို့ပေါ်အနိမ့်ပိုင်းရပ်ကွက်အချို့နှင့် လူနေအိမ်ခြံဝင်းများအတွင်းသို့ မိုးရေများဝင်ရောက်ခဲ့ကြောင်း သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် စစ်ကိုင်းတောင်ခြေဘက်မှ ဆင်းလာသည့်မိုးရေများသည် မြို့သစ်ရပ်ကွက်ရှိ ရေကန်ကြီးပြည့်လျှံ ကျော်ကျကာ ရန်နိုင်၊ လေးကျွန်းမြေ၊ ဗျဉ်းညား၊ တကောင်း၊ ပန်းဘဲတန်း၊ ထုံးဘို၊ အိုးတန်းလေးလမ်းနှင့် မင်းလမ်းရပ်ကွက်များရှိ အနိမ့်ပိုင်းနေရာများမှ လူနေအိမ်ခြံများအတွင်းသို့ ဝင်ရောက်ခဲ့သည်။

မိုးရေများဝင်ရာနေရာများသို့ မြို့နယ်အတွင်းရှိ သက်ဆိုင်ရာတာဝန်ရှိသူများက ရေဖြတ်ကျော်နေသည့်လမ်းများတွင် သွားလာမှုအဆင်ပြေစေရန်အတွက် ယာဉ်ထိန်းရဲများ ချထားစီစဉ်ဆောင်ရွက်ပေးထားခြင်း၊ ရေစီးဆင်းရာလမ်းတစ်လျှောက် တိုက်စားမှုမဖြစ်ပေါ်စေရန်အတွက် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက သဲအိတ်များ ချထားကာရံပေးခြင်း၊ ရပ်ကွက်များအတွင်း ရေဝင်ရောက်မှုအခြေအနေများကိုကြည့်ရှု၍ ရေထွက်ပြွန်များမှတစ်ဆင့် ဧရာဝတီမြစ်အတွင်း ရေများထွက်နေမှုတို့ကိုကြည့်ရှုပြီး တင်ကျန်နေသည့်မိုးရေများအား အချိန်မီပြန်လည်ထုတ်ပေးနိုင်ရန်အတွက် အစီအစဉ်များချမှတ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မျိုးဝင်း(စစ်ကိုင်း)**

ငါးဖမ်းရေယာဉ်များ ရာသီဥတုဆိုးရွားချိန်တွင် ခိုလှုံနိုင်

၁။ မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ကိုင်ဆောင်ရွက်နေသော ပြည်တွင်း/ပြည်ပ ကမ်းဝေး ငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါတည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်း ထုတ်ပြန်ပေးထားပြီးဖြစ်ပါသည် -

(က) ရခိုင်ပြည်နယ် စစ်တွေမြို့နယ် မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်။

(ခ) ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်။

(ဂ) ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ငလပ္ပေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်။

(ဃ) ရခိုင်ပြည်နယ် သံတွဲမြို့နယ် ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်။

(င) ရခိုင်ပြည်နယ် သံတွဲမြို့နယ် သပြုချိုင်(ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်။

(စ) ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်။

(ဆ) ရခိုင်ပြည်နယ် ဂွမြို့နယ် တင်တောကျေးရွာအုပ်စု အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်။

(ဇ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်။

(စျ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ပြင်ခရိုင် ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄. ၄၀ မိနစ်။

(ည) ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကဒုံကနိကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်။

(ဋ) မွန်ပြည်နယ် ရေးမြို့နယ် ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁. ၃၀ မိနစ်၊ အရှေ့လောင် ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်။

(ဌ) တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် မောင်းမကန်ဘုတ်ကျွန်း(MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်။

(ဍ) တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် လောင်းလုံးဘုတ်ကျွန်း(SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်။

(ဎ) တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် တနင်္သာရီကျွန်း(TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်။

(ဏ) တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ပြင်စဘုကျွန်း(PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ ပြည်တွင်း/ပြည်ပ ငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ ရာသီဥတုဆိုးရွားချိန်များအတွင်း ငါးဖမ်းရေယာဉ်နှင့် ရေလုပ်သားများ အန္တရာယ်ကင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကို အကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန် ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာအရေးယူခံရမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

မဟာပန္ဓုလတံတားပေါ် ရှိ လမ်းလယ်တုံးများအား သစ်လုံးတင်ယာဉ် ဝင်တိုက်

ရန်ကုန် အောက်တိုဘာ ၂၂

ရန်ကုန်မြို့ မဟာပန္ဓုလတံတားပေါ် ဒေါပုံဘက်ခြမ်းရှိ လမ်းလယ်တုံးများကို ယနေ့ မွန်းလွဲ ၁ နာရီခန့်တွင် ယာဉ်မောင်း ကျော်စွာဝင်း (၃၂)နှစ် မောင်းနှင်လာသော သစ်လုံးတင်ယာဉ်သည် ဘရိတ်ပေါက်၍ ဝင်တိုက်မှုဖြစ်ပွားပြီး ယာဉ်မှာ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိသွားကြောင်း သိရသည်။**(အောက်ပုံ)**

အဆိုပါဖြစ်စဉ်ကြောင့် လူများထိခိုက်ဒဏ်ရာရရှိခြင်း မရှိသော်လည်း ယာဉ်မှာ ဂီယာပေါက် ကွဲခြင်း၊ ဘီးကျွတ်ခြင်း၊ ကားရှေ့တန်းကျိုးခြင်း၊ မီးလုံးများကွဲခြင်းတို့ဖြစ်ပွားကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ယာဉ်မှူစစ်ဒုရဲအုပ် ခွန်ထက်စေက ပြောသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းအား သက်ဆိုင်ရာတာဝန်ရှိသူများက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဇာနည်မောင်)

ရတနာပစ္စည်းမျိုးစုံ ခိုးယူခဲ့သည့် ထိုင်းနိုင်ငံသားအား ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၂၂

ရှမ်းပြည်နယ် တာချီလိတ်မြို့ ရှင်းမန်ရွှေဆိုင်ပိုင်ရှင် ဦးချစ်ထူးသည် အောက်တိုဘာ ၁၂ ရက် နံနက် ၉ နာရီက မိသားစုနှင့်အတူ စန်းလုရွာသို့ ကောက်သစ်စားပွဲသွားရောက်နေစဉ် နေအိမ်တွင်ကျန်ခဲ့သည့် တူမဖြစ်သူက နေအိမ်အောက်ထပ်ရှိရွှေဆိုင်အတွင်းမှ စိန်၊ ကျောက်၊ ပလတ်တီနမ်နှင့် ရွှေထည်ပစ္စည်းမျိုးစုံ ၁၆ မျိုး(တန်ဖိုးငွေကျပ် ၈၄၇၆၃၀၀၀ ခန့်)ပျောက်ဆုံးနေကြောင်းတွေ့ရှိသဖြင့် တိုင်တန်းရာ အမှုဖွင့်စုံစမ်းခဲ့သည်။ တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဦးစီးသည့်တပ်ဖွဲ့ဝင်များကစုံစမ်းခဲ့ရာ အောက်တိုဘာ ၁၈ ရက် ည ၁၀ နာရီခန့်က ဆေခမ်းရပ်ကွက် ရောင်နီဦးငါးကန်အနီးတွင် မသက်ဘွယ်တွေ့ရှိသူ ထိုင်းနိုင်ငံ ဝူဖန်ပူရီမြို့ အန်ဖယ်ရပ်ကွက်နေ ထိုင်းနိုင်ငံသား Mr. Rachan (၄၄)နှစ်အား စစ်ဆေးရာ ၎င်းကိုင်ဆောင်ထားသည့် အနက်ရောင်အိတ်အတွင်း၌ ရှင်းမန်ရွှေဆိုင်မှ ပျောက်ဆုံးသွားသည့် စိန်၊ ရွှေ၊ ကျောက်၊ ပလတ်တီနမ်မျိုးစုံ ကိုးမျိုး၊ ဖုန်းတစ်လုံး၊ ထိုင်းမှတ်ပုံတင်တစ်ခု၊ ဓာတ်မီးတစ်လက်၊ တဘက်တစ်ထည်၊ ဦးထုပ်တစ်လုံး၊ အနက်ရောင်ကော်သေနတ်တစ်လက်တို့ သိမ်းဆည်းရမိ၍ စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(ရဲပြန်ကြား)**

Academy of Medical Science, Engineering & Management

နိုင်ငံတကာပညာရှင်ကြီးများ၊ ပါမောက္ခ(ဌာန)များ၊ လုပ်ငန်းခွင်အတွေ့အကြုံရင့်ပုဂ္ဂိုလ်များနှင့်
Prof. Dr. Nyan Lin, Ph.D (Medical Engineering) London,
ကိုယ်တိုင်ဦးစီး သင်ကြားပို့ချစေပေးနေပါသော..

ဆေးပညာ၊ အင်ဂျင်နီယာ၊ ကွန်ပျူတာ၊ စီးပွားရေး၊ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်တက်ရောက်နေသူများ၊ ဘွဲ့ရပြီးသူများနှင့် အထက်တန်းပညာအဆင့်ရှိသူ ကျောင်းသား/သူများအတွက် လုပ်ငန်းခွင်အတွေ့အကြုံများ၊ အလုပ်အကိုင်ကောင်းများ၊ လစာကောင်းများနှင့် ပညာသင်ဆုများကိုပါချီးမြှင့်ပေးအပ်သောနိုင်ငံတကာအောင်လက်မှတ်ရသင်တန်းများ
(International Certificate, Diploma, Adv. Diploma, Pre University Courses with Work Experience)

COURSE NAME	DAYS	TIME	START	DURATION
Medical Imaging WORK-SHOP (Ultrasound, ECG, PM, Infusion) (A)	Tu,We,Thu,Fri	11:30-3:00PM	25.Oct.16	22 weeks
Medical Imaging WORK-SHOP (Ultrasound, ECG, PM, Infusion) (B)	Tu,We,Thu,Fri	6:00-8:00 PM	25.Oct.16	38 weeks
Medical Imaging WORK-SHOP (Ultrasound, ECG, PM, Infusion) (C)	Sat & Sun	12:30-4:30PM	23.Oct.16	38 weeks
Medical Imaging WORK-SHOP (Ultrasound, ECG, PM, Infusion) (D)	Sun	12:30-4:30PM	23.Oct.16	76 weeks
Medical Equipment Engineering WORK-SHOP (A)	Tu,We,Thu,Fri	11:30-3:00PM	25.Oct.16	33 weeks
Medical Equipment Engineering WORK-SHOP (B)	Tu,We,Thu,Fri	6:00-8:00 PM	25.Oct.16	57 weeks
Medical Equipment Engineering WORK-SHOP (C)	Sat & Sun	12:30-4:30PM	23.Oct.16	57 weeks
Medical Equipment Engineering WORK-SHOP (D)	Sun	12:30-4:30PM	23.Oct.16	114weeks
Electrical & Electronic Engineering WORK-SHOP (A)	Tu,We,Thu,Fri	11:30-3:00PM	25.Oct.16	22 weeks
Electrical & Electronic Engineering WORK-SHOP (B)	Tu,We,Thu,Fri	6:00-8:00 PM	25.Oct.16	38 weeks
Electrical & Electronic Engineering WORK-SHOP (C)	Sat & Sun	12:30-4:30PM	23.Oct.16	38 weeks
Electrical & Electronic Engineering WORK-SHOP (D)	Sun	12:30-4:30PM	23.Oct.16	76 weeks
Mechanical Engineering WORK-SHOP (A)	Tu,We,Thu,Fri	11:30-3:00PM	25.Oct.16	22 weeks
Mechanical Engineering WORK-SHOP (B)	Tu,We,Thu,Fri	6:00-8:00 PM	25.Oct.16	38 weeks
Mechanical Engineering WORK-SHOP (C)	Sat & Sun	12:30-4:30PM	23.Oct.16	38 weeks
Mechanical Engineering WORK-SHOP (D)	Sun	12:30-4:30PM	23.Oct.16	76 weeks
Int. Business Administration (A)	Th, Fr, Sa,Su	6:00-7:30 P.M	03.Nov.16	10 weeks
Int. Business Administration (B)	Tu,We,Th,Fr	1:30-3:00 P.M	25.Oct.16	10 weeks
Int. Business Administration (C)	Sat & Sun	4:30-7:30 P.M	30.Oct.16	10 weeks

(1) 272, 1st Flr, Danahlaing Tower(above KBZ)near J-Donut, Pyay Rd, Maharmyaing, Myaynigone, Yangon Myanmar
(2) 91, Golden Valley 1st Street, Golden Valley Avenue (1), Bahan, Yangon, Myanmar.
Ph - 09-960 887 004, 09-254 310 945, 09-730 390 50 (Fb:drnl.academymedical@gmail.com/Professor-Dr-Nyan-Lin)

ပျောက်ဆုံးကြောင်း

ကျွန်တော် ထွန်းလင်းအောင်[စ/နမန(နိုင်)၁၄၈၈၄၅]၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၃၉၃၂၂၃၁**

ခြံရောင်းမည်

ဝေဇယန္တာ (၁၁)လမ်း၊ (၃) ရပ်ကွက်၊ တောင်ဥက္ကလာပ မြို့နယ်။
ဖုန်း-၀၉-၄၉၁၅၄၅၅

မူးယစ်ဆန့်ကျင် အောင်ပွဲဆင်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သယ်နန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-ကြီးပွားရေး(လုံးချင်း)၊ မြေကွက် အမှတ်-၁၀၉၊ မြေကွက်တည်နေရာအမှတ် (၁၂)၊ ဘုရင့်နောင်လမ်း၊ ကြီးပွားရေးရပ်ကွက်၊ သယ်နန်းကျွန်း(ဒေါ်လှရီ)၂၂/ရကန(နိုင်)၀၂၉၃၀၂အမည်ပေါက်နှစ်(၆၀)ရနှစ်မြေအား အမည်ပေါက် ဒေါ်လှရီမှ ပေးကမ်းခဲ့သည့် အပိုင်ပေးကမ်းစာချုပ်အမှတ်-၁၂၈/၂၀၀ ဖြင့် ထိုင်ဆိုသူ (၁) ဦးထမ်းမြင့်၂၂/ရကန(နိုင်)၁၂၉၃၈၉၂) (၂) ဦးဌေးလှ၂၁/ရကန(နိုင်)၀၆၂၇၆၄၊ (၃) ဦးစိန်မြ၂၁/ရကန(နိုင်)၀၂၉၁၉၂)တို့ အနက် ဦးဝင်းမြင့်(ဖခင်)နှင့် ဒေါ်လှရီ(မိခင်)ကွယ်လွန်သဖြင့် ကျန်ဟူထွဲပိုင်ဆိုင်သူ ဦးဌေးလှ၂၁/ရကန(နိုင်)၀၆၂၇၆၄၊ ဦးစိန်မြ၂၁/ရကန(နိုင်)၀၂၉၁၉၂)တို့က ဦးဝင်းမြင့်၏အစုအတွက် သားများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ထောက်ခံကျမ်းကျိန်လွှာပူးတွဲတင်မြဲ့ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ မဟာပန္ဓုလလမ်း၊ (၂၈ လမ်းအောက်ထိပ်)အမှတ်-၅၂၁/၅၂၃ဟုခေါ်တွင်သောမြေပေါ်တွင် ဆောက်လုပ်ထားသည့်(၂)နန်းတွဲ(၁၂)ထပ်တိုက်မှ ၁ ထပ်(A) ဘက်ခြမ်း၊ တိုက်ခန်း ဧရိယာခန့်မှန်း(၂၈ပေ×၄၇ပေ)အကျယ်အဝန်းရှိ ရေမီးအပြည့်အစုံပါ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိထား ပိုင်ဆိုင်သူ၊ လွတ်လပ်စွာစီမံခန့်ခွဲ၊ ရောင်းချလွှဲပြောင်းနိုင်ခွင့်ရှိသူ ဦးဥက္ကလင်းဦး [၁၂/ပဘတ(နိုင်)၀၂၃၂၂၉]ရတနာမြိုင် ဆောက်လုပ်ရေးမှ တာဝန်ယူဆောက်လုပ်သည့် တိုက်ခန်းကို ၎င်းထံမှ အရောင်းအဝယ်ပြုလုပ်ကာ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေပထမအရစ်ကို ကျွန်ုပ်မိတ်ဆွေက ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ကျွန်ုပ်ထံသို့ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမောင်မောင်(မဒ္ဒိမ) LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၉၄၃)
အမှတ်-၉/၁၁၊ ၃ဘီ၊ (မြေညီထပ်)၊ ၃၆လမ်း(လမ်းတို)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၁၆၂၉၉၀၊ ၀၉-၂၅၃၃၃၉၈၄၁

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

၇၇။ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူက တင်ပြလျှောက်ထားလာလျှင် အောက်ပါအကောက်ခွန်နှင့် အခြားပြည်တွင်းအခွန်အကောက်များ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ကို စိစစ်ခွင့်ပြု ပေးနိုင်သည် -

(က) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တည်ဆောက်မှုကာလ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ပြင်ဆင်မှုကာလအတွင်း အမှန်တကယ်လိုအပ်၍ တင်သွင်းသော စက်ပစ္စည်းများ၊ အသုံးအဆောင် တန်ဆာပလာများ၊ စက်ကိရိယာ အစိတ်အပိုင်းများ၊ စက်အရန်ပစ္စည်းများ၊ ပြည်တွင်း၌ ဝယ်ယူရရှိနိုင်ခြင်းမရှိသော တည်ဆောက်ရေးပစ္စည်းများ၊ လုပ်ငန်းသုံး ပစ္စည်းများအပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်းအခွန်အကောက်များ ဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်၊

(ခ) ပြည်ပသို့ ရာနှုန်းပြည့်တင်ပို့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများက ပို့ကုန်ထုတ်လုပ်ရန်အတွက် တင်သွင်းသောကုန်ကြမ်းပစ္စည်းများ၊ တစ်ပိုင်းတစ်စ ထုတ်လုပ်ပြီးသော ကုန်ပစ္စည်းများအပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်းအခွန်အကောက်များ ဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်၊

(ဂ) ပြည်ပမှ ကုန်ကြမ်းပစ္စည်းများနှင့် တစ်စိတ်တစ်ပိုင်း ထုတ်လုပ်ပြီးသော ပစ္စည်းများ တင်သွင်းပြီးပြည်တွင်း၌ ကုန်ပစ္စည်းထုတ်လုပ်ကာ ပြည်ပသို့ ပြန်လည်တင်ပို့ခဲ့လျှင် တင်ပို့သည့်ကုန်ပစ္စည်းပမာဏအတွက် ပြည်ပမှတင်သွင်းခဲ့သော ကုန်ကြမ်းပစ္စည်းများနှင့် တစ်စိတ်တစ်ပိုင်း ထုတ်လုပ်ပြီးသော ပစ္စည်းများအပေါ်တွင် ကောက်ခံခဲ့သော အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်း အခွန်အကောက်များဖြစ်စေ၊ နှစ်မျိုးလုံးကို ဖြစ်စေ ပြန်လည်ထုတ်ပေးခွင့်၊

(ဃ) ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပမာဏတိုးမြှင့်ပြီး မူလရင်းနှီးမြှုပ်နှံသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအား ခွင့်ပြုထားသည့် သက်တမ်းကာလအတွင်း တိုးချဲ့လုပ်ကိုင်ပါက ယင်းသို့တိုးချဲ့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအတွက် အမှန်တကယ်အသုံးပြုရန် လိုအပ်၍ တင်သွင်းသော စက်ပစ္စည်းများ၊ စက်ကိရိယာများ၊ အသုံးအဆောင်တန်ဆာပလာများ၊ စက်ကိရိယာအစိတ်အပိုင်းများ၊ စက်အရန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ပြည်တွင်း၌ ဝယ်ယူရရှိနိုင်ခြင်းမရှိသော တည်ဆောက်ရေးပစ္စည်းများအပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်း အခွန်အကောက်များဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်။

၇၈။ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူက လျှောက်ထားလာလျှင် အောက်ပါကင်းလွတ်ခွင့်နှင့် သက်သာခွင့်ကို လိုအပ်သလို စိစစ်ခွင့်ပြုနိုင်သည် -

(က) ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့် ရရှိထားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှ ရရှိသည့် အမြတ်ငွေကို အဆိုပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင်ဖြစ်စေ၊ ၎င်း၏ အခြားအမျိုးအစားတူ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင်ဖြစ်စေ တစ်နှစ်အတွင်း၌ ပြန်လည်ရင်းနှီးမြှုပ်နှံလျှင် ထိုအမြတ်ငွေအပေါ်တွင် ဝင်ငွေခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်၊

(ခ) ဝင်ငွေခွန်စည်းကြပ်ရန်အလို့ငှာ စက်ပစ္စည်း၊ စက်ကိရိယာ၊ အဆောက်အအုံ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသုံး အခြားမတည်ပစ္စည်းများအပေါ်တွင် သတ်မှတ်အချိန်ကာလထက် လျှော့နည်းသော ပစ္စည်းတန်ဖိုးလျှော့တွက်နှုန်းထားဖြင့် စီးပွားဖြစ် စတင်သောနှစ်မှ စတင်၍ တွက်ချက်ခံစားခွင့်၊

(ဂ) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အမှန်တကယ်လိုအပ်၍ နိုင်ငံတော်အတွင်း ဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ကုန်ကျစရိတ်ကို အခွန်စည်းကြပ်ထိုက်သော ဝင်ငွေမှနုတ်ပယ်ခွင့်။

၇၉။ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများသည် ၎င်း၏ဝင်ငွေအပေါ်တွင် ပြည်တွင်းနေ နိုင်ငံသားများ ပေးဆောင်သည့် ဝင်ငွေခွန်နှုန်းထားများအတိုင်း ဝင်ငွေခွန်ပေးဆောင်ရမည်။

၈၀။ ပုဒ်မ ၇၅၊ ၇၇ နှင့် ၇၈ တွင် ပြဋ္ဌာန်းထားသည့် ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များမှအပ အခြားအခွန်ဆိုင်ရာ ကိစ္စရပ်များအား သက်ဆိုင်ရာ အခွန်ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၈၁။ ပုဒ်မ ၇၅၊ ၇၇၊ ၇၈ နှင့် ၈၀ တို့ပါ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များသည် အထူးစီးပွားရေးဇုန်တွင် လုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

အခန်း(၁၉)
အငြင်းပွားမှုဖြေရှင်းခြင်း

၈၂။ ဤဥပဒေကိုထိရောက်စွာ အကောင်အထည်ဖော်ရာတွင် ကော်မရှင်သည် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြဿနာရပ်များအား တရားဝင်အငြင်းပွားမှုအဆင့်သို့ မရောက်ရှိမီ ဖြေရှင်းနိုင်ရန်၊ အငြင်းပွားမှု ဖြစ်ပွားခြင်းမှ ကာကွယ်ရန်နှင့်သက်ဆိုင်သည့် စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်နိုင်ရန်အတွက် နစ်နာမှုဖြေရှင်းသည့် နည်းလမ်းတစ်ရပ်ကို စီမံချမှတ်ရမည်။

၈၃။ ရင်းနှီးမြှုပ်နှံသူနှင့် နိုင်ငံတော်အကြား သို့မဟုတ် ရင်းနှီးမြှုပ်နှံသူ အချင်းချင်းအကြား ဖြစ်ပွားသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အငြင်းပွားမှုများကို တရားရုံး သို့မဟုတ် အနုညာတခုံရုံးတို့တွင် တရားမစွဲဆိုမီ အငြင်းပွားသူများသည် အငြင်းပွားမှုများကို ငြိမ်းချမ်းစွာဖြေရှင်းရန် ထိုက်သင့်သည့် ကြိုးပမ်းမှုများကို အသုံးပြုရမည်။

၈၄။ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အငြင်းပွားမှုများကို ငြိမ်းချမ်းစွာဖြေရှင်း၍ ပြေလည်မှု မရရှိပါက-

(က) သက်ဆိုင်ရာ စာချုပ်တွင် အငြင်းပွားမှုဖြေရှင်းနည်း သတ်မှတ်ထားခြင်းမရှိလျှင် စီရင်ပိုင်ခွင့်ရှိသော တရားရုံး သို့မဟုတ် အနုညာတခုံရုံး၌ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) သက်ဆိုင်ရာစာချုပ်တွင် အငြင်းပွားမှုဖြေရှင်းနည်း သတ်မှတ်ထားခြင်းရှိလျှင် ယင်းသတ်မှတ်ထားသည့် ဖြေရှင်းနည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

အခန်း(၂၀)
စီမံခန့်ခွဲရေးပြစ်ဒဏ်

၈၅။ ကော်မရှင်သည် -

(က) ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများ သို့မဟုတ် ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့် သို့မဟုတ် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် ရင်းနှီးမြှုပ်နှံသူ အပေါ်တွင် အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ကို ဖြစ်စေ သို့မဟုတ် တစ်ရပ်ထက်ပိုသော ပြစ်ဒဏ်များကိုဖြစ်စေ ချမှတ်နိုင်သည် -

(၁) သတိပေးခြင်း၊

(၂) လုပ်ငန်းကို ယာယီရပ်ဆိုင်းခြင်း၊

(၃) အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ယာယီရပ်ဆိုင်းခြင်း၊

(၄) ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ကို ပြန်လည်ရုပ်သိမ်းခြင်း၊

(၅) နောင်တွင်မည်သည့်ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်မျှ ထုတ်ပေးမည်မဟုတ်သော နာမည်ပျက်စီးပွားရေးလုပ်ငန်းစာရင်း၌ ထည့်သွင်းခြင်း။

(ခ) ပုဒ်မခွဲ (က) အရ စီမံခန့်ခွဲမှုပြစ်ဒဏ် မချမှတ်မီ စီမံခန့်ခွဲမှုပြစ်ဒဏ်နှင့် စပ်လျဉ်းသည့် ကြိုတင်အကြောင်းကြားစာကို ရင်းနှီးမြှုပ်နှံသူထံသို့ အကြောင်းကြားရမည်။ ရင်းနှီးမြှုပ်နှံသူသည် ၎င်းအပေါ် ချမှတ်မည့် စီမံခန့်ခွဲမှုပြစ်ဒဏ်နှင့်စပ်လျဉ်း၍ စာဖြင့် ရေးသားမေးမြန်းဖြေရှင်းနိုင်ခွင့် ရှိရမည်။

(ဂ) ပုဒ်မခွဲ (က) အရ စီမံခန့်ခွဲမှုပြစ်ဒဏ်ချမှတ်ရာတွင် ထိုသို့ ချမှတ်ရသည့်အကြောင်းအရင်းကို ယင်းချမှတ်သည့် ဆုံးဖြတ်ချက်နှင့်အတူ ဖော်ပြပေးရမည်။

၈၆။ (က) ကော်မရှင်က ပုဒ်မ ၈၅ အရ ချမှတ်သည့် ဆုံးဖြတ်ချက် တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ကျေနပ်မှုမရှိသည့် ရင်းနှီးမြှုပ်နှံသူသည် အစိုးရအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ စ၍ ရက်ပေါင်း ၆၀ အတွင်း အယူခံလျှောက်ထားနိုင်သည်။

(ခ) အစိုးရအဖွဲ့သည် ကော်မရှင်က ချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အတည်ပြုခြင်း ပြုနိုင်သည်။

(ဂ) အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၈၇။ ရင်းနှီးမြှုပ်နှံသူသည် ကော်မရှင်၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ ပြုစုတင်ပြသော အဆိုပြုချက်၊ စာရင်းဇယားများ၊ စာချုပ်စာတမ်းအထောက်အထားများ၊ ငွေရေးကြေးရေး၊ အလုပ်သမားခန့်ထားရေးဆိုင်ရာ အထောက်အထားများ စသည်တို့ကို မရိုးမဖြောင့်သော သဘောဖြင့် မမှန်ဖော်ပြကြောင်း သို့မဟုတ် ထိမ်ချန်ကြောင်း ခိုင်လုံသောသက်သေခံ အထောက်အထားများ ပေါ်ပေါက်လျှင် ပြစ်မှုကြောင်းအရ အရေးယူခြင်းခံရမည်။

၈၈။ ရင်းနှီးမြှုပ်နှံသူသည် ပုဒ်မ ၄၁ ပါ တားမြစ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်းအပါအဝင် ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် သို့မဟုတ် ဖောက်ဖျက်လျှင် ဤဥပဒေအရ အရေးယူမည့်အပြင် လိုအပ်ပါက တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူခြင်းခံရမည်။

အခန်း(၂၁)
ခြွင်းချက်ပြုရမည့် အချက်များ

၈၉။ ဤဥပဒေပါ မည်သည့်ပြဋ္ဌာန်းချက်မျှ အစိုးရအဖွဲ့၏ ဆင်ခြင်တုံတရားဖြင့် ချမှတ်ထားသော သို့မဟုတ် ထိန်းသိမ်းထားသော မျှတမှုရှိသည့် အောက်ပါ ဆောင်ရွက်ချက်များကို တားမြစ်သည်ဟု မှတ်ယူခြင်းမပြုရ-

(က) ပြည်သူ့ကိုယ်ကျင့်တရား ကာကွယ်ရန် သို့မဟုတ် အများပြည်သူ အကျိုးငှာ ထိန်းသိမ်းရန် လိုအပ်ချက်၊

(ခ) လူသား၊ တိရစ္ဆာန် သို့မဟုတ် အပင်များ၏ သက်တမ်း သို့မဟုတ် ကျန်းမာရေးကာကွယ်ရန် လိုအပ်ချက်၊

(ဂ) ရင်းနှီးမြှုပ်နှံသူများ၊ ဘဏ်တွင် ငွေကြေးအပ်နှံသူများ၊ ငွေကြေးဈေးကွက်တွင် ပါဝင်ဆောင်ရွက်သူများ၊ အာမခံထားရှိသူများ၊ အာမခံတောင်းသူများ သို့မဟုတ် ယုံမှတ် အပ်နှံမှုတာဝန်ရှိသည့် ဘဏ္ဍာရေးအဖွဲ့အစည်းတစ်ခုက ၎င်းမှတာဝန်ရှိသည့် လူပုဂ္ဂိုလ်များကို ကာကွယ်ခြင်း၊

(ဃ) ဘဏ္ဍာရေးအဖွဲ့အစည်းများ၏ လုံခြုံမှု၊ ရပ်တည်နိုင်မှု၊ တည်မြဲမှုနှင့် တည်ငြိမ်မှုကို အာမခံခြင်း၊

(င) နိုင်ငံတော်၏ ဘဏ္ဍာရေးစနစ် တည်တံ့ခိုင်မြဲမှုနှင့် တည်ငြိမ်မှုကို အာမခံခြင်း၊

(စ) ရင်းနှီးမြှုပ်နှံသူနှင့်ပတ်သက်၍ မျှတ၍ ထိရောက်မှုရှိသောစည်းကြပ်ခြင်း သို့မဟုတ် တိုက်ရိုက်အခွန်များ ကောက်ခံခြင်းအား သေချာစေရန် ရည်ရွယ်ခြင်း၊

(ဆ) အနုပညာဆိုင်ရာ၊ သမိုင်းဆိုင်ရာ သို့မဟုတ် ရှေးဟောင်းတန်ဖိုးရှိသော အမျိုးသား အမွေအနှစ်ရတနာများ ကာကွယ်ရေးအတွက် ဆောင်ရွက်ခြင်း၊

(ဇ) ပြည်တွင်း၌ ထုတ်လုပ်မှု သို့မဟုတ် သုံးစွဲမှုများကြောင့် ထိခိုက်မှုဖြစ်စေပါက ယင်းသို့ မဖြစ်စေရန် သဘာဝသယံဇာတများအား ထိန်းသိမ်းရန် ဆောင်ရွက်ခြင်း။

အခန်း(၂၂)
လုံခြုံရေးဆိုင်ရာကင်းလွတ်ခွင့်များ

၉၀။ (က) ဤဥပဒေပါ မည်သည့်ပြဋ္ဌာန်းချက်မျှ အစိုးရအဖွဲ့က လုံခြုံရေးအလို့ငှာ လိုအပ်သော ဆောင်ရွက်ချက်များ ပြုလုပ်ခြင်းကိုတားမြစ်သည်ဟု မမှတ်ယူရ။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းသတ်မှတ်ချက်များသည် အစိုးရအဖွဲ့က နိုင်ငံတော်၏ အရေးပါသော လုံခြုံရေးကိစ္စကို ကာကွယ်ရန်အတွက် လိုအပ်သည်ဟု ယူဆရသည့် အောက်ဖော်ပြပါ ဆောင်ရွက်ချက်တစ်စုံတစ်ရာ လုပ်ဆောင်ခြင်းကို တားဆီးခြင်း မရှိစေရ -

(၁) တပ်မတော် သို့မဟုတ် အခြားလုံခြုံရေးအဖွဲ့အား လက်နက်၊ ခဲယမ်းမီးကျောက်နှင့် စစ်လက်နက်ကိရိယာ၊ တန်ဆာပလာများ ထောက်ပံ့ရန်အတွက် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ဆောင်ရွက်သော ဆောင်ရွက်ချက်များ၊

(၂) နိုင်ငံတကာ ဆက်ဆံရေးတွင် စစ်ဖြစ်ပွားခြင်းနှင့် အခြားအရေးပေါ် အခြေအနေများအရ လိုအပ်သလိုဆောင်ရွက်ခြင်း။

အခန်း(၂၃)
အထွေထွေ

၉၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် နိုင်ငံတော်က အတည်ပြုလက်ခံထားသော အပြည်ပြည်ဆိုင်ရာ စာချုပ်များနှင့် သဘောတူညီချက်ပါ အချက်တစ်ရပ်ရပ်နှင့် ဆန့်ကျင်ကွဲလွဲပါက ထိုဆန့်ကျင်သည့် ပြဋ္ဌာန်းချက်အတွက် အပြည်ပြည်ဆိုင်ရာ စာချုပ်များနှင့် သဘောတူညီချက်ပါ အချက်များကို လိုက်နာရမည်။

၉၂။ ဤဥပဒေပြဋ္ဌာန်းပြီးနောက် လိုအပ်သော နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းခြင်း မပြုနိုင်သေးမီကာလအတွင်း ဤဥပဒေနှင့် မဆန့်ကျင်လျှင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ (ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် ၂၁/၂၀၁၂) အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများကိုဆက်လက်ကျင့်သုံးနိုင်သည်။

၉၃။ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၀/ ၁၉၈၈) သို့မဟုတ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၁။) သို့မဟုတ် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေ (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၈။) တို့ကို အခြေခံ၍ ကော်မရှင်က ပေးအပ်ထားသည့် ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်သည် အဆိုပါ ခွင့်ပြုမိန့်၏ သတ်မှတ်သက်တမ်းကုန်ဆုံးသည့်အချိန်အထိ ဆက်လက်အကျိုးသက်ရောက်စေရမည်။

၉၄။ အခြားဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် သက်ဆိုင်သည့်ကိစ္စရပ်များကို ဤဥပဒေနှင့် အညီသာ ဆောင်ရွက်ရမည်။

၉၅။ ဤဥပဒေအရအပ်နှင်းထားသော လုပ်ပိုင်ခွင့်များနှင့်အညီ သဘောရိုးဖြင့်ဆောင်ရွက်ကြောင်း သက်သေအထောက်အထားခိုင်လုံသည့် ကိစ္စတစ်ရပ်ရပ်အတွက် ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးကို ဖြစ်စေ၊ ကော်မတီ သို့မဟုတ် အဖွဲ့ဝင်၏ အဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းတစ်ဦးဦးကို ဖြစ်စေ တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်း၊ အရေးယူခြင်း မရှိစေရ။

၉၆။ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးဝန်ထမ်းများသည် ဤဥပဒေအရ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့်အညီ အဂတိတရား ကင်းရှင်းစွာဖြင့် ဆောင်ရွက်ရမည်။

၉၇။ ကော်မရှင်အဖွဲ့ဝင်များသည် မိမိရရှိထားသည့် သတင်းအချက်အလက်များကို ဤဥပဒေပါ ရည်ရွယ်ချက်များ အကောင်အထည်ဖော်ရန် ကိစ္စများမှတစ်ပါး အခြားကိစ္စရပ်များတွင် အသုံးမပြုရ။

၉၈။ ပုဒ်မ ၈၅ အရ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များနှင့်စပ်လျဉ်း၍ အယူခံခြင်းမှတစ်ပါး ဤဥပဒေအရ အပ်နှင်းသော လုပ်ပိုင်ခွင့်နှင့်အညီ ကော်မရှင်ကချမှတ်သော အဆုံးအဖြတ်သည် အပြီးအပြတ် အတည်ဖြစ်သည်။

၉၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်စေရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည်-

(က) ကော်မရှင်၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

(ခ) ကော်မရှင်၏ ကုန်ကျစရိတ်များကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျခံရမည်။

၁၀၀။ ဤဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ကော်မရှင်သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၀၁။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၁။) နှင့် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၁၈။) တို့ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ရုပ်သိမ်းလိုက်သော်လည်း ယင်းဥပဒေအရ တည်ထောင်ထားရှိသည့် ကော်မရှင်သည် ဤဥပဒေအရဆက်ခံမည့် ကော်မရှင်အား တာဝန်ဝတ္တရားများ လွှဲအပ်ပေးသည့်နေ့အထိ လုပ်ငန်းများကို ဆောင်ရွက်ခွင့် ရှိစေရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်


ပိုးစုံ
ကျော်ကျော်ဆန်း
ခေတ်ဟောင်းကျော်
ခေတ်ကောင်းကောင်းနေ..
ကယ်ကြပါ ဦးမျိုး..
ဘာဖြစ်တာ ပါမိမ်..
ဘာဖြစ်ခြင်း ကယ်ရမှာပဲ...
ဟိတ်ကွာ ဘာလုပ်ကြတာလဲ...
ဟင်
ခမ်း
ပဲခဲ့ မိသားစု ဒါကာဘယ်ရောက်ပြီ ဖြစ်တာဝတ္ထုကို အစ်ကျန် ကျဲကျန်ပြီ...
ကယ်ကြပါ ဦးမျိုး ဆိုတဲ့ အသံ ကြားလို့...
ကယ်ကြ...
ကယ်ကြ...
ကိုးခုနှစ်
ကျော်ကျော်ဆန်း
မေမေ.. မြန်မာစာ.. စာအုပ် ကျဉ် သွား.. ကြည့်.. စာအုပ်တစ် အုပ် လေးပါဦး..
ဟေ..
ကြီးခင်ဗျာ.. ဘယ်ကမှ.. မြန်မာစာ ဘာတွေကတုတ်ပေး ထား.. ဘယ်လေ..
ဘာ.. ကျဉ်ပြီ လေ..
နောက်တစ်ခေါ်..
အင်္ဂလိပ်စာ.. စာအုပ် ကျန်ပြီ.. တစ်အုပ်တုတ် ပေးဦး.. မေမေ..
ရော.. အင်္ဂလိပ်စာ ဘာတွေက.. ကြီးခင်ဗျာ.. လေ.. ငါ.. ရောက် လောကကမ္ဘာ.. တစ်ဘက်.. တုတ်ပေ.. ခ်ီ.. သေ.. တယ်.. မဟုတ်လာ..
ခု.. ဘုရားကြီးလေ...
နောက် တစ်ခု..
လာစမ်း.. လာစမ်း.. ကြီး.. မင်.. ဟလာခဘုတ် ဟေ.. ဆုတ်ဖြတ်.. လေယာဉ်ပျံ ပုတ်ကမ္ဘာ.. ကစား.. နေတာမပြီ... ဘခ.. မင်.. ဆရာမ.. ငါ့ကို.. တိုင်.. ရိုက်တယ်.. ကြောစမ်း.. နောက်.. ဘာရှိ.. လုပ်ဦး.. မလား..
နောက်ပွဲလုပ်တော့ပါဘူး.. မေမေ.. ဦးနေတော့.. သမ္ဘီ.. စာအုပ် တကယ်.. ကျန်ပါတယ်.. ရှိ.. တစ်ခုပဲ.. တုတ်ပေ.. ပါဦး...


ကျွဲကုပ
ကျိုး!
ကိုဟက်!
ကျွဲ!
ကျွဲ...ခင်ဗျ
ကျိုး!
ကျွဲ!


ပန်းပန်း
ကိုကို
ဘုရားကျောင်း
ရှေ-မင်း-အကြက် ကိုတ်မှန်.. ယူလာတယ်
ရေ..ရေ..ကွ..
ဟာ-ခဲလုံးကြီးပဲ
ဟားဟား..ဟား... အင်ကော်ကလေး သနားပါတယ်..
ကောင်းနေ...
ကဲကဲ စားဖို့ ကိုတ်မှန်.. ကော..
ငါ့ကို အကျိုးလုပ် ဖို့မရသေးကွ... သွားစမ်း..
ဝေဟနာနဲ့.. ယူလာတာ ကို မင်းကအကျယ်ကြီး- ကော-ငတ်ပေါ့ကွ
ဖတ်
ဘုရားကျောင်း ကြီးမားသော
ပဓာန်
နောက်တစ်ရေးဘာစီးဝင့်
မိဘတွေ ဘာလုပ်နေလဲ..
ကာတွန်းစာအုပ် ယူပြီးရင်ရော.. ဘာလုပ်ကြမှာလဲ..
ကာတွန်းစာအုပ် ယူပြီးပြီ.. ဟမ..
ကိုကိုကြီးသုံ့.. အဘွေကြသုံ့.. ကြီးခင်.. အမေ..
မိဘတွေ အစီအစဉ်တွေ ထပ်မှာ.. စာဖတ်တဲ့အစီအစဉ်ကသုံ့.. ဟေ.. ပါ.. ပါ..
ဒေါ်
ပါ.. ပါတယ် ဟမ.. နောက်တစ်ခေါ် အစီအစဉ်ထပ်မှာ ပဲဖြစ်..


ပန်းပွင့်
ဒေါ်ခင်ခင်ကြီ ၂၀၁၆
ခေါ်ကြည့်ပါ.. ပန်းထောက်ဆရာကို..
ပန်းပါ..
အသိုင်းမိုင်ကောက်ခေါင်း ပြေးတယ်ဗျာ.. ဝင်ထပ် ကိုခေတော့..ဆရာ.. မသေပါဘူး..
ပန်းပွင့်ကုဆရာ ကျေးဇူးတင်ပါတယ် ပေ..
ပန်းပါ
ဆယ်ကယ်ကတော်ဆော ဘီးပေ..နဲ့ ဆရာ..
ပါ
ဟာ..
ကြိုက်သကွာ.. ပေ့ကြောက်ကိုး
ပြဿနာ.. ပန်းပွင့်ကုကြီးရဲ့ ပန်းမြင်ကွင်းကြီ.. ပန်းထောက်ကပ်..
ပန်..ခုဏ.. ဝေဟဒတ်.. ဆင်ကိုကောက်ကိုး ကြာ.. ပေါင်..နဲ့ ကိုကပ်ကောင်..
ကျန်ကြီ..
ပန်..... ဟိုမှာ..
ပန်ကြီ..
ပန်ကြီ..

မဟာဗျူဟာအရွေ့ အချိုးအကွေ့ရောက်ပြီ

ကိုရင်ညြ koyinau.mirrordaily@gmail.com

နိုင်ငံတကာ ဆက်ဆံရေးဟူသည် မျဉ်းဖြောင့်ကဲ့သို့ အစဉ်ဖြောင့်တန်းမနေဘဲ ပျားသကာ တစ်လှည့် ခါးတမာတစ်လှည့် တွေ့ကြုံရတတ်သည့်အပြင် ၄က်ခါးပျံသလို နိမ့်တစ်ချီ မြင့်တစ်လှည့် တက်လိုက်ကျလိုက် ရှိတတ်သည်ကို အာရှတိုက်၏ အရှေ့တောင်စွန်းအရပ်ရှိ ဖိလစ်ပိုင်နိုင်ငံ သမ္မတကြီး၏ တရုတ်နိုင်ငံ ချစ်ကြည်ရေး ခရီးစဉ်က ညွှန်းဆိုလျက်ရှိနေလေ၏။

ချစ်သော်သက်နှုန်း မုန်းသော်ရန်သူ၊ ချစ်စကို ရှည်စေ၊ မုန်းစကို တိုစေ၊ ချစ်စေ လို ခံတွင်းလက်လေးသစ်၊ မုန်းစေလို ခံတွင်းလက်လေးသစ် စသည့် လောကတစ်ခွင် ပြောစမှတ်ပြုကြသည့် သြဝါဒစကားများက ငြိမ်ချက်သားကောင်းကောင်းဖြင့် သတင်းတစ်ပုဒ်ကို ဖတ်ရှုနေသော ကျွန်ုပ်၏ အတွေးရေယဉ်အတွင်း ညင်သာစွာစီးမျောသွား၏။

ပွတ်တိုက်အား ပြသချိန်

ပစ္စက္ခကာလ ဖိလစ်ပိုင်နှင့် အမေရိကန် ဆက်ဆံရေးကို ရှုလတ်သော် 'ပွတ်တိုက်အား' ပြသနေချိန်ဟူ၍ ကျွန်ုပ်တွေးဆမိသည်။

ပွတ်တိုက်အားဟူသည်ကား တစ်ဦးနှင့် တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အတွေးအမြင်အရ ကွဲလွဲမှုဖြစ်ပေါ်ခြင်းဖြစ်သည်ဟူ၍ ကျွန်ုပ်နားလည်မိသည်။

အတွေးအမြင်အရ ကွဲလွဲမှုဟူသည်ကား မတူကွဲပြားသော ရှုထောင့်အမြင်မှ ကြည့်ရှုကြခြင်းသာဖြစ်၏။

တရုတ်နိုင်ငံသို့ ရောက်ရှိနေသော ဖိလစ်ပိုင်သမ္မတ ရိုဒရစ်ဂို ဒူတာတေး၏ နှုတ်မြွက်စကားများက ပွတ်တိုက်အားကို တစ်နည်းတစ်ဖုံ ပြသနေ၏။

သူဆိုလိုက်သည်မှာကား -

"အမေရိကန် မိတ်ဆွေကြီးနဲ့ ကျွန်တော် လက်တွဲဖြုတ်လိုက်ပြီဗျ" ဟူသတည်း။

နှစ်နိုင်ငံအကြား အကျယ်အကျယ် မငြိမ်းဖွယ်ဖြစ်ခဲ့ရသော တောင်တရုတ်ပင်လယ်အရေးနှင့် ပတ်သက်၍ ဆွေးနွေးဖြေရှင်းသွားကြရန် ဖိလစ်ပိုင်နှင့် တရုတ်ခေါင်းဆောင်များ သဘောတူညီမှုရရှိသည်ဟု ထုတ်ပြန်ကြေညာချက်မှာ အလွန်ပင် ထူးခြားလှပြီး ဖိလစ်ပိုင် ခေါင်းဆောင်သစ်၏ ရက် ၁၀၀ အလွန်ကာလ သူ၏ နိုင်ငံခြားရေး မူဝါဒအရွေ့မှာ ယခင်အစိုးရအဖွဲ့၏ မူဝါဒမှ ဖဲခွာလေပြီဟု ကျွန်ုပ်တွေးတောမိလေသည်။

မြို့တော်ပေကျင်းရှိ ပြည်သူ့မဟာခန်းမ ဆောင်ကြီး၌ ကျင်းပသော ဖိုရမ်ဆွေးနွေးပွဲတစ်ရပ်တွင် သမ္မတဒူတာတေးက အားပါးတရ ပြောကြားလိုက်သည်ကား တရုတ်နှင့် ဖိလစ်ပိုင်အကြား ဆက်ဆံရေးပုံစံသစ်ကို ထုဆစ်ရန် ရည်ရွယ်သည်ဟု ကျွန်ုပ်နားလည်မိ၏။

ကာလရှည်ကြာ မဟာမိတ်အဖြစ် ရပ်တည်ခဲ့သော အမေရိကန်ပြည်ထောင်စုနှင့် ဆက်ဆံရေးလှိုင်းတံပိုးကြီးများ ရိုက်ခတ်ပြီး ချိန်တွင် ကူးသန်းရောင်းဝယ်ရေး မဟာမိတ်သစ်အဖြစ် တရုတ်နိုင်ငံကို သူရှုမြင်ပါသည်ဟု သမ္မတဒူတာတေးက ဆိုမိန့်ခဲ့၏။

ဝါဏိဇ္ဇ မိတ်သဟာ

သမ္မတဒူတာတေးသည်ကား တရုတ်အား ဝါဏိဇ္ဇ မိတ်မဟာအဖြစ် ရည်စူးရွယ်လေသည်။ သူနှင့်အတူ စီးပွားရေးလုပ်ငန်းရှင် ၂၀၀ ထက်မနည်း အတူလိုက်ပါလာကြကုန်၏။ နှစ်နိုင်ငံ ကုန်သွယ်ဖောက်ကားမှုနယ်ပယ်ကို ချဲ့ထွင်ရန် စိတ်အားသန်လျက်ရှိကြကုန်၏။

တရုတ်ပြည်ခရီးစဉ်အတွင်း ဒေါ်လာ ၁၃ ဒသမ ၅ ဘီလီယံ အကျိုးဝင်သည့် သဘောတူညီချက်များကို လက်မှတ်ရေးထိုးမည်ဟု ဒူတာတေး၏ ကုန်သွယ်ရေးဝန်ကြီး ရာမွန် လိုပက်က ပြောကြားခဲ့လေသည်။

တရုတ် ဒုတိယဝန်ကြီးချုပ် ကျောက်ကောင်းလီတက်ရောက်သော ဖိုရမ်ဆွေးနွေးပွဲတွင် ရွှန်းရွှန်းစိုစို စကားတွေပိုခဲ့သူမှာ သမ္မတ ဒူတာတေးဖြစ်သည်။

အမေရိကန်နှင့် လမ်းခွဲလိုက်ပါပြီဟူ၍ ခန့်ညားထယ်ဝါလှသည့် ပြည်သူ့မဟာခန်းမဆောင်ကြီးအတွင်း ဂုဏ်သရေရှိ လူကြီးမင်းများရှေ့မှောက်တွင် သမ္မတ ဒူတာတေးက ကြေညာခဲ့သည်။

လူမှုရေးအရတော့ မဟုတ်တန်ရာ၊ စစ်ရေးနှင့် စီးပွားရေးအရ အမေရိကန်ဆုံးရှုံးခဲ့ရပါပြီဟူ၍လည်း သမ္မတ ဒူတာတေးက သူ့သဘောထား ရပ်တည်ချက်ကို လှစ်ဟပြသည်။ အမေရိကန်နှင့် သဟဇာတ မဖြစ်တော့ပုံကို နှလုံးမသာမယာ သူဆိုသည်။

သမ္မတ ဒူတာတေး တူရူပြုရာသည်ကား တရုတ်ပြည်ဖြစ်၏။ တရုတ်ပြည်နှင့် ရွှေလမ်း ငွေလမ်းဖောက်ရန်၊ အကြည်တော် အဖြစ် ဆက်ဆံရေး တိုးတက်စေရန်၊ အလုံးစုံသော နယ်ပယ်ကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရန် ချစ်ကြည်ရေးစကားများ မြွက်ကြား၏။

အသက် ၇၁ နှစ် အရွယ်ရှိ မြို့တော်ဝန်ဟောင်း ဒူတာတေးသည် ဇွန် ၃၀ ရက်တွင် သမ္မတမင်းအဖြစ် ဖိလစ်ပိုင်နိုင်ငံကို ဦးစီးပဲ့ကိုင်ချိန်မှစ၍ ယခင်အစိုးရအဖွဲ့၏ နိုင်ငံခြားရေးမူဝါဒမှ သွေဖည်ကာ တရုတ်နိုင်ငံနှင့် ပြန်လည်သင့်မြတ်ရန် ဦးတည်ရွှေ့လျားလာသည်ဟု ကျွန်ုပ်ရှုမြင်မိလေသည်။

ဖိလစ်ပိုင်နိုင်ငံ၏ ယခင်အစိုးရအဖွဲ့က တောင်တရုတ်ပင်လယ်အရေးနှင့် ပတ်သက်၍ အထိအရှမခံ ဖြစ်ခဲ့လင့်ကစား သမ္မတဒူတာတေးမှာမူ တရုတ်ခေါင်းဆောင်များနှင့် တွေ့ဆုံသည့်အခိုက် ရန်မီးငြိမ်းသောစကားကို ဆိုခဲ့သည်။

တောင်တရုတ်ပင်လယ်အရေးနှင့် စပ်လျဉ်း၍ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးသော နည်းလမ်းဖြင့် ဖြေရှင်းလိုပါသည်ဟူ၍ နှစ်နိုင်ငံအကြီးအကဲများ တစ်စိတ်တစ်ဝမ်းတည်း သဘောတူညီခဲ့ကြလေသည်။

တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ်နှင့် စပ်လျဉ်း၍ သမိုင်းကြောင်းအရ ပိုင်ခွင့်များကို ထုတ်ဖော်ခွင့်မရှိဟု နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့ရှိ အနုညာတ ခုံရုံးက ဆုံးဖြတ်ခဲ့အပြီး လအတန်အကြာ ကာလတွင် ဖိလစ်ပိုင်အစိုးရအဖွဲ့သစ်၏ နိုင်ငံခြားရေး မူဝါဒအရွေ့ကို ကျွန်ုပ်တို့ တွေ့မြင်ရလေပြီ။

သမ္မတဒူတာတေးသည် တရုတ်နိုင်ငံနှင့် ထိတွေ့ဆက်ဆံမှု တိုးတက်ပြုလုပ်ရန် စိတ်အားသန်လေသည်။

စနိုးစနောင့်ဖြစ်ရချိသေး

သမ္မတ ဒူတာတေး၏ နှုတ်မြွက်စကားများကြောင့် အမေရိကန်သမ္မတ ဘားရက်အိုဘားမား၏ အစိုးရအဖွဲ့အတွက် အတန်မျှ စနိုးစနောင့်ဖြစ်ရချိသေးဟု ကျွန်ုပ်တွေးမိ၏။

အောက်တိုဘာ ၁၉ ရက်က ပေကျင်း၌ ဖိလစ်ပိုင်အသိုက်အဝန်းအား သြဝါဒပြုနေသော သမ္မတ ဒူတာတေး။ ဓာတ်ပုံ– wtop.com

တရုတ်နိုင်ငံကြီး စန်းထလာနေချိန်တွင် ဒေသဆိုင်ရာ အင်အားချိန်ခွင်လျှာ ပြန်လည် ကိုက်ညီရေးအတွက် ဖိလစ်ပိုင်နိုင်ငံကို မဟာလက်ရုံးကြီးအဖြစ် မဟာမိတ်ပြုရန် သမ္မတအိုဘားမားက ဦးတည်ရွှေ့လျားခဲ့သော်လည်း သမ္မတဒူတာတေး၏ ဖျိုးဖျိုးဖျပ်ဖျပ် ပြောကြားလာပုံက ပိသာလေးနှင့် နံဘေးပစ်ဟူဘီသို့ပင် သမ္မတအိုဘားမားအတွက် စနိုးစနောင့်ဖြစ်တန်ရာချေသည်။

ဒူတာတေးမတိုင်မီ သမ္မတဘီနစ်နိုအကွီနိုသည် ဖိလစ်ပိုင်နိုင်ငံရှိ အခြေစိုက်စခန်းများကို အမေရိကန်တပ်ဖွဲ့များ အလှည့်ကျ စနစ်ဖြင့် ဝင်ကလူ ထွက်ကလူ ပြုလုပ်နိုင်ရန် အခွင့်ပေးခဲ့လင့်ကစား ယခုအချိန်တွင် ရရှိခဲ့လေပြီးသော နှစ်နိုင်ငံစစ်ရေးပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ပျက်ပြားသွားမည်လောဟု သမ္မတအိုဘားမား ရင်လေးနေပေလိမ့်မည်။

သမ္မတဒူတာတေး၏ နှုတ်ထွက်စကားများအပေါ် မည်သို့ တုံ့ပြန်လိုပါသနည်းဟု သတင်းထောက်များက စူစမ်းလေသော အခါ အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူက ချင့်ချင့်ချိန်ချိန် သုခမိန်ကဲ့သို့ စကားဆိုသည်။

အမေရိကန်နှင့် ဖိလစ်ပိုင်အကြား အစဉ်အလာအရ မိတ်သဟာများအဖြစ် နှောင်ကြိုးခိုင်မြဲခဲ့ပုံကို ပြောခွင့်ရပုဂ္ဂိုလ်က ရှင်းပြခဲ့ပြီး သမ္မတဒူတာတေးအပေါ် စိတ်ကွက်မှုမရှိ၊ အပြစ်မမြင်သည့်ပုံအသွင် သဘောထားကြီးသောစကားကို ဆိုလေသည်။

အမေရိကန်နှင့် ဖိလစ်ပိုင်တို့၏ မဟာမိတ်ဖွဲ့မှုမှာ နှစ်ပေါင်း ၇၀ တိုင်ခဲ့ပြီးလျှင် နှစ်ပြည်ထောင် ပြည်သူများအကြား ကူးလူးဆက်ဆံမှု မပျက်မယွင်းရှိနေ၊ ဖိလစ်ပိုင်နွယ်ဖွား အမေရိကန်နိုင်ငံသားဦးရေမှာလည်း အခိုင်အမာရှိနေ၊ လုံခြုံရေးအမြင်ချင်းလည်း အတူမျှဝေလျက် ရှိနေပါသည်ဟု အိမ်ဖြူတော် ပြောခွင့်ရပုဂ္ဂိုလ် နက်ပရိုက်က ရှင်းပြလေသည်။

ဖိလစ်ပိုင်၏ အားကောင်းမောင်းသန် စီးပွားရေး မိတ်ဖက်အဖြစ် အမေရိကန်ရှိနေပုံနှင့် ပတ်သက်၍ သူက နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကိန်းဂဏန်းများကို အကိုးအကားပြုကာ ပြောဆိုခဲ့သည်။

အာရှစီးပွားရေးပေါင်းစည်းမှု

သမ္မတဒူတာတေး၏ စီးပွားရေးမူဝါဒ ရေးဆွဲသူများက ပေကျင်း၌ ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ရာတွင်မူ အာရှစီးပွားရေးပေါင်းစည်းမှုကို အစိုးရအဖွဲ့က အလေးပေးသည်ဟု ဆိုသည်။

အာရှဒေသတွင်းရှိ နိုင်ငံများ စီးပွားရေးအရ ပေါင်းစည်းမှုမှာ အချိန်လွန်နေပြီဖြစ်ကြောင်း၊ အာရှနိုင်ငံများ စီးပွားရေးအရ ပေါင်းစည်းမှု ပြုလုပ်ခြင်းသည် ဖိလစ်ပိုင်နိုင်ငံအနေဖြင့် အနောက်အုပ်စုကို ကျော်ခိုင်းထွက်ခွာခြင်းဟု အဓိပ္ပာယ်မသက်ရောက်ကြောင်း၊ ဖိလစ်ပိုင်နိုင်ငံသည် အနောက်နိုင်ငံများနှင့် ဆက်ဆံရေးကောင်းမွန်မှုကို ထိန်းသိမ်းမည်ဖြစ်သော်လည်း မိမိတို့၏ဆန္ဒမှာ အိမ်နီးချင်းနိုင်ငံများနှင့် စီးပွားရေးအရ ပိုမိုပေါင်းစည်းလိုခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်ဘဏ္ဍာရေးဝန်ကြီး ကာလို့စ်ဒိုမင်ဂူးရက်နှင့် စီးပွားရေးစီမံကိန်း ရေးဆွဲရေး ဝန်ကြီး အာနက်စတိုပါနီယာတို့က ပူးတွဲထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားလေသည်။

သမ္မတဒူတာတေးနှင့် တွေ့ဆုံရာတွင် တရုတ်သမ္မတ ရီကျင့်ဖျင်က နှစ်နိုင်ငံဆက်ဆံရေး ပိုမိုမြင့်မားတိုးတက်ရေးအတွက် တိုက်တွန်းပြောကြားခဲ့သည်။ တရုတ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် ပင်လယ်ဖြတ်ကျော် အိမ်နီးချင်းနိုင်ငံများဖြစ်ကြပြီး နှစ်နိုင်ငံဆက်ဆံရေး အဖုအထစ်များ ရှိခဲ့စေကာမူ အကြည်တော်စိတ်ဓာတ်နှင့် ပူးပေါင်းဆောင်ရွက်ရေး စိတ်ဓာတ်တို့ အုတ်မြစ်သဖွယ် ခိုင်မြဲစွာ ရှိနေသည်ဟု သမ္မတရီကဖွင့်ဆိုလေသည်။

အောက်တိုဘာ ၁၈ ရက်မှ ၂၁ ရက်အထိ လေးရက်ကြာ ချစ်ကြည်ရေးခရီးစဉ် လှည့်လည်သော သမ္မတဒူတာတေးအား သမ္မတရီက တခမ်းတနား ကြိုဆိုခဲ့ပြီး ပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာများနှင့် ပတ်သက်၍ အကျယ်တဝင့် ဆွေးနွေးခဲ့လေသည်။

အနုညာတ စီရင်ချက်

တောင်တရုတ်ပင်လယ်အရေးနှင့် ပတ်သက်၍ အနုညာတ တရားရုံး၏ စီရင်ချက်ကို အလေးမထားကြောင်း၊ ယင်းစီရင်ချက်သည် စက္ကူပေါ်တွင်သာရှိကြောင်း သမ္မတဒူတာတေးက ပြောဆိုခဲ့ခြင်းဖြင့် တရုတ်နိုင်ငံအတွက် သံတမန်ရေးအရ အောင်ပွဲခံသည့်အသွင် ရှုမြင်ရလေသည်။

ဖိလစ်ပိုင်အစိုးရအဖွဲ့သစ်၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး စစ်ပွဲနှင့်ပတ်သက်၍ ဝေဖန်ခံရပြီးနောက် သမ္မတဒူတာတေးနှင့် အမေရိကန်ဆက်ဆံရေးမှာ ကဗျာကာရံသင့်ခြင်းမရှိတော့ဟု ရှုမြင်ရလေသည်။

ယခုအချိန်တွင်မူ အမေရိကန်အစိုးရ တာဝန်ရှိသူများက ဒူတာတေး၏ သဘောထားရပ်တည်ချက်နှင့် ပတ်သက်၍ အတိအကျ အဓိပ္ပာယ်ဖွင့်ဆိုနိုင်ရန် ကြိုးပမ်းလျက်ရှိကြလေသည်။

သမ္မတဒူတာတေးအနေဖြင့် တောင်တရုတ်ပင်လယ်အရေးကို အကြောင်းပြု၍ အိမ်နီးချင်းနိုင်ငံကြီးနှင့် အငြင်းအခုံဖြစ်နေခြင်းထက် မိမိ၏နိုင်ငံရေး၊ စီးပွားရေးတိုးတက်မှုအတွက် ရည်ရွယ်ကာ ဒေါ်လာ ၁၃ ဒသမ ၅ ဘီလီယံအကျိုးဝင်သော ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် ၁၃ ရပ်ကို လက်မှတ်ရေးထိုးခဲ့လေသည်။

သမ္မတဒူတာတေး၏ တရုတ်နိုင်ငံ ခရီးစဉ်သည် ၎င်း၏နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုအကြား အစဉ်အလာအရ မဟာမိတ်ဖွဲ့မှုကို ထိခိုက်နိုင်သည်လောဟု တွေးဆရဖွယ်ရှိသည်။

သမ္မတ ဒူတာတေးအနေဖြင့်မူ သွေးကစားပြောသည်ဟု ယူဆရသော စကားတစ်ခွန်းအဖြစ် "ကျွန်တော် အပါအဝင် ဖိလစ်ပိုင်လူဦးရေ လေးပုံတစ်ပုံရဲ့ ဘိုးစဉ်ဘောင်ဆက်ကို ကြည့်ရင် တရုတ်လူမျိုးက ဆင်းသက်လာခြင်းဖြစ်တယ်၊ စီးပွားရေးအရ ကျွန်တော်မျှော်လင့်တာကတော့ တရုတ်နိုင်ငံကသာ အထောက်အကူပေးနိုင်မယ်" ဟူ၍ ပြောကြားခဲ့လေသည်။

သမ္မတအိုဘားမား၏ ရပ်တည်ချက်ဘက်မှ စဉ်းစားလျှင်မူ သူ၏အာရှဗဟိုပြုနိုင်ငံခြားရေး မူဝါဒအပေါ် အကျိုးသက်ရောက်လာမည်လောဟု တွေးဆရ၏။ အိုဘားမား အစိုးရအဖွဲ့၏ အရှေ့အာရှ ဒေသဆိုင်ရာ နိုင်ငံခြားရေး မူဝါဒ၏ မူဘောင်တစ်ရပ်အဖြစ် အာရှကို ဝင်ရိုးအဖြစ် သတ်မှတ်ကာ ဒေသဆိုင်ရာ အင်အားချိန်ခွင်လျှာကို ပြန်လည်ကိုက်ညီနိုင်ရေးမှာ သမ္မတဒူတာတေး၏ နှုတ်မြွက်စကားများကြောင့် ကိုက်ညီပြီးရင်း ကိုက်ညီရမည့်ကိန်းတွေ့ကြုံရဖွယ်ရှိလေသည်။ ၂၀၁၇ ခုနှစ်တွင် အာဆီယံ၏ ဥက္ကဋ္ဌဖြစ်လာမည့် ဖိလစ်ပိုင်နိုင်ငံ အစိုးရအဖွဲ့သစ်၏ မဟာဗျူဟာအရွေ့ကို အားလုံးက လေ့လာစောင့်နေကြမည်ဟု တွေးတောမိရင်း "မဟာဗျူဟာအရွေ့ အချိုးအကွေ့ ရောက်ပြီ"ဟူ၍ ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။

မုခနီးကျေးရွာတွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

ချောင်းဆုံ အောက်တိုဘာ ၂၂

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် စော်ကဲကျေးရွာအုပ်စု မုခနီးကျေးရွာတွင် နှစ်စဉ်ကျင်းပပြုလုပ်သည့် (၇၂)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို အောက်တိုဘာ ၂၀ ရက် နံနက်က အဆိုပါကျေးရွာတွင် ကျင်းပပြုလုပ်ရာ ဘုန်းတော်ကြီးကျောင်း ၃၀ ကျော်မှ ပင့်ဖိတ်သံယာအပါး ၁၃၀ တို့အား ရပ်ဝေးရပ်နီးမှ အလှူရှင်များက လှူဖွယ်ပစ္စည်းများဖြင့် စည်ကားသိုက်မြိုက်စွာ လောင်းလှူခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပုဂ္ဂလိကရေယာဉ်များ သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများနှင့်အညီ ပြေးဆွဲခြင်း ရှိ–မရှိ ကွင်းဆင်းစစ်ဆေးဆောင်ရွက်

ကသာ အောက်တိုဘာ ၂၂

ကသာမြို့နယ် ပုဂ္ဂလိကရေယာဉ်များစနစ်တကျ ပြေးဆွဲရေးကော်မတီမှ ကသာ-ဗန်းမော်(ပြည်တိုင်းအောင်) ရေယာဉ်နှင့် ကသာ-မန္တလေး(မီလျှံ-၃)ရေယာဉ်များမှ ခရီးစဉ်များပြေးဆွဲလျက်ရှိရာ သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ စည်းကမ်းချက်များနှင့်အညီပြေးဆွဲခြင်း ရှိ၊ မရှိအား အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းမှစတင်၍ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကသာမြို့မှ ပြေးဆွဲလျက်ရှိသည့် ပြည်တိုင်းအောင်ရေယာဉ်နှင့် မီလျှံ(၃) ရေယာဉ်များအား ပုဂ္ဂလိက ရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီမှ Life Jacket၊ မီးသတ်ဆေးဘူး၊ သက်ကယ်ဘောကွင်း၊ ပေ ၁၀၀ ကြိုးခွေ၊ လုပ်ငန်းလိုင်စင်၊ ရေယာဉ်အုပ်၊ စက်ခန်းအုပ်၊ ကျောက်ဆူးနှင့်ကြိုး၊ ရေပုံးအစရှိသည့် သတ်မှတ်ချက်နှင့်အညီ ထားရှိမှုရှိ၊ မရှိအား စစ်ဆေးရာ သတ်မှတ်ချက်နှင့်မညီသည့် လိုအပ်လျက်ရှိသည့် မီးသတ်ဆေးဘူး နှစ်ဘူးထားရှိဆောင်ရွက်ရမည့်အစား တစ်ဘူးသာ ထားရှိဆောင်ရွက်သဖြင့် တစ်ဘူး ထပ်မံဖြည့်တင်းထားရှိသွားရေးအတွက် ရေယာဉ်မှူးအား ပုဂ္ဂလိကရေယာဉ်များစနစ်တကျပြေးဆွဲရေးကော်မတီဝင်များက ပြောကြားခဲ့သည်။

ယင်းပြေးဆွဲလျက်ရှိသည့် ရေယာဉ်များအား ပုဂ္ဂလိကရေယာဉ်များ စနစ်တကျ ပြေးဆွဲရေးကော်မတီမှ ၂၀၁၆ ခုနှစ် မေလပိုင်းမှစတင်၍ ပုံမှန်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းနှင့် ကသာ-မန္တလေး(မီလျှံ-၃)ရေယာဉ်သည် နံနက် ၅ နာရီမှ စတင်၍လည်းကောင်း၊ ကသာ-ဗန်းမော်(ပြည်တိုင်းအောင်)ရေယာဉ်သည် နံနက် ၉ နာရီမှစတင်၍လည်းကောင်း နေ့စဉ် ပုံမှန်ပြေးဆွဲလျက်ရှိကြောင်းနှင့် ခရီးသည်များမှာ အဆိုပါရေယာဉ်များမှ စည်းကမ်းချက်နှင့်အညီ စနစ်တကျပြေးဆွဲနေသဖြင့် ပြည်သူများ စိတ်အေးချမ်းသာစွာ စီးနင်းလိုက်ပါလျက်ရှိကြောင်း သိရသည်။

မြင့်ကေနိုင်(ပြန်/ဆက်)

စားသုံးသူ အကာအကွယ် ပေးရေး အသိပညာပေး

ချောင်ဦး အောက်တိုဘာ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်ဦးမြို့ အစိုးရနည်းပညာအထက်တန်းကျောင်းတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြော၍ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင် ပြသခြင်းများကို အောက်တိုဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီက ပြုလုပ်ကြောင်း သိရသည်။

ဟောပြောပွဲတွင် စားသုံးသူရေးရာ ဦးစီးဌာန ချောင်ဦးမြို့နယ် တာဝန်ခံ ဒေါ်ခိုင်မိုမို့က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဆိုးဆေးပါသော၊ သက်တမ်းလွန်သော၊ စားသုံးရန် မသင့်သော၊ အစားအစာများ စားသုံးမိပါက ကျန်းမာရေး ထိခိုက်နိုင်ပုံများနှင့် လူသုံးကုန်ပစ္စည်းများနှင့် ပတ်သက်၍ ဝန်ဆောင်မှုကဏ္ဍအနေဖြင့် စားသုံးသူရေးရာ ဦးစီးဌာန၏ အကာကွယ်ပေးရေး အကြောင်းများကို အကျယ်တဝင့် ဆွေးနွေးပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယုယုဝင်းက စည်းကမ်းရှိပါ စာဖတ်ပါ ခေါင်းစဉ်ဖြင့် ဆွေးနွေးသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ယူဆောင်လာသော စာအုပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက ငှားရမ်းဖတ်ရှုကြပြီး နံရံကပ်စာစောင်များကို စိတ်ဝင်တစား ကြည့်ရှုကြသည်။ ချောင်ဦးမြို့ အစိုးရနည်းပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးနေမျိုးထက်က "မိမိတို့ကျောင်းကို လာပြီး စားသုံးသူရေးရာ အကြောင်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပေးတာတွေ၊ ကလေးတွေ မူးယစ်ဆေးဝါးဖြင့် လမ်းမှားမရောက်အောင် ပညာပေး နံရံကပ်စာစောင်တွေ ပြသပေးတဲ့အတွက် အကျိုးရှိပြီး ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

ချောင်ဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အပတ်စဉ်ကြာသပတေးနေ့တိုင်း အစိုးရနည်းပညာအထက်တန်းကျောင်းသို့ လာရောက်ကာ Mobile Library ဖွင့်လှစ်ပေးမည် ဖြစ်ကြောင်း သိရသည်။

မိမိ (ချောင်ဦး)

နွေရာသီ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စက်ရေတွင်းတူးဖော်

ကျောက်ပန်းတောင်း အောက်တိုဘာ ၂၂

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် အင်ပင်ကြီးကျေးရွာအုပ်စု အင်ဂေါင်းကျေးရွာတွင် နွေရာသီရေရှားပါးပြတ်လပ်မှုမဖြစ်ပေါ်စေရေးအတွက် အဝီစိစက်ရေတွင်းတစ်တွင်း တူးဖော်လျက်ရှိပြီး အဆိုပါလုပ်ငန်းပြီးစီးမှု အခြေအနေများကို အောက်တိုဘာ ၂၀ ရက် နံနက် ၁၀ နာရီက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်ဝင်းနှင့်တာဝန်ရှိသူများ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြကြောင်း သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဆင်းရဲမှုလျှော့ချနိုင်ရေးအတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် ကျေးလက်လမ်းများ ဖောက်လုပ်ခြင်းနှင့် ကျေးလက်ပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ အင်ဂေါင်းကျေးရွာတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စက်တင်ဘာ ၁၁ ရက်က စတင်တူးဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ အနက်ပေ ၅၀၀ သို့ရောက်ရှိ၍ သန့်ရှင်းသော သောက်သုံးရေရရှိပြီး တူးဖော်မှုလုပ်ငန်းအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ စက်ရေတွင်းမှ တစ်နာရီလျှင် ရေထွက်နှုန်း ဂါလန် ၂၀၀၀ ခန့်ရှိပြီး အင်ဂေါင်းကျေးရွာ အိမ်ခြေ ၇၂ အိမ် လူဦးရေ ၄၂၁ ဦးတို့အတွက် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရယူသုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ကျေးလက်ဒေသသန့်ရှင်းသောသောက်သုံးရေရရှိရေးလုပ်ငန်းများကို ရွှေဝတီဝင်းကုမ္ပဏီက တင်ဒါအောင်မြင် ဆောင်ရွက်ခွင့်ရရှိခဲ့ပြီး 4.Ø စက်ရေတွင်းလေးတွင်း တူးဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

ကိုနေ(ကျောက်ပန်းတောင်း)



ကျောက်တော်ကြီးဘုရားပွဲသို့ လာရောက်လည်ပတ်သော ဘုရားဖူးပြည်သူများအထူးစည်ကား

မန္တလေး အောက်တိုဘာ ၂၂

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်တွင် တည်ရှိသော မဟာသက္ကမာရဇိန် ကျောက်တော်ကြီး ဘုရားပွဲတော်ကြီးကို နှစ်စဉ် သီတင်းကျွတ်လဆန်း ၁၃ ရက်မှ စ၍ လပြည့်ကျော် ၈ ရက်ထိ စည်ကား သိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ဘုရားဖူးပြည်သူများ လာရောက်လည်ပတ်မှု အထူးစည်ကားများပြားလျက်ရှိသည်။

"ဒီကျောက်တော်ကြီးဘုရားပွဲဟာ မန္တလေးမြို့ရဲ့ အစည်ကားဆုံးပွဲတော်တစ်ခုဖြစ်လို့ ရပ်ဝေးရပ်နီးမှ လာရောက်လည်ပတ်တဲ့ ဘုရားဖူးပြည်သူတွေ အလွန်ပဲစည်ကားပါတယ်၊ ပွဲတော်ရက်မတိုင်မီကတည်းက လာရောက်ရောင်းချနေတဲ့ ဈေးဆိုင်တန်းတွေမှာ မြန်မာရိုးရာ အစားအစာတွေ၊ မြန်မာလက်မှုပညာပစ္စည်းတွေ၊ ဒေသထွက်ကုန်တွေ၊ ကလေးကစားစရာအရုပ်ဆိုင်တွေ၊ ညပိုင်းမှာ ဇာတ်သဘင်ပွဲတွေလည်းရှိတော့ နေ့ရောညပါ လာရောက်လည်ပတ်သူတွေ ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိပါတယ်၊ ပွဲတော်ရက်တွေမှာ ကျောက်တော်ကြီးဘုရား၊ ကုသိုလ်တော်ဘုရား၊ စန္ဒမုနိဘုရားမှာလည်း တိုးမပေါက်အောင် စည်ကားပါတယ်" ဟု မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်မှ ဒေသခံတစ်ဦးကပြောပြသည်။

မန္တလေးမြို့တည် နန်းတည် ဘဝရှင် မင်းတုန်းမင်းတရားကြီးလက်ထက်တော်မှစတင်၍ ကျင်းပခဲ့သော (၁၂၈)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် သံယာ့ဒါနဆွမ်းလောင်းလှူပွဲ၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်တွင် စန္ဒမုနိဘုရား၌ သံယာတော် ၁၂၅ ပါး၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်တွင် ကုသိုလ်တော်ဘုရားဝန်း၌ သံယာတော် အပါး ၃၁၀၀၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်တွင် ကျောက်တော်ကြီးဘုရားဝန်း၌ သံယာအပါး ၂၀၀၀ တို့အား သံယာ့ဒါနဆွမ်းလောင်းလှူပွဲများ ကျင်းပခဲ့ကြသည်။

မန္တလေးမြို့၏ အစည်ကားဆုံးပွဲတော် တစ်ခုဖြစ်သော ကျောက်တော်ကြီးဘုရားပွဲတော်သို့ ရပ်ဝေးရပ်နီးမှ ဘုရားဖူးပြည်သူများသာမက မန္တလေးမြို့သို့ ရောက်ရှိနေသော ကမ္ဘာလှည့် ခရီးသွားများပါ စိတ်ဝင်တစား လာရောက်လည်ပတ်လျက်ရှိသောကြောင့် အထူးစည်ကားလျက်ရှိကြောင်းသိရသည်။

သန်းစော်မင်း(ပြန်/ဆက်)

ပုလဲမြို့၌သမိုင်းဝင်ဆင်မြတ်ရှင်ဘုရားဗုဒ္ဓပူဇနီယပွဲတော်နှင့် မဟာဒုက်ပွဲစည်ကားသိုက်မြိုက်စွာကျင်းပ

ပုလဲ အောက်တိုဘာ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့၌ သမိုင်းဝင်ဆင်မြတ်ရှင်ဘုရား၏ (၈၇)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် မဟာဒုက်ပွဲကို အောက်တိုဘာ ၂၀ ရက် (သီတင်းကျွတ်လပြည့်ကျော် ၄ ရက်)က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးတိုးဝင်း၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၏ ဆွမ်းသပိတ်လုံးများ၊ လျှုဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များ၊ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများ၏ ဆွမ်းသပိတ်လုံးများ၊ ပုဂ္ဂလိက ဆွမ်းသပိတ်လုံးများ၊ လျှုဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များဖြင့် မြို့အတွင်း၌ စီတန်းလှည့်လည်ကာ ဆင်မြတ်ရှင်ဘုရား ရင်ပြင်တော်တွင် စုစည်းခဲ့ပြီး နံနက် ၁၀ နာရီတွင် ပင့်သံယာ အပါး ၅၀ ကျော်နှင့် ဆင်မြတ်ရှင်ဘုရား၏ မြသပိတ်တော်ကို စာရေးတံမဲ ဖောက်ခဲ့ကြောင်း သိရသည်။

"ပုလဲမြို့မှာ တည်ထားကိုးကွယ်တဲ့ သမိုင်းဝင် ဆင်မြတ်ရှင်ဘုရားရဲ့ ဗုဒ္ဓပူဇနီယပွဲတော်နဲ့ မဟာဒုက်ပွဲကို ၁၂၉၁ ခုနှစ်လောက်က စတင်ကျင်းပခဲ့တာ အခုနှစ်ဆိုရင် (၈၇)ကြိမ်မြောက် ရှိခဲ့ပါပြီ။ဆရာ၊ ဒကာ ညီညွတ်စွာ ဆောင်ရွက်ခဲ့တာကြောင့် ဘုရား၊ စေတီ၊ တန်ဆောင်း၊ လျှပ်စစ်မီး၊ ဆလိုက်မီးတိုနဲ့ ခမ်းခမ်းနားနား ဖြစ်နေပါပြီ။ အရင်နှစ်က ဌာနဆိုင်ရာတွေ၊ မြို့ပေါ်ကရပ်ကွက်တွေ၊ ပုဂ္ဂလိကအလှူရှင်တွေနဲ့ ကျေးရွာကလှူဒါန်းတဲ့ သပိတ်လုံးပေါင်း ၄၇ လုံးနဲ့ အလှူငွေပေါင်းသိန်း ၁၂၀ ကျော်ရှိခဲ့ပါတယ်။ အဲဒီဆွမ်းသပိတ်လုံးများက လှူဒါန်းတဲ့ ဗုဒ္ဓပူဇာ အလှူငွေများနဲ့ နှစ်စဉ် ဘုရားလောင်း ပလလဲတောအုပ်မှာ ဆင်မင်းဘဝနေထိုင်ခဲ့စဉ်က သမိုင်းဝင် မှတ်တမ်း ပန်းချီကားများ၊ ဆင်ဖြူတော်ရုပ်တုနဲ့ ဇရပ်၊ သာသနိက အဆောက်အအုံများ၊ ဘုရားရင်ပြင် ကြွေပြားခင်းခြင်း လုပ်ငန်းတွေကို ဆောင်ရွက်နိုင်ခဲ့ပါတယ်" ဟု ပုလဲမြို့နေ ဦးညွှန့်ငွေက ပြောသည်။

ယင်းနောက် သမိုင်းဝင် ဆင်မြတ်ရှင်ဘုရား၏ (၈၇)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့်မဟာဒုက်ပွဲတွင် ဆင်မြတ်ရှင်ဘုရား၏ မြသပိတ်တော် မဟာဒုက်မဲ ပေါက်သည့် ပုလဲမြို့ အောင်မင်္ဂလာရပ်မှ ပြည်သူများက ဆင်မြတ်ရှင်ဘုရား၏ ရွှေသားဆင်းတုတော်နှင့် မြသပိတ်တော်ကို မြို့အတွင်းသို့ လှည့်လည်ပင့်ဆောင်၍ အပူဇော်ခံခဲ့ကြောင်းနှင့် ဘုရားပွဲသို့ လာရောက်ကြသည့် ရပ်ဝေးရပ်နီးမှ ဧည့်ပရိသတ်များအား ညပိုင်းတွင် မိုးယံဇာတ်ပွဲသဘင်ဖြင့် ဧည့်ခံဖြေဖျော်ခဲ့ကြောင်း သိရသည်။

မင်းခန့်စိုး(ဧရာမြေ)

အမှုသွားအမှုလာ စီမံခန့်ခွဲမှုညှိနှိုင်းအစည်းအဝေး မုံရွာ၌ကျင်းပ

မုံရွာ အောက်တိုဘာ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တရားရုံးတွင် ရှေ့ပြေးတရားရုံး အစီအစဉ် (Pilot Court Program) အရ အမှုသွားအမှုလာ စီမံခန့်ခွဲခြင်း (Caseflow Management)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ရှင်းလင်းဆွေးနွေးပွဲကို အောက်တိုဘာ ၂၁ ရက် နံနက် ၉ နာရီက မုံရွာမြို့ နန္ဒဝန်ရပ်ကွက်ရှိ စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ညှိနှိုင်းအစည်းအဝေးတွင် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်က အမှုသွား အမှုလာ စီမံခန့်ခွဲခြင်းဖြင့် အမှုများ စစ်ဆေးဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီးတရားရေးဦးစီးမှူး ဒေါ်စုစုဝင်းက အမှုသွား အမှုလာ ခီမံခန့်ခွဲမှုလုပ်ငန်းစဉ် ပေါ်ပေါက်လာပုံနှင့် ရည်ရွယ်ချက်များကိုလည်းကောင်း၊ မုံရွာခရိုင်တရားသူကြီး ဦးစိုးစိုးက အမှုသွားအမှုလာ စီမံခန့်ခွဲခြင်း လုပ်ငန်းစဉ်များကိုလည်းကောင်း အသီးသီး ရှင်းလင်း ဆွေးနွေးကာ တက်ရောက်လာသူများက ပြန်လည်ဆွေးနွေးခဲ့သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ဦးမျိုးမောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ဒေါ်ချယ်ရီကြည်၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်စုစုဝင်း၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဒေါ်အမာကြည် (တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာ ကော်မတီ ဥက္ကဋ္ဌ)နှင့် တိုင်းဒေသကြီး၊ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တရားလွှတ်တော်ရှေ့နေများ၊ အထက်တန်းရှေ့နေများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဗိုးချမ်း(မုံရွာ)

စာဖတ်သူများရိုရာအရောက် စာအုပ်စာစောင်များ ဌားရမ်းပေးမှု စဉ်ဆက်မပြတ်ဆောင်ရွက်

ဝါးခယ်မ အောက်တိုဘာ ၂၂

ရောဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ကြည်နှင့် ဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်များ၊ ကျေးရွာများရှိ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် အခြေခံပညာကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူများပါ စာအုပ်စာပေကောင်းများ လေ့လာဖတ်ရှု နိုင်စေရေးအတွက် စာဖတ်သူများရှိရာအရောက် စာအုပ်စာစောင်များ ဌားရမ်းပေးမှုကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၀ ရက် မွန်းလွဲက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးနှင့် မြန်မာ့စီးပွားရေးဘဏ်ရှိ ဝန်ထမ်းများထံ သွားရောက်၍ သုတ၊ ရသ စာအုပ်စာစောင်များ ဌားရမ်းပေးခဲ့သည်။

စာကြည့်တိုက်သို့ အချိန်ပေး၍ လာရောက်ကာ စာအုပ်စာပေ လေ့လာဖတ်ရှုနိုင်ခြင်းမရှိသော စာဖတ်ပရိသတ်များအတွက် ယခုလိုဆောင်ရွက်ပေးခြင်းဖြစ်ပြီး ဌာနဆိုင်ရာ ရုံးအသီးသီးသို့ အပတ်စဉ် အလှည့်ကျဖြင့် သုတ၊ ရသ စာအုပ်စာစောင်များ၊ လစဉ်ထုတ် မဂ္ဂဇင်းများ၊ အပတ်စဉ်ထုတ် ဂျာနယ်မျိုးစုံတို့အား ဌားရမ်းပေးခြင်း၊ ကျေးရွာများ၊ အခြေခံပညာကျောင်းများသို့ လိုက်လံကာ အသိပညာပေး ဟောပြောပွဲများ၊ နံရံကပ်စာစောင်၊ နံရံကပ်ဓာတ်ပုံများ ခင်းကျင်းပြသပေးခြင်း၊ မြို့ပေါ်ရပ်ကွက်၊ ကျေးရွာများ၊ အခြေခံပညာကျောင်းများရှိ နံရံကပ်စာပေ ရေချမ်းစင်များအား အသစ်လဲလှယ်ပေးခြင်းတို့ဖြင့် စာဖတ်ပရိသတ်များ စာအုပ်စာပေကောင်းတို့ကို လေ့လာဖတ်ရှုနိုင်စေရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လွမ်းသီဟ(ဝါးခယ်မ)

လွှတ်တော်အတွေ့အကြုံရှင်းလင်းခြင်းနှင့် ပြည်သူ့အသံနားထောင်ပွဲပြုလုပ်

ရမည်းသင်း အောက်တိုဘာ ၂၂

ရမည်းသင်းမြို့နယ် လွှတ်တော်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ၏ လွှတ်တော်အတွေ့အကြုံ ရှင်းလင်းခြင်းနှင့် ပြည်သူ့အသံနားထောင်ပွဲကို အောက်တိုဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီက ရွာတန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့ရာ ရွာတန်းသဲကျွန်းအုပ်စု၊ လယ်သာအုပ်စု၊ အနောက်ဖိုအုပ်စု၊ ကုလားမျောအုပ်စုတို့မှ ကျေးရွာပြည်သူများ တက်ရောက်ခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုနိုင်က ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်၊ ဒုတိယပုံမှန် အစည်းအဝေး အတွေ့အကြုံများအား ရှင်းလင်းတင်ပြခဲ့ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းက တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ အတွေ့အကြုံများကို ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် တက်ရောက်လာသည့် ကျေးရွာပြည်သူများက ကျေးရွာအလိုက် လိုအပ်လျက်ရှိသည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ သောက်သုံးရေရရှိရေး စသည့်လိုအပ်ချက်များကိုဆွေးနွေးခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုနိုင်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်တို့က ပြည်သူများ၏ဆန္ဒကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးတင်ပြခဲ့သည်။

ယင်းနေ့နံနက်ပိုင်းက ရင်ဂါတ်ကုန်းကျေးရွာတွင်ကျင်းပရာ ရင်ဂါတ်ကုန်းအုပ်စု၊ ဆည်ကန်အုပ်စု၊ ကန်ဦးအုပ်စု၊ လွှစင်အုပ်စု၊ ပျားစည်အုပ်စုမှ ကျေးရွာပြည်သူများနှင့်တွေ့ဆုံ၍ ပြည်သူများ၏လိုအပ်ချက်များအပေါ် လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် နည်းလမ်းတကျ ဆောင်ရွက်ပေးသွားဖြစ်ကြောင်း သိရသည်။

မင်းမင်းထွေး(ဖျော်ဘွယ်)

ကလေးသူငယ်များစာပေဖတ်ရှုလေ့လာနိုင်ရေး ကလေးစာဖတ်ခန်းအား အလှပန်းများနှင့် အရုပ်များတပ်ဆင်

စဉ်ကိုင် အောက်တိုဘာ ၂၂

မန္တလေးတိုင်းဒေသကြီး စဉ်ကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြည်သူ့စာကြည့်တိုက်တွင် ကလေးသူငယ်များ ပျော်ရွှင်စွာ အပန်းဖြေစာပေလေ့လာဖတ်ရှုနိုင်ရေးအတွက် ရောင်စုံစက္ကူဖြင့် ပြုလုပ်ထားသော ပန်းပွင့်များ၊ ပလတ်စတစ်ပိုက်ပန်းခြင်းများ တပ်ဆင်လျက်ရှိကြောင်း သိရသည်။

ကလေးသူငယ်များ စာပေကို စိတ်ဝင်စားစွာဖတ်ရှုလေ့လာနိုင်ရေး စာဖတ်သည့် အလေ့အထဖြစ်စေရေးအတွက် စာဖတ်ခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ အသိပညာများရရှိလာစေရေးအတွက် ကလေးစာဖတ်ခန်းအား အဆိုပါ အလှဆင်ခြင်းကို ပြုလုပ်ခြင်းဖြစ်သည်။

ဖိုးအောင်(စဉ်ကိုင်)

ငရုတ်ကောင်းမြို့၌နယ်မြေအေးချမ်းရေးနှင့်ဒုစရိုက်မှုများကင်းစင်ရေး ညကင်းလှည့်ခြင်းလုပ်ငန်းများဆောင်ရွက်

ငရုတ်ကောင်း အောက်တိုဘာ ၂၂

ရောဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငရုတ်ကောင်းမြို့၌နယ်မြေ ဒေသအေးချမ်းရေးနှင့် ဒုစရိုက်မှုများကင်းစင်ရေးတို့အတွက်ရည်ရွယ်၍မြို့ပေါ်ရပ်ကွက်လမ်းများ၊ မြို့အဝင်အထွက်ဂိတ်များနှင့် ကားအဝင်အထွက်များကို လိုက်လံ၍စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ၂၀ ရက် ည ၁၀ နာရီမှ ည ၁၂ နာရီအထိ ငရုတ်ကောင်းမြို့စခန်းမှူး ရဲအုပ်ရွှေဇံအောင်ဦးဆောင်၍ နယ်ထိန်းတပ်ဖွဲ့ဝင်များ၊ ရဲမိရဲဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များ စုပေါင်းပြီး ညလှည့်ကင်းလှည့်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

မြိုးမောင်မောင်(ပြန်/ ဆက်)

ပြည်သူ့ဝန်ဆောင်မှုရုံးဆောက်ရန် မြေနေရာပန္နက်ရိုက်

ရွှေဘို အောက်တိုဘာ ၂၂

ရွှေဘိုခရိုင်အတွင်းရှိ မိဘပြည်သူများ လုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ပေးလျက်ရှိသော (One Stop Shops) ပြည်သူ့ဝန်ဆောင်မှုရုံးသစ်ဆောက်လုပ်ရန် မြေနေရာပန္နရိုက်ခြင်းကို အောက်တိုဘာ၂၀ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေဇင်လတ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးကျော်သူတို့က ရုံးမြေနေရာကို ပန္နက်ရိုက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပြည်သူ့ဝန်ဆောင်မှုရုံးအား ယာယီအနေဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ဌာနဆိုင်ရာ ၁၀ ခုဖြင့်ဖွဲ့စည်းထားပြီး အများပြည်သူများ အဆင်ပြေစေရန် လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

နိုးသီဟ(Iprd)

တိုင်းရင်းသားပညာဖြင့် ကွင်းဆင်းကုသမှုဆောင်ရွက်

ရွှေဘို အောက်တိုဘာ ၂၂

ရွှေဘိုခရိုင် တိုင်းရင်းသားကုသရေးဦးစီးဌာန ရွှေဘိုတိုင်းရင်းသားရုံမှ ဝန်ထမ်းများနှင့် တိုင်းရင်းသားဆရာအသင်းတို့ ပူးပေါင်း၍ အောက်တိုဘာ ၂၀ ရက်က ရွှေဘိုမြို့နယ် ပဂိုးကုန်းကျေးရွာတွင် တိုင်းရင်းသားပညာဖြင့် ကွင်းဆင်းကုသမှု ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ ကွင်းဆင်းကုသမှုဆောင်ရွက်ရာတွင် လူနာဦးရေ ၁၄၄ ဦးတို့အား ကျန်းမာရေး စောင့်ရှောက်မှုပေးခဲ့ပြီး အဆိုပါကွင်းဆင်းကုသမှုတွင် စစ်ကိုင်းတိုင်းဒေသကြီး တိုင်းရင်းသားဆရာအသင်းဥက္ကဋ္ဌ ဆရာဦးသန်းထွန်းနှင့် အသင်းဝင်ဆရာများက ဦးစီးဌာနဆေးဝါးများနှင့်အတူ ရုပ်ပျိုတိုင်းရင်းသားဆေးဝါးထုတ်လုပ်ရေးနှင့် ဦးသက်ပြင်းသား ဆေးတိုက်တို့က ဆေးဝါးများလျှဒါန်းခဲ့ကြောင်း သိရသည်။ **ကျိုးနက်**

ဆန်စက်များထုတ်ကုန်အရည်အသွေးမှန်ကန်ရေးစစ်ဆေး

ကျုံပျော် အောက်တိုဘာ ၂၂

ရောဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်အတွင်း လည်ပတ်လျက်ရှိသော ဆန်စက်များ အများပြည်သူအား ထိခိုက်မှုမရှိပဲ စည်းကမ်းတကျ ဆောင်ရွက်မှု ရှိ-မရှိ လိုက်လံစစ်ဆေးဆောင်ရွက်ခြင်းကို အောက်တိုဘာ ၂၀ ရက်က စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဆန်စပါးလုပ်ငန်းရှင် အသင်းတို့ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကျုံတန်းကျေးရွာနှင့် မန်းစက္ကူကျေးရွာမှ ဆန်စက်များလည်ပတ်နေမှုများအား စစ်ဆေးခဲ့ကြပြီး၊ အနံ့ဆိုး၊ ရေဆိုးများ ထွက်ရှိမှု ရှိ-မရှိစစ်ဆေးခြင်း၊ ဆန်စပါးဈေးနှုန်း၊ စျေးကွက်လက်ကျန်အခြေအနေအား လေ့လာစိစစ်ခြင်းနှင့် ထုတ်ကုန်အရည်အသွေးမှန်ကန်ရေးအတွက် လုပ်ငန်းရှင်များအား အသိပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

နေဝင်းမြင့်(ပြန်/ဆက်)

ပဲစင်းငုံ မျိုးစေ့ဘာဏ်စိုက်ကွက်သို့ သွားရောက်၍ မျိုးကွဲစစ်ဆေးခြင်းနှင့် မျိုးကွဲနုတ်ပယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်

ကျောက်ပန်းတောင်း အောက်တိုဘာ ၂၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ညောင်ဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်ကြည်ကြည်ဆွေ၊ ကျောက်ပန်းတောင်းမြို့နယ်မျိုးစေ့တာဝန်ခံ ဒေါ်တင်ဝင်းလှိုင်နှင့် ကွင်းဝန်ထမ်းများ ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၀ ရက် နံနက်က ကျောက်ပန်းတောင်းမြို့နယ် ဆင်တိုင်းကန်ကျေးရွာတွင် စိုက်ပျိုးထားရှိသည့် မိုးပဲစင်းငုံ မျိုးစေ့ဘာဏ်စိုက်ကွက်သို့ သွားရောက်၍ မျိုးကွဲများစစ်ဆေးခြင်းနှင့် မျိုးကွဲနုတ်ပယ်ခြင်း လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ် ဆင်တိုင်းကန်ကျေးရွာတွင် စိုက်ပျိုးထားသည့် မိုးပဲစင်းငုံ မျိုးစေ့ဘာဏ်စိုက်ကွက်သည် ဧက ၃၀ ခန့်ရှိပြီး ညောင်ဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်ဆောင်ရွက်မှုအစီအစဉ်ဖြင့် စိုက်ပျိုးထားသော မိုးပဲစင်းငုံ မျိုးစေ့ဘာဏ်စိုက်ကွက် တစ်ခုဖြစ်ကြောင်း သိရသည်။

အဆိုပါ ပဲစင်းငုံ မျိုးစေ့ဘာဏ်စိုက်ကွက် စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်မှာ စိုက်ကွက်မှရရှိလာမည့် ပဲစင်းငုံမျိုးစေ့၊ မျိုးသန့်များကို ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သည့် ကျေးလက်နေတောင်သူများအနက် မျိုးကောင်း၊ မျိုးသန့် စိုက်ပျိုးရန်လိုလားသည့် တောင်သူများအား ပဲစင်းငုံမျိုးစေ့များ ဆက်လက်ဖြန့်ဖြူးပေးနိုင်ရန်ရည်ရွယ်၍ စိုက်ပျိုးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ လာရောက်ပြီး ဆင်တိုင်းကန်ကျေးရွာ မိုးပဲစင်းငုံ မျိုးစေ့ဘာဏ်စိုက်ကွက်တွင် ပဲစင်းငုံသီးနှံပင်များကို မျိုးကွဲပါဝင်မှု ရှိ-မရှိ စစ်ဆေးပြီး မျိုးကွဲနုတ်ပယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရခြင်းသည် မျိုးစေ့ဖြန့်ဖြူးပြီးချိန် တောင်သူများ စိုက်ပျိုးရာ၌ သီးနှံအထွက်ကောင်းမွန်သော မျိုးစေ့များ စိုက်ပျိုးရောင်းချနိုင်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်ကြည်ကြည်ဆွေက ပြောပြသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

ကျောက်တန်းမြို့နယ် ဆင်ကန်အတွင်းရှိ ဒိုက်၊ အမှိုက်များ ရှင်းလင်းဖယ်ရှားခြင်းလုပ်ငန်းဆောင်ရွက်

ကျောက်တန်း အောက်တိုဘာ ၂၂

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ဆင်ကန်အတွင်းရှိ ဒိုက်၊ အမှိုက်များကို အောက်တိုဘာ ၂၀ ရက် နံနက် ၈ နာရီက ဆယ်ယူခဲ့ကြောင်း သိရသည်။

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းလွင်ဦးဆောင်၍ ကျောက်တန်းမြို့နယ် အသောကရာမကျောင်းတိုက်ဆရာတော် ဦးဝိသာလကြီးကြပ်မှုဖြင့် ကန်အတွင်းရှိ ဒိုက်၊ အမှိုက်များအား ဆယ်ယူခဲ့ခြင်းဖြစ်သည်။ ဆင်ကန်ကြီးမှာ အရင်ကသောက်သုံးရေကန်ဖြစ်ပြီး ယခုအခါ ဒိုက်၊ အမှိုက်များဖြင့်ပြည့်နေကာ သုံးရေအဖြစ်သာရရှိခဲ့သောကြောင့် ကျောက်တန်းမြို့နယ်အတွင်းရှိ ပရဟိတအကျိုးတော်ဆောင်အဖွဲ့ ၁၉ ဖွဲ့မှ လူအင်အား၊ စက်ယန္တရားများဖြင့် တူးဖော်ခဲ့ကြောင်း သိရသည်။ **ကျော်ဆန်းမြင့်(ပြန်/ဆက်)**

ဒီမိုကရေစီဆိုင်ရာလူငယ်များ စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းကျင်းပ

အောင်လံ အောက်တိုဘာ ၂၂

မကွေးတိုင်းဒေသကြီး လူငယ်ကွန်ရက်မှ ဦးဆောင်ကျင်းပသော ဒီမိုကရေစီဆိုင်ရာလူငယ်များ စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းကို အောက်တိုဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့၌ အောင်လံမြို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အပေါ် ထပ်ခန်းမတွင် နှစ်ရက်ကြာ ကျင်းပပြုလုပ်ခဲ့သည်။

အောင်လံလူငယ်ကွန်ရက်မှ ညှိနှိုင်းရေးမှူး ဦးစိုးသူရနှင့် တိုင်းအလုပ်အမှုဆောင် ဦးသော်တာတို့က ဦးဆောင်၍ မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့တွင် မြို့နယ်အတွင်းရှိ အသက် ၁၃ နှစ်မှ ၂၄ နှစ်အတွင်း ကျား၊ မ ကဏ္ဍပေါင်းစုံမှ လူငယ်များ ဒီမိုကရေစီ၊ နိုင်ငံတော်၊ နိုင်ငံသား၊ တာဝန်၊ ဝတ္တရား၊ အခွင့်အရေး၊ လွတ်တော်ကိုယ်စားလှယ်ဆိုင်ရာ ကိစ္စများသိရှိနားလည်စေရန်နှင့် စနစ်တကျစကားပြောနည်းတို့ကို ဥပဒေနည်းဥပဒေများနှင့်အညီ သိရှိပြီးနောက် အနာဂတ်ကာလဖွံ့ဖြိုးတိုးတက်စေရေးအတွက်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။

ယင်းသင်တန်းတွင် နိုင်ငံသူ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များအကြောင်းတို့ကို ဦးအောင်ကျော်နှင့် ဦးနေမျိုးထွန်းတို့က သင်ကြားပို့ချခဲ့ကြပြီး သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၃၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သိန်းလွင်(ပြန်ဆက်)

မြို့နယ်အဆင့် မူးယစ်ဆေးဝါးသုံးစွဲသူများ အန္တရာယ်လျှော့ချရေးလုပ်ငန်း ဦးဆောင်ကော်မတီအစည်းအဝေးကျင်းပ

ကလေး အောက်တိုဘာ ၂၂

ပထမအကြိမ် ကလေးမြို့နယ်အဆင့် မူးယစ်ဆေးဝါး သုံးစွဲသူများအတွက် အန္တရာယ်လျှော့ချရေးဆိုင်ရာ လုပ်ငန်း ဦးဆောင်ကော်မတီ အစည်းအဝေး ဖွင့်ပွဲကို ကလေးမြို့ မင်းကြီးဟိုတယ် (Majesty Hotel) ခန်းမ၌ အောက်တိုဘာ ၂၀ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုး၊ ကလေးမြို့ပြည်သူ့ဆေးရုံမှ ဒုတိယဆေးရုံအုပ်ဒေါက်တာရွှေဝင်းနှင့် Country Director UNAIDS မှ တာဝန်ရှိသူတို့က အဖွင့်အမှာစကားအသီးသီးပြောကြားခဲ့သည်။

ယင်းနောက် ခရိုင်ခုခံကျ ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့ မှ ဒေါက်တာစိုးပိုးထွေးက ကလေးခရိုင်၏ HIV နှင့် AIDS ရောဂါကာကွယ်ကုသစောင့်ရှောက်မှုလုပ်ငန်းများကို ရှင်းလင်းတင်ပြခဲ့ပြီး၊ AHRN (နားခိုရာ)မှ ဌာနမှူး ဒေါက်တာဝင်းဇော်က မူးယစ်ဆေးဝါးသုံးစွဲသူများအတွက် အန္တရာယ်လျှော့ချရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာ ရှင်းလင်းတင်ပြခြင်း၊ မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့ မှ ယာယီရဲမှူးလှထွေးက မူးယစ်ဆေးဝါး ထိုးသွင်းသုံးစွဲသူများအတွက် အန္တရာယ်လျှော့ချရေးလုပ်ငန်း ဦးဆောင်ကော်မတီဖွဲ့စည်းရခြင်း ရည်ရွယ်ချက်နှင့် တာဝန်ဝတ္တရားများအား ရှင်းလင်းတင်ပြခြင်းတို့ကို အသီးသီးဆွေးနွေးခဲ့ကြောင်း သိရသည်။ **ချင်းတွင်းသား**

လူငယ်များဘာသာရေးအသိတရားတိုးပွားစေရေး ပဋ္ဌိစ္စသမုပ္ပါဒ်အခြေခံလူငယ်ဝိပဿနာတရားစခန်းပွဲပြုလုပ်

သုံးခွ အောက်တိုဘာ ၂၂

သီတင်းကျွတ်ကျောင်းပိတ်ရက် အားလပ်ရက်များအတွင်း လူငယ်များ ဘာသာရေးအသိတရားများ တိုးပွားစေရေးကို ရှေးရှုလျက် ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် သရောတောကျေးရွာ မိုးကုတ်ရိပ်သာ၌ ရန်ကုန်မြို့မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ကမ္မဋ္ဌာနစရိယ ဦးအဂ္ဂဝမ္မ(ရုပ်) မဟာအောင်မြေခမ္မီကာရုံကျောင်းအလုံမြို့နယ်ဆရာတော်က ပဋ္ဌိစ္စသမုပ္ပါဒ် အခြေခံလူငယ်ဝိပဿနာတရားစခန်းပွဲကို အောက်တိုဘာ ၁၆ ရက်မှ ၂၁ ရက်အထိ ၅ ရက် တိုင်တိုင် ကျင်းပခဲ့ကြောင်းသိရသည်။

ယင်းပဋ္ဌိစ္စသမုပ္ပါဒ်အခြေခံသော ဝိပဿနာတရားစခန်းပွဲကို သရောတောကျေးရွာ အလယ်တန်းကျောင်းခွဲ ကျောင်းအုပ်ဆရာကြီး ဦးပြည်ဖြိုးအောင်နှင့် ဆရာ၊ ဆရာမများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းလွင်၊ ကျောင်းအကျိုးတော်ဆောင်များက ဦးဆောင်၍ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ကျွန်တော်တို့ရွာက ကလေးတွေကို အခုလိုင်ယ်စဉ်တောင်ကျေး ကလေးဘဝကစပြီး ဘာသာရေးကိုင်းရှိုင်းတတ်စေရန်နှင့် ဘာသာရေးကို အခြေခံကာ လူယဉ်ကျေးများဖြစ်လာစေဖို့ ရည်ရွယ်ပြီး အခုလိုဆောင်ရွက်ကြတာဖြစ်ပါတယ်” ဟု အဆိုပါကျေးရွာ၌ရှိကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။

ကြည်စိုးလွင်(သုံးခွ)

၂၀၁၅–၂၀၁၆ ဘဏ္ဍာရေးနှစ်၏ ဒုတိယနှစ်မြစ်မိုးရောင် ရန်ပုံငွေများ ပြန်လည်ထုတ်ချေးပေး

စစ်ကိုင်း အောက်တိုဘာ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် ကျေးရွာပေါင်း ၁၁ ရွာတွင် တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့် ငွေကျပ်သိန်းပေါင်း ၃၃၀၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဒုတိယနှစ် မြစိမ်းရောင်ရန်ပုံငွေများအား စစ်ကိုင်းမြို့နယ်အတွင်းရှိ တလိုင်းကျွန်းကျေးရွာတွင် လူဦးရေ ၁၅ ဦးအတွက် ငွေကျပ် ၃၃၀၀၀၀၀၀၊ ညောင်ပင်ရှည်ကျေးရွာတွင် လူဦးရေ ၁၀၅ ဦးအတွက် ငွေကျပ် ၃၃၀၉၀၀၀၀၊ မောင်းထောင်ကျေးရွာတွင် လူဦးရေ ၈၄ ဦးအတွက် ငွေကျပ် ၃၃၂၀၀၀၀၀၊ စာရေးကျေးရွာတွင် လူဦးရေ ၁၃၉ ဦးအတွက် ငွေကျပ် ၃၅၁၀၀၀၀၀၊ မယ်ဇလီချောင်းကျေးရွာတွင် လူဦးရေ ၂၁၄ ဦးအတွက် ငွေကျပ် ၃၄၉၀၀၀၀ စုစုပေါင်း ကျေးရွာ၁၁ရွာအတွက် ငွေကျပ်သိန်းပေါင်း ၁၆၉၂၉၀၀၀၀ တို့အား အသီးသီးထုတ်ချေးပေးခဲ့ပြီးဖြစ်သည်။

အဆိုပါ မြစိမ်းရောင်စီမံကိန်း၀င်ကျေးရွာများအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးမွန်ထက်နှင့် ဝန်ထမ်းများက အောက်တိုဘာ ၂၁ ရက် နံနက် ၈ နာရီက ကွင်းဆင်းကြည့်ရှုခဲ့ပြီး ကျေးရွာကော်မတီအဖွဲ့များ၊ ကျေးရွာပြည်သူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းစသည့်လုပ်ငန်းရပ်များကို လုပ်ထုံးလုပ်နည်းဥပဒေများနှင့်အညီ အရင်းမပျောက်လည်ပတ်နိုင်စေရန် ဆွေးနွေးပေးခဲ့ကြကြောင်း သိရသည်။ **စော်မြင့်နိုင်**

ပေးချိမကုန် လျှုချိမခန်း ဇောတိက ကထိန်သက်နန်း

တရုတ်စိုင်ငံစွန်စုံ L ဆိုဒ် (ရိုးရိုး)	၉၅၀၀	အင်ဒိုနီရှင်းယမ် L ဆိုဒ် (ကြေတ်ဓါးခွဲ)	၂၀၀၀၀	ဂျပန်လီနင်စွန်စုံ (လိပ်ပြာ) L ဆိုဒ် (ကြေတ်ဓါးခွဲ)	၃၅၀၀၀
ကိုရီးယားစိုင်ငံစွန်စုံ L ဆိုဒ် (ရိုးရိုး)	၁၁၀၀၀	ဗီယက်နမ်ဘုရားမှတ်တိုင် (ဝိန္ဒ) L ဆိုဒ် (ကြေတ်ဓါးခွဲ)	၂၀၀၀၀	သရီလင်္ကာယမ်စွန်စုံ(သေနတ်သုံးလက်) L ဆိုဒ် (ကြေတ်ဓါးခွဲ)	၃၅၀၀၀
ကိုရီးယားစိုင်ငံစွန်စုံ L ဆိုဒ် (ကြေတ်ဓါးခွဲ)	၁၃၀၀၀	ဂျပန်စိုင်ငံစွန်စုံ (ဘိုမ) L ဆိုဒ် (ကြေတ်ဓါးခွဲ)	၂၇၀၀၀	သရီလင်္ကာယမ်စွန်စုံ(ဘိုမ-၃၃၃) L ဆိုဒ် (ကြေတ်ဓါးခွဲ)	၃၅၀၀၀
စက်ပူစိုင်ငံစွန်စုံ L ဆိုဒ် (ကြေတ်ဓါးခွဲ)	၁၅၀၀၀	ဂျပန်စိုင်ငံစွန်စုံ (ဘိုမ) LL ဆိုဒ် (ကြေတ်ဓါးခွဲ)	၃၀၀၀၀	ဂျပန်မာတင်ဒွန်စုံ (ဘိုမ) L ဆိုဒ် (ကြေတ်ဓါးခွဲ)	၃၅၀၀၀
ယိုးဒယားစိုင်ငံစွန်စုံ L ဆိုဒ် (ကြေတ်ဓါးခွဲ)	၂၀၀၀၀	အင်တာနက်ဒွန်စုံ (ဘိုမ) L ဆိုဒ် (ကြေတ်ဓါးခွဲ)	၃၀၀၀၀	ဂျပန်မာတင်ဒွန်စုံ (ဘိုမ) LL ဆိုဒ် (ကြေတ်ဓါးခွဲ)	၃၇၀၀၀

"အဆင့်မြင့် အထူးစပါယ်ရှယ် ကထိန်သက်နန်းများ"

ရူပါကင်း CCC ကော်တွန်ချည်သား L ဆိုဒ် (၂ကြေတ်ဓါးခွဲ)	၇၀၀၀၀		
ရူပါကင်း GGG ကော်တွန်ချည်သား L ဆိုဒ် (၂ကြေတ်ဓါးခွဲ)	၁၀၀၀၀၀		
ရူပါကင်း AAA ကော်တွန်ချည်သား L ဆိုဒ် (၂ကြေတ်ဓါးခွဲ)	၁ ၂၀၀၀၀		
ရူပါကင်း SSS ကော်တွန်ချည်သား L ဆိုဒ် (၂ကြေတ်ဓါးခွဲ)	၁၅၀၀၀၀		
ကြာရိုးချည်သက်နန်း(အင်းလေးကျိုင်းသမ်း)ဒွန်စုံ	၂,၅၀၀,၀၀၀		

ရန်ကုန်မြို့ပေါ်ရှိ ဇောတိကသက်နန်း ပင်ရင်းအရောင်းဆိုင်များ

www.zawtika.com

- ဇောတိက (၁) အမှတ်(၃၅)၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီး။ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၀၀၅၅၁
- ဇောတိက (၂) အမှတ်(၉၇)အေ၊ ဘုန်းကြီးလမ်းအလယ်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၁၂၁၉
- ဇောတိက (၃) အမှတ်(၆၁၆၂)၊ အထက်ကြည်သန့်မြင့်တိုင်လမ်းမကြီး ရန်ကုန်မြို့။ ဖုန်း ၀၁-၉၃၀၇၃၃၊ ၀၉-၂၃၀၇၅၄
- ဇောတိက (၄) အမှတ်(၃၅)၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီး။ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၀၀၅၅၁ ၊ ၀၁-၈၆၀၃၁၂
- ဇောတိက (၅) ၁၅လမ်း ညောင်ပင်လေးစေ့အနီး။ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၂၄၄၂
- ဇောတိက (၆) တာမွေလမ်းဆုံ ရွှေဝဟိုရပ်ရှင်ရုံရှေ့ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁- ၇၀၇၂၅
- ဇောတိက (၇) ပြည်လမ်း ဂိုမင်း လမ်းဆုံ ရိုးမဘဏ်အနီး။ မရမ်းကုန်း။ ရန်ကုန်မြို့။ ဖုန်း ၀၁-၆၅၃၁၃၇
- ဇောတိက (၈) ပုဇွန်တောင်ဥယျာဉ်အိမ်ရာ ပုဇွန်တောင်ရေးအနီး။ ရန်ကုန်မြို့။ ဖုန်း ၀၉-၃၀၇၁၀၀၅
- ဇောတိက (၉) AKK Shopping Mall အနီး ကျိုက္ကဆံဘုရားမှတ်တိုင်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၈၅၀၀၉၃
- ဇောတိက (၁၀) မြန်မာဘစ်ရွှေ့ရေးဝယ်စင်တာ ၈၅ ရေတာရှည်လမ်းဟောင်း ရန်ကုန်မြို့။ ဖုန်း ၀၁-၅၅၂၉၂
- ဇောတိက (၁၁) ဘစ်ရွှေ့ရေးဝယ်စင်တာ၊ (၉၄၆)၊ သုဝဏ္ဏလမ်း၊ မ/ဥက္ကလာ၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၉၆၉၂၂၃
- ဇောတိက (၁/ဥက္ကလာ) (၁၄၅/က)၊ ပါရမီလမ်း ပါရမီအလေးပြေးရွှေ့ ၁/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၄၃၃၂၆၇
- ဇောတိက (၀/ဥက္ကလာ) ဒေဟသီလမ်း၊ မ/ဥက္ကလာ(ရှေ့)ရေးအနီး၊ မ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၃၃၁၆၆၄၃
- ဇောတိက (ငယ်ကုန်း) တိုက် (၁၇-အေ)၊ ပဒုမ္မာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၃၃၁၆၆၄၃
- ဇောတိက (သိမ်ကြီးဈေး) ၅၇၊ ကုန်ရေးတန်းလမ်း၊ သိမ်ကြီးဈေးအနီး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၀၇၉၂၅
- ဇောတိက (အင်းစိန်) အမှတ်(၉)၊ လိုင်မြစ်ကမ်းလမ်း၊ အင်းစိန်ဈေးကြီးရှေ့ အင်းစိန်မြို့နယ်။ ဖုန်း ၀၉ ၃၃၅၅၅၂၁
- ဇောတိက (ဘုရင့်နောင်) (၁၁၀)၊ သမိုင်းဘုတာရုံလမ်း(သမိုင်းသုံးကျော်တံတားနှင့် ဘုရင့်နောင်တံတားကြား)မရမ်းကုန်းမြို့နယ်။ ဖုန်း ၀၉-၃၂၂၁၂၁၂
- ဇောတိက (ဒဂုံဆင်ယာ) အဆောင်(တ)၊ အခန်း(၄)၊ အုံလမ်း အလေးပြေးဝင်း မင်္ဂလာဘုံမြို့နယ်။ ဖုန်း ၀၁ ၆၃၇၂၂၆
- ဇောတိက (ပြည်သူ့ရင်ခွင်) အမှတ်(ဂို ၁၆)၊ ဦးစံဓာရလမ်း အုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၃၂၀၇၅၃
- ဇောတိက (ယွန်းလေး) အမှတ် (၈၄၇)၊ ၈၀ လမ်း ၄၅လမ်းနှင့် ၄၆လမ်းကြား မန္တလေးမြို့။
- ဇောတိက (ငလုပ်ကျော်) ၅၀၁၊ ရာဇဘုန်းလမ်း ရွာကောက်ရပ်၊ ဖျာပုံမနားမြို့။ ဖုန်း ၀၉-၄၉၂၇၇၅၂

Hot Line - 01-8603129, 01370792, 09-799888667

"ဝိနယောနာမဗုဒ္ဓသာသနသုဿာယ" ဝိနည်းတော်သည် ဗုဒ္ဓသာသနာတော်၏ အသက်ဖြစ်ပါသည်။

ကထိန်ထင်နန်းလျှုဒါန်းခြင်းထည် ဝိနည်းဒေသနာတော်အရ လျှုဒါန်းခြင်းဖြစ်ပါသည်။ ကထိန်သင်္ကန်းလျှာဝိတ်စရွေးချယ်ခြင်း၊ ဆေးဆိုးခြင်း၊ ထင်နန်းလျှာဝိတ်စ ဖြတ်တောက်ခြင်း၊ ထင်နန်း ချုပ်လုပ်ခြင်း၊ ကထိန်ထင်နန်း ဝယ်ယူလျှုဒါန်းခြင်း ကိစ္စရပ်များအားလုံးတို့ဆည် ဝိနည်းကိစ္စများဝပ်ဖြစ်ပါသည်။

နေပြည်တော် ရာဇဘုန်းလမ်းတွင် ဇောတိကသက်နန်း ပင်ရင်းဆိုင်ခွဲ ဖွင့်လှစ်လိုက်ပါပြီ။

ဟန်းဂု (HANGUK) ကိုရီးယားဘာသာစကားသင်တန်း

အထူးသင်တန်းစကြား (၁) သိန်းကျပ် (အပြတ်)EPS

စနစ်ဖြင့် ကိုရီးယားနိုင်ငံတွင် အလုပ်လုပ်ပြီးလစာ

(၁၅) သိန်းနှင့်အထက် ရရှိနိုင်မည့် အခွင့်အလမ်း

www.facebook.com/HANGUK Korean Languages Center

09-784899914,09-784899915

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

BONGO 850KG ဓာတ်ဆီ 2009 MT PS AC (ပဲခူး-125သိန်း)/HIJET 2008 MT PS AC (ပဲခူး-၈၇သိန်း)/HIJET 2006 AT PS AC(ပဲခူး-၉၂သိန်း)/HIJET 2006 MT PS AC (ပဲခူး-၈၃သိန်း)

CARRY 2006MT PS AC(ပဲခူး-၇၅သိန်း)/CARRY 2006 AT PS AC (မန်း-၈၃သိန်း)

စုံစမ်းရန် -၀၉-၇၃၁၂၈၂၀၆ ရန်ကုန်(တောင်ဥက္ကလာ)

အရောက်ပို့

ညှောမထဆန်(၁)အိတ် ၁၈၀၀၀/ ကြက်သွန်နီ ၈၀၀/ ၊ ၆၀၀/- (၁၀-ပိဿာ ပို့သည်)

09 785108316, 09 962501295

ကားရောင်းမည်

- RVR/ပြာမြို့	300-350 L
- KLUGER / 2004 ဘနက်	300 L
- CRV (2006)/RAV-4/ဂုလ်	360-260 L
- ALPHARD(05)/NOAH(03) ၆ဒွ	425-225 L
- MARK II/ဝရွင်ဆော့ပြောင်းဇင်၊ ဂုလ်	225-240 L
- TOYOTA/AXIO/နက်ဖရွေ့	200/210 L
- BELTA /CIVIC/RACTIS	135-165 L
- FIT/SHUTTLE/INSIGHT/ဇရုပ်ပုံ	130-175 L
- SWIFT/COLT-PLUS/COIT	140-100 L
- TOYOTA FIELDER (10)	220 L
- CANTER 16', ISUZU ELF 10'	260-160 L

ကားဝယ်သည်/အလဲအထပ်ရသည်။

09-5108316, 09-97-5108316

ဝီးပွားခရေးနှင့် အိမ်မြဲမြေအချက်အလက်အများဆုံးပါဝင်သောဂျာနယ်

ရွှေဆင္ဂ်ာ ဂျာနယ်

Volume:5 issue:40 23 Oct 2016 (တနင်္လာ)

City Mart နှင့် Super Market များတွင်ရွှေဆင္ဂ်ာဂျာနယ်ကို အလွယ်တကူဝယ်ယူရရှိနိုင်ပါသည်။

- အဆင့်မြင့်အိမ်ရာများပြားလာ၍ ကွန်ဒိုအဂူးရေးကွက်ကျဆင်း
- စလစ်မြေကွက်များအရောင်းအဝယ်ဖြစ်လာ
- တန်ဖိုးနည်းအိမ်ရာခေးငွေကို (၁၅)နှစ်အထိထုတ်ချေးမည်
- နိုင်ငံပိုင်အိမ်ရာတိုးရန်မှ (၅)နှစ်တာကြိုတင်သုံးသပ်မည်
- ကားဝယ်ရောင်းစေးကွက်ပြိုင်ဆိုင်မှုပြင်းထန်လာနိုင်
- မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို အတည်ပြုပြဋ္ဌာန်း
- အရောင်းအဝယ်အားကောင်းစပြုလာတဲ့ မြန်မာ့အိမ်ခြံမြေစေးကွက်
- မြောင်နင့်ကန်ထရိုက်တာအထပ်ပိုဆောက်ကြတာဇင်ကြေဆောင်မှစိတ်အေးရမှာ
- အခြေပိုင်နေတဲ့ စက်ပူအိမ်ရာစေးကွက်

အိမ်ခြံမြေ ရောင်း/ဝယ်/ငှားအချက်လက် ၂၀,၀၀၀+

အပတ်စဉ် တနင်္ဂနေနေ့တိုင်းထွက်နေပါပြီ

ကြော်ငြာများထည့်သွင်းလိုပါက - ၀၁-၅၃၀၂ ၊ ၀၉-၄၃၁၅၄

ACE® PE WATER TANK

KOREA HI-TECH

- ရေညှိတက်ခြင်းနှင့် ဘက်တီးရီးယား ပိုးမွှားအန္တရာယ် လျော့နည်းအောင် စီမံထားပါသည်။ Silver Nano treated BACTECIDE®
- သောက်သုံးရေနှင့် အစားအသောက်ပစ္စည်းများ သိုလှောင်ရန် ၁၀၀% အထူး သင့်လျော်ပါသည်။ (အမေရိကန် FDA လက်မှတ်ရ ကိုရီးယား ကုန်ကြမ်း)
- နှစ်(၃၀)အာမခံပါသည်။
- Chemical Tank အဖြစ်အသုံးပြုလိုပါက သီးခြားမှာယူနိုင်ပါသည်။

နည်းပညာအသစ်ကြောင့် ကျန်းမာရေးနှင့် ညီညွတ်သည် ခိုင်ခံ့သည်



anti-bacteria မပြုလုပ်မီပုံ — anti-bacteria BACTECIDE® ပြုလုပ်ပြီးပုံ

HORIZONTAL TYPE (အလျားလိုက်)

70, 110, 170, 220, 250 GAL

VERTICAL TYPE (ဒေါင်လိုက်)

70, 110, 170, 220, 250, 400, 500, 600, 800, 1000, 1500, 2000 GAL

ရန်ကုန်မြို့တွင်း အရောက်ပို့ပေးပါသည်။

Ph: 01 684743, 09 73094221, 09 450048469

အမြို့မြို့အနယ်နယ်ရှိ ကိုယ်စားလှယ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

ကရင်ပြည်နယ်အစိုးရအဖွဲ့ စီမံကိန်းဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ် ကော့ကရိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး(၇၅ ပေ × ၃၅ ပေ) RC(နှစ်ထပ်)တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ စေးပြိုင်အဆိုပြုလွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား ကုမ္ပဏီ၊ လုပ်ငန်းရှင်ကိုယ်တိုင်(သို့မဟုတ်) ၎င်းတို့၏ တရားဝင်ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်ခံရသူက ဝယ်ယူခွင့်ရှိသည်။

၃။ စေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့် ပုံစံများအား တစ်စုံလျှင် ကျပ် (၁၀၀၀၀/-)နှုန်းဖြင့် ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံး ဘားအံမြို့တွင် ၃၁-၁၀-၂၀၁၆ရက်မှ စ-၁၁-၂၀၁၆ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူရရှိနိုင်ပါသည်။

၄။ စေးပြိုင်အဆိုပြုလွှာ တင်သွင်းပုံစံကို တရားဝင်ဝယ်ယူထားသူများ၏ အဆိုပြုလွှာများကို သာလက်ခံမည်ဖြစ်ပြီးစေးပြိုင်အဆိုပြုလွှာတင်သွင်းသည့် ပုံစံသည် မူရင်းစေးပြိုင်အဆိုပြုလွှာတင်သွင်းသည့် ပုံစံဖြစ်ရပါမည်။

၅။ စေးပြိုင်အဆိုပြုလွှာများကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဘားအံမြို့ ထံ လိပ်မူ၍ ၁၁-၁၁-၂၀၁၆ ရက် ညနေ ၄ နာရီထက် နောက်မကျစေဘဲ တင်သွင်းရမည်။

၆။ စေးပြိုင်အဆိုပြုလွှာဖွင့်ပွဲကို ၁၇-၁၁-၂၀၁၆ ရက် နံနက် ၁၀ နာရီတွင် ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဘားအံမြို့၌ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက ဖုန်း ၀၅၈-၂၁၆၈၃၊ ၀၉-၂၅၅၉၂၆၇၁၁ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစီစစ်ရေးအဖွဲ့

သမီးများအဖြစ်မှ ဖွန့်လွှတ်ခြင်း

နောင်ချိုမြို့နယ်၊ ဘုတာရပ်ကွက်နေ ဦးအေးမောင်-ဒေါ်ခင်ဝေတို့၏ သမီးများ ဖြစ်ကြသော မမျိုးမျိုးအေး(၁၃/နခတ(နိုင်)၀၅၂၉၇၁)၊ မအေးအေးမွန်(၁၃/နခတ(နိုင်)၁၅၂၉၇၂)၊ မယုယုခိုင်(၁၃/နခတ(နိုင်)၀၇၄၅ ၅၂)တို့သည် မိဘစကားနားမထောင်သည့်အပြင် မိဘအားနေ့စဉ် စိတ်ဒုက္ခပေးနေသောကြောင့် ၎င်းတို့အား ယနေ့မစ၍ သမီးများအဖြစ်မှ အပြီးအပိုင် ဖွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းတို့နှင့် ပတ်သက်သည့် ကိစ္စအဝဝအားလုံးကို လုံးဝတာဝန်ယူမည်မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။

ဦးအေးမောင်-ဒေါ်ခင်ဝေ

ဒီဇယ်လင်း

အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း (10',14',16',18')တားများဖြင့် လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး ဝန်ဆောင်မှုပေးသည်။

01-570307
09-5112729
09-5126394

တိုက်ခန်းရောင်းမည်

ခွင်ဆောင်မှတာ(ရွှေလမ်းမကြီး)ပေါ် (18'x55') ၃လွှာ၊ ရှယ်ပြင်ဆင်ပြီး၊ မြေပိုင်ဆိုင်မှုပါသိန်း(၈၅၀) ၁ဖြတ်လမ်း (20'x40') ၄လွှာ၊ သိန်း (၅၀၀) 09-795302976

တိုက်ခန်းရောင်းမည်

ချမ်းသာအောင်မှတောင်ဥက္ကလာ၊ နေရာကောင်း (19'x55') ကျန်ဒီ၊ ခါတင်လှေကားပါ၊ တိုက်သစ်၄လွှာ၊ ၅လွှာ၊၆လွှာနှင့်စလွှားသိန်း(၆၀၀) 09-795302976

အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၃)၊ မန္တလေး-လားရှိုးလမ်း၊ သစ်ထုတ်လုပ်ရေးရုံးရှေ့၊ အမှတ်(၄၇/ခ)၊ အကွက်အမှတ်(၅)၊ ဧရိယာ(၀.၅ ၅၃)ကေရှိမြေမှာ ကျွန်တော်၏ မိဘများ ကွယ်လွန်ပြီးနောက် မိခင်၏ အစ်မဖြစ်သူ ဒေါ်ချန်ဒရာမယာနှင့် သားသမီးများဖြစ်သော(၁)ဒေါ်ကွမ်းသီး(၂) ဒေါ်အေးကူမာရီ(၃)ဝန်ရာရန်(၄)သက်ထွန်း(၄)လက်ခ်မီး(၆)မပုလဲ(၅)ပါရမီမား (၆)ရာဇာထွန်း(၇)ရာသီတာ(၈)ဦးအမည်ဖြင့် အမည်ပေါက်ပိုင်ဆိုင်သော အမွေဆိုင်မြေ ဖြစ်ပါသည်။ မိဘများ ကွယ်လွန်ပြီးချိန်မှ ယနေ့ထက်တိုင် မောင်နှမများ အမွေဆက်ခံခွဲဝေခြင်း မပြုလုပ်ရသေးပါ။ ထို့ကြောင့် အထက်ဖော်ပြပါ မြေအား အမွေဆိုင် မောင်နှမများ အားလုံး၏ ခွင့်ပြုချက်၊ သဘောတူညီချက်မရရှိဘဲ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လျှုဒါန်းခြင်း၊ ငှားရမ်းခြင်း၊ အမည်ပြောင်း ဆောင်ရွက်ခြင်း၊ အခြားတစ်နည်း နည်းဖြင့် လွှဲပြောင်းရန် ဆောင်ရွက်ခြင်းကိစ္စမှန်သမျှကို ပြုလုပ်မပေးရန်နှင့် ပြုလုပ်မှုများ အား ကန့်ကွက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဂန်ရာရန်(၁)ဦးသက်ထွန်း

အိမ်အမှတ်(၁၄၈)၊ ပြည်တော်သာ(၃)လမ်း၊ ရပ်ကွက်ကြီး(၅)၊ ပြင်ဦးလွင်မြို့။

Ph.D ဘွဲ့ရ ဆရာ/ဆရာမများဦးစီးသော Sharp Study Guide Group

မှတတ္တသိုလ်ဝင်တန်း (၁၀)တန်းအတွက် (၅)လပြတ် သင်တန်းများကို အိမ်တိုင်ရာရောက် (အထူး)လက်ခံ သင်ကြားပေးနေပါသည်။

Ph: 09-420108991
09-73254397

မင်္ဂလာပါ

အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း ပြို့တွင်း/နယ်ဝေးများအတွက် ဈေးနှုန်းချိုသာစွာဖြင့် Box ကားများစုံဖြင့် အလုပ်သမားစစ်စင်ပေးသည်။

09-450042704
09-250095116
09-420096296

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရတနာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-(၃၅)အက်ဖ်၊ မြေကွက်အမှတ်(၆၉/၅၄)ဘီ-၂၊ (၀.၁၁၃) ဧကအကျယ်ရှိ ဒေါ်နန်းဦးခိုင် အမည်ပေါက်သည့် မြေပိုင်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နန်းဦးခိုင် (၁၂/မရက(နိုင်)၀၀၄၉၆၃၁)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်မေရည်စိုးဦး	ဒေါ်မေချောစိုးဦး	ဒေါ်မေဇွန်စိုးဦး
LL.B.D.B.L	LL.B.D.B.L	LL.B.D.B.L.D.L.R
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၁၂)	တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၅၇)	အထက်တန်းရှေ့နေ(စဉ်-၃၆၁၆၅)

စာချုပ်စာတမ်းနှင့် အိမ်ခြံမြေ ဥပဒေအကြံပေးရှေ့နေများ

ခြံအမှတ်(၅၀၅/၆ခ)၊ ပြည်ရိပ်သာလမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်

ဖုန်း - ၀၉-၅၀၅၅၇၇၁၄၊ ၀၉-၂၆၂၅၄၄၄၄၅၅၅၊ ၀၉-၅၁၄၄၁၀၅၃

WE ARE WELCOMING NEW MEMBERS

General Manager
(Local / Expatriate)

- Master degree from an accredited institution in business related field;
- Minimum 4 years experience in managing people for effective output.
- Maintains quality service by establishing and enforcing organization's standards.

Lecturers
(Local and Expatriate)

- Master Degree or Bachelor degree is preferred ,in a related subject from an accredited institution
- Minimum 4 to 2 years of teaching experiences
- Fluency in English

Course Consultant

- ဘဏ္ဍာစုခုနစ္ရိတားပြီး လုပ္မဆက်ဆံရေး ပြေပြစ်ကာ Record Keeping, Documentation ကို စနစ်တကျ စီမံတိန်းသိမ်းနိုင်ပြီး အင်္ဂလိပ်စကား ပြောဆိုနိုင်သူ ဖြစ်ရမည်။

Manager

- စီးပွားရေးနှင့်ပတ်သတ်သော Master ဘွဲ့ရရှိထားသူဖြစ်ပြီး ပညာရေးနယ်ပယ်တွင် အတွေ့အကြုံအနည်းဆုံး (၂) နှစ် ရှိသူဖြစ်ရမည်။
- အင်္ဂလိပ်စာ စကားကျွမ်းကျင်စွာ ပြောဆိုနိုင်သူ ဖြစ်ပြီး ပူးပေါင်းဆောင်ရွက်လိုစိတ်ရှိကာ လုပ္မဆက်ဆံရေး ကောင်းမွန်သူ ဖြစ်ရမည်။

Creative Designer

- တီထွင်ဖန်တီးမှု နှင့် ဆန်းသစ်သော အတွေးအခေါ်ရှိသူဖြစ်ပြီး သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၂) နှစ်ရှိသူ ဖြစ်ရမည်။
- Adobe Photoshop, Adobe Illustrator, Video Editing တို့ကို ကျွမ်းကျင်စွာ လုပ်ကိုင်နိုင်ရမည်။
- MIC ဖစ်ပုံရိပ်နှင့် လိုက်ဖက်လျှော်ညီသည့် ဒီဇိုင်းများကို ဖန်တီးနိုင်သူလည်း ဖြစ်ရမည်။

MIC
Myanmar Imperial College

humanresource.mic@gmail.com

No.1, Zay Myauk Street, Phayar Gyi Ward, Dagon Township, Yangon
09 73210001
09 421100222

ရှေ့အိုးကြီး
ရေကြည်ညိုရုတ် ထေပါတ်ဆက်ရောက် (ရွှေနွားတန်း)
မြေယာ၊ မဲဆောက်၊ ဘားအံ ကုန်းပေါ်
Oct-28, Nov-11 Hotel/Visa-ကျည်(75000)
တောင်ကြီး၊မီးပုံးပျံ့ရှိ ၊Nov-11ရက်
ရိုးရိုး(55000) Hotel ကျည်ဆန်ပြီး 140000
09421073634, 777636630

Summer Asia
ချောင်းသာ (ကားခ)-12000
ကား+စား+တည်း(AC)+ငြိမ်း -30000
ကား+စား+တည်း+ငြိမ်း -25000
* လက်မှတ်အိမ်အရောက်ပို့စနစ် *
* ကားစီးလုံးငှားလက်ခံသည်။ *
Ph:09-797853708,-261879266, -797853705

STI
MYANMAR UNIVERSITY
MBA BBA MED BE
www.stiedu.net
TEL : 507151/52, 377988
09250064451, 0931702299
09420254872

ဦးကျော် သူရ၊ ဒေါ်စွယ်စွယ်ရှိန် စီမံအုပ်ချုပ်သော

ကုံကော်မြေ ပညာရိပ်သာ

၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀ တန်းခွဲများ

၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်အတွက် ကျောင်းအင်လက်ခံနေပါပြီ။

- မြန်မာစာ - ဒေါက်တာမောင်မောင်ဦး
- အင်္ဂလိပ်စာ - ဦးခင်မောင်သိန်း (YUFL)
- သင်္ချာ - ဦးထက်အောင် (YIT)
- စာတုပေ၃ - ဒေါ်ယဉ်ယဉ်အောင်
- ရူပပေ၃ - ဒေါက်တာမောင်မောင်တင်
  ဒေါက်တာနှင်းသီတာငြိမ်း
- ဇီဝပေ၃ - ပါမောက္ခ ဦးစန်းအောင်
- ဘောဂပေ၃ - ဒေါ်တင်တင်သန်း

မတ်လ(၂)ရက်နေ့မှစတင်၍

- ၅၊၆၊၇ - (၁၀) ဦး
- ၈၊၉ - (၁၅) ဦး
- ၁၀ - (၂၅) ဦး

လက်ခံသင်ကြားပေးပါမည်။

ခြံအမှတ် (၆၈)၊ အောင်သပြေလမ်း၊ ကျွန်းလယ်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
(အ.ထ.က(၂)စမ်းချောင်းအနီး)။ ဖုန်း-၀၉ ၇၃ ၂၀ ၉၃ ၂၂၊ ၀၉ ၅၁ ၉ ၅ ၆ ၄ ၅၊ ၀၁ ၅ ၁ ၀ ၁ ၀ ၇

Since 1996
Home
think of house, think at home

ပါကေး အစားထိုး ကြမ်းခင်း

သိတင်းကျွတ်ပွဲတော်
Special Promotion

Buy "Floor" → Get "Wall Covering"
2 ကျင်း → 1 ကျင်း လက်ဆောင်

READY MADE FLOOR

100,000 ကျပ် ဝန်းကျင် မှစတင်၍

** Selected items only ** Terms & conditions apply

အမှတ် (E-11A) လေးထောင့်ကန်လမ်းမကြီး၊ဘီအိုစီမှတ်တိုင်၊သက်နန်းကျွန်း၊ရန်ကုန်မြို့။ ☎ 09-79 700 70 73, 09-79 700 70 83

---

edexcel
Approved Centre No. 93679

MIC Myanmar Imperial College

တက္ကသိုလ်ဝင်တန်း ဖြေဆိုပြီးသူများအတွက်

HND
- Business
- Advertising & Branding
- Hospitality & Tourism

BA
- Business & Management
- Marketing Management
- Tourism Management

+ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူလူငယ်များ အတွက် အခမ်းနားဆုံးအနာဂတ်ကိုဖန်တီးပေးနိုင်မည့် Northampton University - UK မှ တိုက်ရိုက်ပေးအပ်မည့် BA(Hons:) Business & Management, BA(Hons:) Hospitality Management, BA(Hons:)Marketing Mangement ဘာသာရပ်များ

◆◆◆ Leaders For Tomorrow ◆◆◆

မြန်မာနိုင်ငံ၏ အနာဂတ်စီးပွားရေးလုပ်ငန်းရှင်များအတွက်

MBA | DBA

Working in Partnership with
THE UNIVERSITY OF NORTHAMPTON

+ ဘွဲ့ရမြန်မာ့အနာဂတ်လူငယ်ခေါင်းဆောင်များနှင့် လုပ်ငန်းခွင် ၀င်နေသူများအတွက်စာတွေ့လက်တွေ့ လေ့လာမှုများဖြင့် Northampton University (UK) မှ တိုက်ရိုက်ပေးအပ်မည့် စီးပွားရေးဆိုင်ရာ မဟာဘွဲ့ MBA
+ ပြည်တွင်းပြည်ပမှ Professors၊ Lecturers နှင့် အတွေ့အကြုံရှိ စီးပွားရေးပညာရှင်များ
+ နိုင်ငံတကာအဆင့်မှီ တက္ကသိုလ်ကျောင်းဝန်းနှင့် Facilities များ

November Inatake!
09 732 10001
09 4211 00222

အမှတ် (၁) ရေးမြောက်လမ်း၊ ဘုရားကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

---

(၁၀)တန်းဘာသာစုံ
အထူးကြေပ်မတ်ဘော်ဒါ
ဂုဏ်ထူးအာမခံသီးသန့်ဝိုင်း
Phy, Chem, Maths ကို ၉၀ ကျော်ရရစေသည်။
တိုက်ခြေ၊ ကပ်ပည်လမ်း၊ မေဘွားသွန်း ဘာမေ
09-30048155, 09-73229828, 09-261278044

ပစ္စည်းကောင်းကြိုက်သူများအတွက်
ကြံတစ်ချောင်းကို တစ်ချက်တည်းနှင့် အရည်ကုန်အောင်ကြိတ်နိုင်သော
ကိုင်းသုံ့ကိုင်း
အသေးစားကြံရည်စက်
09-73044072, 09-73051935, 09-250494128

---

selfie (ဆယ်လ်ဖီ) ရိုက်ရင်ပိုလှစေတဲ့မိတ်ကပ်

virosava® Brightening BB Balm

မျက်နှာအသားအရောင် မညီမညာဖြစ်ခြင်း၊ ဝက်ခြီအတွက်များခြင်းနှင့် အမည်းအစက်အပြောက်များခြင်းဖြစ်နေသူတွေ၏ မျက်နှာများကို နည်းပါးသွားအောင် ဖုံးအုပ်ညီပေးနိုင်စွမ်းရှိပါသည်။ သင့်မျက်နှာကိုလည်း လင်းလက်တောက်ပင်းမွတ်စေနိုင်စွမ်းရှိ၍ လူအများကြားတွင်ရှိရင်းနဲ့အသက်ထက်နေပျိုပြီး ဆွဲဆောင်မှုအပြည့်ရှိသော * လှတစ်မျက်နှာ * အဖြစ် တင့်တယ်စေနိုင်စွမ်းရှိပါသည်။

လေထောပန်းသီးတံဆိပ် အထူးသတိပြုရန် (ကျား / မ မရွေး သုံးနိုင်သည်)

Apple Production Co., Ltd : အမှတ် (A-29)၊ ဦးဝီစာရလမ်း (၃၄) ဆိုးရဲ့ရပ်ကွက်၊ ခြောက်ခရုတံတားနေ့၊ ရန်ကုန်မြို့
Ph : 09 86 18081, 09 49 316408

မြတ်ဂုဏ်ရောင် ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

အပါယ်တံခါး ပိတ်စေဖို့ ပြေပြေမပတာ ဗုဒ္ဓဂယာသို့ မြတ်ဂုဏ်ရောင်နှင့်သွားကြဖို့

